ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့ (1-5-2014) (၇၈၂၇)

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေသကဲ့သို့ အလုပ်သမားကြီးများကလည်း ပြဋ္ဌာန်းထားသည့် အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ကြစေလို။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အခွန့်ရှည်တည်တံ့နိုင်ရေး လက်တွဲကြိုးပမ်းဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

၂၀၁၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများအား အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိသည့် ကမ္ဘာ့အလုပ်သမားနေ့ အခါသမယတွင် မိမိတို့နိုင်ငံအတွက် မရှိမဖြစ် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများက အလုပ်သမားနေ့အခမ်းအနားများကို ကျင်းပခဲ့ကြရာ နှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အလုပ်သမားနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြရာ ယနေ့သည် မြန်မာနိုင်ငံရှိ အလုပ်သမားကြီးများအတွက် အဓိပ္ပာယ်ပြည့်ဝသော နေ့ထူးနေ့မြတ်အခါသမယဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

မိမိတို့နိုင်ငံသည် ယနေ့အချိန်အခါတွင် ပါတီစုံဒီမိုကရေစီစနစ်သို့ပြောင်းလဲကျင့်သုံးပြီး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အလုပ်သမားကြီးများ၏ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် အကြံဉာဏ်များသည် တန်ဖိုးမဖြတ်နိုင်သော အင်အားစုများဖြစ်ကြပါသည်။

နိုင်ငံတော်မှလည်း အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ပြီး အလုပ်သမားထုတစ်ရပ်လုံး၏ လူမှုဘဝတိုးတက်ကောင်းမွန်စေနိုင်ရေးအတွက် အလုပ်သမားနှင့် အလုပ်ရှင်အကြား အဓိကကျသည့် သင့်တင့်မျှတသော အလုပ်သမားရေးရာ ကျင့်စဉ်များရှင်သန်ကျင့်သုံးနိုင်စေရန် လိုအပ်သော ဥပဒေရေးရာနှင့် မူဝါဒရေးရာများကို မဟာဗျူဟာနှင့် နည်းဗျူဟာရည်မှန်းချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအချိန်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အမှန်တကယ်အလုပ်လိုအပ်သူများကို ကောင်းမွန်သင့်တော်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးနိုင်ရေး၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်အနေဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအနှီးများရရှိစေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက်လည်း အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အလုပ်သမားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးအတွက် တည်ဆဲအလုပ်သမားရေးရာဥပဒေများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ "စံ"များနှင့်အညီ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲသင့်သည်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် ၂၀၁၁ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားရာ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၁၀၉၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ အချို့လုပ်ငန်းများတွင် မြို့နယ်အဆင့်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး အချို့အဖွဲ့အစည်းများကို အဖွဲ့ချုပ်အဆင့်ထိ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ အလုပ်သမားများနှင့် မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေး၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန် နှောင့်နှေးထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်

ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်

နေပြည်တော် ဧပြီ ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၄)အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ရာသီဥတုဖောက်ပြန်ခြင်း၊ ဘူမိပထဝီအနေအထားပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ကြောင့် ဖြစ်ပွားရသည့်သဘာဝဘေးအန္တရာယ်များနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏

ကြေးမုံစာတည်းရှေ့ထောင့် ၁-၅-၂၀၁၄၊ ကြာသပတေးနေ့

ဂုဏ်ပြုထိုက်သည့် အလုပ်သမား

ယနေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများအား အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ ထိုကဲ့သို့သော နေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားကြီးများအားလုံးသည်လည်း ကမ္ဘာ့အလုပ်သမားကြီးများနည်းတူ မိမိတို့နိုင်ငံ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သဖြင့် ယနေ့တွင် နိုင်ငံ့ကိုယ်စား ကြေးမုံသတင်းစာမှ တစ်ဆင့် အလုပ်သမားကြီးများကို ထပ်လောင်းဂုဏ်ပြုလိုက်ပါသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည့် သုံးနှစ်တာကာလအတွင်း လိုအပ်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အတူ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အလုပ်သမားများက ဝိုင်းဝန်းတည်ဆောက်ပေးခဲ့သဖြင့် မြန်မာအလုပ်သမားကြီးများအားလုံးမှာ ဂုဏ်ပြုထိုက်သူများဖြစ်ပေသည်။ မြန်မာအလုပ်သမားကြီးများအားလုံးသည် နိုင်ငံ့လူမှုစီးပွားမြင့်မားတိုးတက်ရေးလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်လာသလို အလုပ်သမားကြီးများ၏ ဝင်ငွေလည်းတိုးတက်လာသည့်အပြင် နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုလာစေပါသည်။

အလုပ်သမားကြီးများက နိုင်ငံ့တာဝန်၊ မိမိတို့လုပ်ငန်းတာဝန်များကို ထိုသို့ကျေပွန်ကြသလို တစ်ဖက်တွင်လည်း နိုင်ငံတော်က အလုပ်သမားများရပိုင်ခွင့်၊ အလုပ်သမားများခံစားခွင့်၊ အလုပ်သမားဥပဒေများနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ထို့အပြင် ဒီမိုကရေစီခေတ်တွင် ပုဂ္ဂလိကလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုပေးထားရာ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ခံစားမှု၊ ရပိုင်မှုတို့ကို ညီညွတ်မျှတမှုရှိစေရန်နှင့် အဆိုပါအလုပ်သမားများနှင့်ပတ်သက်သော ဥပဒေများပြဋ္ဌာန်းမှု၊ အသင်းအဖွဲ့များဖွဲ့စည်းမှုတို့ကို အလေးထားဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းပေါင်း ၁၀၉၂ ဖွဲ့ပင် ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

အချို့လုပ်ငန်းများတွင် အရေးကြီးသည့် အဓမ္မစေခိုင်းမှုပပျောက်ရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတကာဥပဒေနှင့်အညီ အသိပညာပေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရပါသည်။ အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်မတိုင်မီတွင် အဓမ္မစေခိုင်းမှုပပျောက်သွားလိမ့်မည်ဟု ယုံကြည်ထားကြသည်။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် အလုပ်လုပ်နိုင်သောသူများဖြစ်သောကြောင့် အလုပ်လုပ်သူများထဲမှ အလုပ်သမားများ၏ အခွင့်အရေးများကို ဦးစားပေးဆောင်ရွက်ပေးပြီး လူမှုဘဝမြင့်မားအောင် ဆောင်ရွက်နိုင်မှသာ ကုန်ထုတ်စွမ်းအားမြင့်မားပြီး နိုင်ငံတော်လည်း တိုးတက်လာမည်ဖြစ်သည်။

ယခုနှစ်တွင်ကျရောက်သော အလုပ်သမားနေ့သည် ယခင်နှင့်မတူထူးခြားသော အသွင်ဆောင်ပေသည်။ ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းတို့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများတက်ရောက်သည့် အလုပ်သမားနေ့(မေဒေးနေ့)အခမ်းအနားကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် ကျင်းပနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ဆောင်ရွက်နေကြသော အလုပ်သမားများအားလုံး အလုပ်သမားနေ့ဖြစ်ပေါ်လာပုံကို သိရှိနိုင်စေရန်၊ အလုပ်သမားနှင့်ပတ်သက်သော အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ တစ်နှစ်ပတ်လုံး အလုပ်ပိတ်ရက်မရှိဘဲ အလုပ်လုပ်ခဲ့ကြသော အလုပ်သမားကြီးများ စိတ်အပန်းပြေစေနိုင်ရန်နှင့် စိတ်ဖိစီးမှုလျော့ပါးသွားစေရန်တို့ကိုရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများသည် အရေးကြီးပေရာ ထိုလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်နေသည့် အလုပ်သမားကြီးများအနေဖြင့် ဒီမိုကရေစီအနှစ်သာရများ အပြည့်အဝခံစားနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် မေ ၃၀

စွမ်းအင်ဝန်ကြီးဌာနနှင့် Schlumberger ကုမ္ပဏီတို့၏ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Joint Venture economic models၊ Oil and Gas technology competency development and Corporatization Workshop)ကို မေ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယခုအခါ မိမိတို့စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်ကဏ္ဍအား လျှော့ချ၍ ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေသဖြင့် အတွေ့အကြုံကောင်းများ ရရှိနိုင်ကြောင်း၊ ယခု Seminar သို့ တက်ရောက်လာသော လုပ်ငန်း/ဌာနအသီးသီးမှ ဝန်ထမ်းများက သေချာစွာ လေ့လာမှတ်သားနမူနာယူပြီး လက်တွေ့နယ်ပယ်တွင် အသုံးချသွားရန်လိုအပ်ကြောင်း၊ Schlumberger မှ တာဝန်ရှိသူများနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိများ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မိမိတို့ဝန်ကြီးဌာန၏ Corporatization Process အတွက် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၃၀

ရန်ကုန်	ရွှေဈေး	၆၆၀၅၀၀	- ၆၆၁၅၀၀
မန္တလေး	ရွှေဈေး	၆၆၀၃၀၀	- ၆၆၁၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၈. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၃. ၇၂
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၈၀၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၅. ၀၅
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၂၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၇. ၉၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၂၅၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၄၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၅. ၈၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နားလည်မှုစာချွန်လွှာရေးထိုးထားသည့် အဖွဲ့အစည်းများနှင့်ဆွေးနွေး

နေပြည်တော် မေ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပသော ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် ပထမအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ (Coordination meeting between Ministry of Social Welfare, Relief and Resettlement and UN/ INGOs) သို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပြောင်းလဲလာသော ခေတ်သစ်၊ စနစ်သစ်နှင့်အညီ ပြည်သူလူထု အမှန်တကယ်အကျိုးခံစားခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပြုပြင်ပြောင်းလဲစေလိုပါကြောင်း၊ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် စာလွှာများ၏ အရည်အသွေး၊ အကျိုးသက်ရောက်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြန်လည်သုံးသပ်၍ ပြုပြင်စရာများကို ပြုပြင်ပြောင်းလဲပေးစေလိုပါကြောင်း၊ အထောက်အပံ့အပေါ်အခြေခံခြင်း မပြုလုပ်ဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး ထောက်ပံ့ပေးစေလိုပါကြောင်း၊ ထင်သာမြင်သာ ရှိသောလုပ်ငန်းများကို ပိုမိုဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် UN Agencies နှင့် INGOs များမှ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ။

☆ **ဒီမိုကရေစီမှ**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရေးနှင့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သောလူနေမှုအဆင့်အတန်းတစ်ရပ်ကို ရရှိစေရေးစသည့် ရည်ရွယ်ချက်များဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေး လုံခြုံမှုရှိစေရေးအတွက် ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ၊လူမှုဘဝလုံခြုံမှုအစီအစဉ်များကို အလုပ်သမားကြီးများ ခံစားရရှိစေရေးအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အာဏာသက်ဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းဥပဒေသစ်တွင် မူလအာမခံစနစ်နှစ်မျိုးရှိခဲ့ရာမှ အာမခံစနစ်ခြောက်မျိုးအထိ တိုးတက်ပါဝင်လာပါသည်။ အဆိုပါအာမခံစနစ်များမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်အာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်နှင့် အခြားလူမှုဖူလုံရေးအာမခံစနစ်အဖြစ် အိမ်ရာစီမံကိန်းအာမခံစနစ်နှင့် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးပေးသွင်း အာမခံထားသည့် အာမခံစနစ်စသည်တို့ ပါဝင်လာခြင်းဖြစ်ပါသည်။

ယခင်ဥပဒေတွင် အလုပ်သမားငါးဦးနှင့်အထက် လုပ်ကိုင်လျက်ရှိသော အလုပ်ဌာနများကိုသာ အာမခံစနစ်သို့ ဝင်ရောက်ခွင့်ပြုထားသော်လည်း ဥပဒေသစ်အရ အလုပ်ရှင်မရှိဘဲ ကိုယ်ပိုင်အလုပ်ကို တစ်ဦးတည်းလုပ်ကိုင်နေသူများကိုလည်း မိမိဆန္ဒအလျောက်ထည့်ဝင်ကြေးပေးသွင်းပြီး လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ခံစားရရှိစေရေး ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် အလုပ်သမားအများစု၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

အလုပ်သမားများအနေဖြင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးတွင် အဓိကကျသော အဓမ္မခိုင်းစေမှု ပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ်-၂၉ နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ လက်တွေ့ကျင့်သုံးမှုအပိုင်းတွင် ထိရောက်မှုရှိစေရန် နိုင်ငံတစ်ဝန်းလုံး၌ အသိပညာပေးမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးလုပ်ငန်း စီမံချက်ကိုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့်ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစီမံချက်တွင်ပါရှိသော ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေမှုပပျောက်ရေးနှင့်စပ်လျဉ်း၍ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ်-၁၈၂ အား မြန်မာနိုင်ငံအနေဖြင့် လက်ခံကျင့်သုံးမည်ဖြစ်ကြောင်းကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

နိုင်ငံတော်အနေဖြင့် မိမိတို့အလုပ်သမားများ၏ အကျိုးစီးပွားနှင့်အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဖက်မျှတသည့်အကာအကွယ်များရရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း အခြေပြမြေပုံပါ ကျွမ်းကျင်အလုပ်သမားများလွတ်လပ်စွာရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှုပိုမိုမြင့်မားလာတော့မည်ဖြစ်ရာ နိုင်ငံတွင်း၌သာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရတော့မည်ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (Foreign Investment Law)အရ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာမည်ဖြစ်၍ အလုပ်သမားများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကျွမ်းကျင်မှုများရှိရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အလုပ်သမားများ၏ ကျွမ်းကျင်မှုမြင့်တင်ရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာ အကူအညီပေးနိုင်ရေးနှင့် အကာအကွယ်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာလုပ်ကိုင်ကြဖို့လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

မိမိတို့နိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်သည် အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိသည့် လူဦးရေဖြစ်ပါသည်။ သို့ဖြစ်ရာ အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်နေသကဲ့သို့ အလုပ်သမားကြီးများကလည်း ပြဋ္ဌာန်းထားသည့်အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ကြစေလိုပါသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာ အငြင်းပွားမှုများရှိလာပါကလည်း ဥပဒေနှင့်အညီ တင်ပြတောင်းဆိုနိုင်ရေး လိုက်နာဆောင်ရွက်ကြစေလိုပါသည်။

ယခုအချိန်၌ နိုင်ငံတော်မှ အားသွန်ခွန်စိုက်ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်တတ်ခြင်းသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေပါသည်။ ထိုသို့ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်တတ်မှသာ ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို ပြည်သူအားလုံးအပြည့်အဝရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အခွန့်ရှည်တည်တံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများက လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဂျပန်နိုင်ငံ တရားရေး ဒုတိယဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး H.E. Mr. Shinsuke OKUNO ခေါင်းဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းစဉ်များ၊ တရားစီရင်ရေးဆိုင်ရာ ဥပဒေမူကြမ်းများ ရေးဆွဲခြင်းနှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၏ အရည်အသွေးမြှင့်တင်ခြင်းစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် တရားသူကြီးများ၊ ဥပဒေအရာရှိ၊ ရှေ့နေများ ခန့်အပ်ရာတွင် ဆောင်ရွက်သည့် National Bar Exam အကြောင်းများကို မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်၊ ဦးမြသိမ်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

မအူပင် မေ ၃၀

မအူပင်ခရိုင် မအူပင်မြို့နယ် အောက်တုံးကျေးရွာအုပ်စုအတွင်းရှိ အောက်တုံးအခြေခံပညာ အလယ်တန်းကျောင်းနှင့် ဘားမဏီး အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းတို့၏ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့ မုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင်ပြန်/ဆက်)**



❖ ရှေ့ဖုံးမှ

ခေတ် စက်မှုနည်းပညာဆိုင်ရာမတော်တဆမှုများ၊ လုံခြုံရေးနှင့်သက်ဆိုင်သည့်ဖြစ်စဉ်များကြောင့် ဖြစ်ပွားရသည့်၊ လူတို့ဖန်တီးသည့် ဘေးအန္တရာယ်များသည် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်ဘဲ ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ဟူသည့် အဆင့်လေးဆင့် ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးမီ ထူထောင်လျက် တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအပါအဝင် ဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးခြင်း၊ အိုးအိမ်နှင့် အသက်မွေးမှုလုပ်ငန်းများ၊ သီးနှံရိက္ခာများ၊ စားဝတ်နေရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်ဆုံးရှုံးခြင်းများစသည့် ချက်ချင်းလတ်တလော ဆုံးရှုံးမှုများအပြင် အသက်မွေးမှုလုပ်ငန်းအခြေခံများ ပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ထိခိုက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ရေး အစရှိသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေ၏ သဘာဝများ ပျက်စီးခြင်း သောက်သုံးရေ၏ အခြေခံများပျက်စီးခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်းစသည့် ကာလအတန်ကြာ ထိခိုက်မှုများကိုပါ ဖြစ်ပေါ်စေပါကြောင်း။

ပျက်စီးဆုံးရှုံးမှု အတိုင်းအတာသည် (က) သဘာဝဘေးဒဏ်ခံရသော ဒေသ၏ ပျော့ကွက်၊ အားနည်းချက်များ ရှိနေမှုအတိုင်းအတာနှင့် လူနေမှုအစိပ်အကျဲ၊ (ခ) ကြိုတင်စီမံပြင်ဆင်ထားမှုအခြေအနေ၊ (ဂ) ကျရောက်သော သဘာဝဘေးအမျိုးအစားနှင့် ပြင်းအားအတိုင်းအဆ ဟူသည့် အချက် သုံးချက်အပေါ် မူတည်ပါကြောင်း။

၎င်းအချက် သုံးချက်အနက် တတိယအချက်ကို မိမိတို့ ဖန်တီးပြုပြင်နိုင်မည်မဟုတ်သော်လည်း ပထမနှင့် ဒုတိယ အချက်များဖြစ်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် မိမိတို့ပါဝင်ရသည့် အခန်းကဏ္ဍကို လူထုက သိရှိနားလည်ပြီး နိုးကြားစွာ ပါဝင်ပူးပေါင်းမှုဖြင့် ကြိုတင်မြော်တွေးပြင်ဆင်ခြင်းများကိုမူ သုံးသပ်လေ့လာမှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ အသိပညာကြွယ်ဝမှု၊ လုံ့လဝီရိယရှိမှုတို့ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ကျရောက်မှု ဖြစ်စဉ်များနှင့် အတွေ့အကြုံများမှ အကောင်းဆုံးသင်ခန်းစာဖော်ထုတ်လျက် မိမိတို့နိုင်ငံတစ်ဝန်း ဒေသအလိုက် ရေမြေသဘာဝနှင့် ကိုက်ညီသည့် အစီအမံများ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

သဘာဝဘေးခံရသည့် ဒေသ၏ အကျယ်အဝန်းနှင့် ပျက်စီးဆုံးရှုံးမှု ပမာဏအရ အခြေအနေနှစ်မျိုးဖြင့် ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ပထမအခြေအနေမှာ သဘာဝဘေးကျရောက်မှု အရွယ်အစားများအရ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့အနေဖြင့် အဓိကအခန်းကဏ္ဍမှ ဖြေရှင်းဆောင်ရွက်နိုင်ပြီး ဗဟိုမှ ပံ့ပိုးကူညီမှုသာ ဆောင်ရွက်ပေးရသည့်အခြေအနေနှင့် ဒုတိယအခြေအနေမှာ သဘာဝဘေးကျရောက်မှု အရွယ်အစားကြီးမားပြီး ပျက်စီးဆုံးရှုံးမှုများပြားသဖြင့် ဗဟိုက အဓိကအခန်းကဏ္ဍမှ တာဝန်ယူစီမံကွပ်ကဲ လုပ်ကိုင်ရလျက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ ပံ့ပိုးကူညီမှုသာ ဆောင်ရွက်ရသည့် အခြေအနေတို့ပင် ဖြစ်ကြောင်း။

ယင်းအခြေအနေ နှစ်မျိုးအတွက် မျှော်မှန်းလျက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးသည်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့်ယင်း၏ လက်အောက်ခံဌာနများသည်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသည်လည်းကောင်း၊ မြို့နယ်အသီးသီးသည်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာနှင့်အောက်ခြေ အဖွဲ့အစည်းများသည်လည်းကောင်း၊ မိမိတို့ရေးဆွဲထားသည့် စီမံချက်များစံပြုလုပ်ငန်းစည်းမျဉ်းများအတိုင်း လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အလုံးစုံပါဝင်ခြင်း၊ တီထွင်တိုးတက်မှုရှိခြင်း၊ ဘေးဖြစ်နိုင်ခြေပေါ်မူတည်ခြင်း၊ ပေါင်းစည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်းဟူသော ဥပဒေသများကို အခြေခံဖော်ဆောင်သွားရန် ဖြစ်ပါကြောင်း။

အန္တရာယ်ဖြစ်ပွားမှု လျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ခြင်းအပိုင်းတွင် ဘေးအန္တရာယ်အမျိုးအစားအလိုက် ကျရောက်နိုင်သော ဒေသများကို ဖော်ထုတ်ခြင်း၊ ကျရောက်နိုင်သည့် ဘဘာဝဘေး၏ အတိုင်းအဆ၊ သဘာဝဘေး ကျရောက်သောဒေသ၏ လူမှုစီးပွားဘဝအခြေအနေနှင့် အားနည်းပျော့ကွက်များပါ ဖော်ထုတ်လေ့လာပြီး ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများကိုပါ တစ်ပါတည်း ဦးစားပေးအဆင့်လိုက် အလေးထားထည့်သွင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ကြိုတင်ပြင်ဆင်ခြင်းအပိုင်းတွင် ကြိုတင်သတိပေးစနစ်များသတ်မှတ်ခြင်း၊ အချင်းချင်းဆက်သွယ်ရန် သတ်မှတ်ထားသော ဆက်သွယ်မှုစနစ်များ သတ်မှတ်ထူထောင်ပေးခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မီဒီယာများမှ လူထုအားအသိပေးခြင်း၊ အန္တရာယ်ကင်းလွတ်ရာသို့ ကယ်ဆယ်ရွှေ့ထုတ်ရေးအတွက် စီမံချက်ရေးဆွဲလေ့ကျင့်ထားခြင်း၊ အရေးပေါ်ကာလအတွက် လိုအပ်မည့်ရိက္ခာ၊ ရေ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းအစရှိသည်များအား တတ်နိုင်သမျှ အသင့်သိုလှောင်ထားခြင်း၊ မသိုလှောင်ထားနိုင်ပါကလည်း ရနိုင်သောနေရာများနှင့် သယ်ယူပို့ဆောင်နိုင်မည့်အစီအစဉ်များ သတ်မှတ်ထားခြင်း၊ အရေးပေါ်ကာလကွပ်ကဲမှုအဖွဲ့များအား ကြိုတင်ဖွဲ့စည်းလေ့ကျင့်ထားခြင်းများကို ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အရေးပေါ်တုံ့ပြန်ခြင်းအပိုင်းတွင် ရှာဖွေကယ်ဆယ်ရေး၊ အသက်ရှင်ကျန်ရစ်သူတွေ ဆက်လက်အသက်ရှင်သန်စေရန်အတွက် အမိုးအကာအောက် အမြန်ဆုံးရောက်ရှိပြီးနွေးထွေးလုံခြုံသည့် စောင့်ရှောက်မှုရရှိစေရေး၊ အရေးပေါ် ထောက်ပံ့ရေး၊ စားဝတ်နေရေးအတွက် လိုအပ်ချက်များနှင့်အညီ ကူညီထောက်ပံ့မှုပြုရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဘေးသင့်ပြည်သူများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံပြည့်ဝသည့် အခြေအနေရရှိပြီဆိုပါက ၎င်းတို့အတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် ဘဝရရှိစေရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးအပိုင်းတွင် ရည်မှန်းချက် တာဝန်အလိုက် ဆောင်ရွက်သွားရမည့် အဖွဲ့အစည်း၊ ၎င်းတွင် ပါဝင်မည့်ပုဂ္ဂိုလ်များနှင့် တစ်ဦးချင်းတာဝန်၊ ဆက်သွယ်မှုစနစ်၊ အုပ်ချုပ်ထောက်ပံ့မှုပိုင်းဆိုင်ရာ တာဝန်သတ်မှတ်ချက်များ၊ အဆင့်ဆင့်ကွပ်ကဲရမည့် တာဝန်ရှိပုဂ္ဂိုလ်များ စသည်တို့ပါဝင်ရမည်ဖြစ်ပြီး အခါအားလျော်စွာ လက်တွေ့စုဖွဲ့လေ့ကျင့်ရမည့် အစီအစဉ်များလည်း ပါရှိရမည်ဖြစ်ပါကြောင်း။

သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ အသုံးပြုနိုင်မည့် ပစ္စည်းကိရိယာများကို ဖော်ထုတ်သိရှိထားပြီး လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ သဘာဝဘေးအန္တရာယ်ကိုတုံ့ပြန်နိုင်မည့် စွမ်းအားစုများကို အမြဲအဆင်သင့်ဖြစ်နေစေရန် လိုအပ်ချက်တွေ့ရှိပါကလည်း ဖြည့်ဆည်းဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ အရေးကြီးလျှင် သွေးနီးတတ်သည့် ညီညွတ်ရေးစိတ်ဓာတ်၊ ဘေးဒုက္ခရောက်သူကိုကူညီပေးချင်သော လူမှုရေးစိတ်ဓာတ်များကိုလှုံ့ဆော်ပေးပြီး လူထုအားကို စုစည်းရယူဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း။

ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ နှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့၏ လိုအပ်ချက်များကို တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း။

ဘေးဖြစ်သည့်ဒေသမှာ အုပ်ချုပ်ရေးယန္တရား မပျက်ပြား၊ မထိခိုက်စေရေးအတွက် အရန်အုပ်ချုပ်ရေးစနစ်ကိုလည်း စီမံထားရှိပြီး ဘေးသင့်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဘေးသင့်ပြည်သူများလက်ဝယ်သို့ မှန်မှန်ကန်ကန်ရောက်ရှိစေရေးနှင့် အသုံးတည့်စေရန်အတွက်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းစီမံပေးရန် လိုပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ယူစဉ် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်သမ္မတမှ မိန့်ခွန်းပြောကြားရာတွင်လည်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာမည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့်အစီအမံများကို ပြန်လည်သုံးသပ်ကာ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ထည့်သွင်းမိန့်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction - MAPDRR) ကို ၂၀၁၂ ခုနှစ် ဇွန်လမှာ နိုင်ငံတော်အစိုးရမှအတည်ပြုပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွင်း ထိရောက်သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ (Disaster Management Law)ကိုလည်း ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကိုဆက်လက်ရေးဆွဲလျက်ရှိရာ အမြန်ဆုံးထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်တွင် သဘာဝဘေးအန္တရာယ်များကြောင့် “လှေလှော်ရင်းတက်ကျိုး” ဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးထိခိုက်မှုမရှိရအောင် စီမံဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုစက်ဝန်းပါ အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်း၊ ကြိုတင်အသင့်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဟူသည့် အဆင့်လေးဆင့်အတိုင်း ကောင်းစွာကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်မှုလျော့နည်းပြီး ထောက်ပံ့မှုများလည်း မြန်ဆန်ထိရောက်မှာ ဖြစ်သကဲ့သို့ ဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အချိတ်အဆက်မိမိဖြင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အစည်းအဝေးတက်ရောက်လာကြသည့်သူများအနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး မိမိတို့၏ လုပ်ငန်းအတွေ့အကြုံ၊ အသိအမြင်များနှင့်အတူ ရှုထောင့်စုံက တင်ပြဆွေးနွေးပေးကြပါရန်နှင့် တင်ပြဆွေးနွေးချက်များအပေါ် မူတည်ပြီး ချမှတ်ပေးအပ်ခံရသည့် တာဝန်များကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်မကျရောက်မီအဆင့်၊ သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ်အဆင့်နှင့် ကျရောက်ပြီးအဆင့်ဟူ၍ အဆင့် သုံးဆင့်ခွဲခြားထားပြီး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ လျော့ပါးသက်သာစေရေး လုပ်ငန်းများ၊ ရပ်ရွာလူထုစွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ၊ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အလှည့်ကျဖွင့်လှစ်ဆောင်ရွက်ပေးနေပါကြောင်း၊ လူ့အသက် ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသည့် ဖွံ့ဖြိုးမှု အရှိန်အဟုန်များကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့်နိုင်ငံဖြစ်လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူနှင့် တစ်သားတည်း ပူးပေါင်းပြီး ဘက်စုံ၊ ကဏ္ဍစုံ၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများမှ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအား မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကော်မတီဝင်ဝန်ကြီးများမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၌ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

၎င်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားနေ့ကို မထွေး ကြို

ညီမြင့်ထွားထွား
ကြွက်သားပြိုင်းပြိုင်း
အားမာန်လှိုင်းကြွ
ညီညာလှစွာ
ကာယလုပ်သား
ကုန်ထုတ်အားဖြင့်
ဆင့်ပွားတည်ဆောက်
ပန်းတိုင်ရောက်ရန်
လက်မြှောက်ဟစ်ကြွေး
ရဲမာန်ပေး၍
အလုပ်သမားနေ့ကို
မထွေးကြိုမည်
ကိုကြီးလုပ်သား-ပျိုလေးစား။
ရှေ့ဆောင်ဦးရှင်
“မြန်”လမ်းစဉ်၏
ပီပြင်ပြတ်သား
အမှန်တရားဝယ်
လုပ်သားစာပေ
ဖူးပွင့်ဝေ၍
အလုပ်သမားနေ့ကို
မထွေးကြိုမည်
ကိုကြီးလုပ်သား-ပျိုလေးစား။
ဆေးဝါးလည်းကု
ကာကွယ်မှုပေး
ပြုစုထွေးပိုက်
ဂရုစိုက်ကာ
ဖြိုတိုက်ရောဂါ
စေတနာဖြင့်
မြန်မာပြည်ဘွား
ဆေးလုပ်သားရှင်
အင်အားနှင့်ချွေး
လုပ်အားပေး၍
အလုပ်သမားနေ့ကို
မထွေးကြိုမည်
ကိုကြီးလုပ်သား-ပျိုလေးစား။

ယုဝတီခင်ဦး

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရခိုင်ပြည်နယ် ဂွမြို့ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တိပိဋကစက္ခုပါလအဖွဲ့၏ မျက်စိအလင်းအလှူပွဲ အားပေးချီးမြှင့်

နေပြည်တော် ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ ငွေဆောင်ကမ်းခြေ၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် ဂွမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဂွမြို့ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တိပိဋကစက္ခုပါလအဖွဲ့၏ ခရီးစဉ်အမှတ်(၁၄) မျက်စိအလင်းအလှူပွဲသို့ ရောက်ရှိပြီး ဆေးရုံခွဲစိတ်ခန်းအတွင်း အငြိမ်းစားမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးစီးသည့် မျက်စိဆရာဝန်များက မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသပေးမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုလွှတ်တော်နာယကက မျက်စိခွဲစိတ်မှုခံယူပြီးသော လူနာများအား မျက်မှန်များတပ်ဆင်ပေး၍ ဆေးထုပ်များ လိုက်လံပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက မျက်စိအလင်းအလှူပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မိသားစုက တိပိဋကစက္ခုပါလအဖွဲ့၏ ခရီးစဉ်အမှတ်(၁၄) မျက်စိအလင်းအလှူပွဲအတွက် ငွေကျပ်သိန်း ၁၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မျက်စိအလင်းအလှူပွဲအကျိုးဆောင် (၁၁)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရခိုင်ဆရာတော် ဘဒ္ဒန္တက္ကန္ဒပါလက မျက်စိအလင်းအလှူပွဲ အောင်မြင်ဖြစ်မြောက်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်စကားမြွက်ကြားသည်။

ထို့နောက် ဂွမြို့နယ် ဆပ်သွားတိုက်နယ် ကမ်းသာယာကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက နယ်မြေအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဂွမြို့နယ် ရတနာမြိုင် (ကုလားပြင်) အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဒေသခံပြည်သူတစ်ဦးက ကျောင်းအဆင့်မြှင့်တင်ရေးနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဂွမြို့နယ် ကျိန္တလီမြို့နယ်ခွဲသို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။(အပေါ်ပုံ)

ထို့နောက် ဂွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံရွှေအောင်နှင့် မြို့မိမြို့ဖ ဒေါက်တာမောင်မောင်ကြည်တို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျိန္တလီ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်စာကြည့်တိုက် ဖွင့်လှစ်ရန်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာသတင်းထောက်များအား ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမှုကို ထောက်ခံခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာသတင်းထောက်များအား ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမှုကို ထောက်ခံခွင့်ပြုပေးလျက်ရှိရာ လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံတွင် သတင်းဌာနအခြေစိုက်ဖွင့်လှစ်ခွင့်ရရှိထားသော နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များအတွက် (၆)လ အကြိမ်ကြိမ်ပြည်ဝင်ခွင့် (Visa)ထောက်ခံပေးလျက်ရှိပြီး ပြည်တွင်း၌ သက်တမ်းတိုးခွင့်ကိုလည်း (၆)လတစ်ကြိမ် ခွင့်ပြုပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်းအခြေစိုက်သတင်းဌာန ဖွင့်လှစ်ထားခြင်းမရှိသော နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များကို သာမန်ပြည်ဝင်ခွင့် (Visa) (၁)လနှင့် နိုင်ငံတကာအစည်းအဝေးများအတွက် သတင်းလာရောက်ရယူပါက အစည်းအဝေးကျင်းပသည့်ကာလအတွက် လုံလောက်သော အချိန်သတ်မှတ်၍ ပြည်ဝင်ခွင့် (Visa) ထောက်ခံပေးလျက်ရှိသည်။

ယခုအခါ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ဆက်လက်ကျင်းပရန်ရှိသည့် ဝန်ကြီးအဆင့် အစည်းအဝေးများတွင် နိုင်ငံတကာ သတင်းထောက်များအနေဖြင့် သတင်းရယူကြရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် သတင်းဌာနအခြေစိုက်ဖွင့်လှစ်ခွင့်ရရှိထားသော နိုင်ငံတကာသတင်းထောက်များအား မူလသတ်မှတ်ချက်အတိုင်း ပြည်ဝင်ခွင့် (Visa) ထောက်ခံပေးသွားမည်ဖြစ်သည်။ သတင်းဌာန အခြေစိုက် ဖွင့်လှစ်မထားသော နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက်များအတွက်မူ ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမှုအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ပြောင်းလဲတိုးမြှင့်ထောက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်သည်-

(က) တစ်လသက်တမ်းရှိ အကြိမ်ကြိမ် ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမည်။
(ခ) ပြည်တွင်း၌ တစ်လသက်တမ်း နှစ်ကြိမ်သက်တမ်းတိုးခွင့်ရရှိမည်။
(ဂ) ပြည်တွင်း၌ နေထိုင်သတင်းရယူမှု သုံးလပြည့်ပါက မူလပြည်ဝင်ခွင့် (Visa)လျှောက်ထားသည့် သံရုံးတွင် ပြည်ဝင်ခွင့် (Visa) ပြန်လည်ရယူ လျှောက်ထားရမည်။

ပြည်ဝင်ခွင့် (Visa) လျှောက်ထားရာတွင် ပါရှိရမည့် အချက်အလက်များမှာ ပြည်ဝင်ခွင့် (Visa) လျှောက်ထားစာ၊ နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ၊ သက်ဆိုင်ရာ သတင်းဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာ၊ မြန်မာနိုင်ငံတွင် နေထိုင်လိုသည့်ကာလ၊ မည်သည့်နိုင်ငံရှိ မြန်မာသံရုံးတွင် ပြည်ဝင်ခွင့် (Visa) ထုတ်ယူမည် စသည့်အချက်အလက်များဖြင့် လျှောက်ထားကြရမည်ဖြစ်ပြီး နိုင်ငံတကာ သတင်းထောက်များအနေဖြင့် ပြည်ဝင်ခွင့် (Visa) လျှောက်ထားမှုနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၀၆၇-၄၁၂၀၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးစခန်းများ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ GSM စခန်းနှင့် အော်တိုအိတ်ချိန်း၊ ခရမ်းစာတိုက်စခန်းကိုလည်းကောင်း၊ သုံးခွမြို့ GSM စခန်း၊ အော်တိုအိတ်ချိန်းစခန်းနှင့် စာတိုက်စခန်းတို့ကိုလည်းကောင်း၊ သန်လျင်မြို့နယ် ကရင်ဆိပ်GSM စခန်း၊ သန်လျင်မြို့ GSM စခန်း၊ အော်တိုအိတ်ချိန်းစခန်းနှင့်စာတိုက်စခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ကလေးအလုပ်သမားနှင့် ပြဋ္ဌာန်းချက်အမှတ် – ၁၈၂

တင်ကိုကိုနိုင်(မကွေး)

နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ဘက်စုံ၊ ကဏ္ဍစုံပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်အနာဂတ်၏ သားကောင်းရတနာများဖြစ်သည့် ကလေးသူငယ် လူငယ်များ၏အခန်းကဏ္ဍကို မေ့လျော့ချန်လှပ်ထားခဲ့ခြင်းမရှိပေ။ အထူးသဖြင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနေကြရသည့် ကလေးအလုပ်သမားများအတွက် နိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မိဘအုပ်ထိန်းသူများက ဝမ်းရေးအတွက် အရွယ်မရောက်သေးသည့် မိမိရင်သွေးကလေးသူငယ်များကို ခိုင်းစေကြရသည်။ အလုပ်ရှင်များကလည်း အကြောင်းအမျိုးမျိုးကြောင့် ကလေးအလုပ်သမားများ ခန့်ထားလုပ်ကိုင်ကြသည်။ ကလေးသူငယ်အား အလုပ်ခိုင်းစေသည်ဆိုရာ၌ လူကြီးအလုပ်သမားကဲ့သို့ ခိုင်းစေ၍မရ၊ ကန့်သတ်ချက်များရှိသည်။ ကလေး၏ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အကျင့်စာရိတ္တ၊ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာခြင်းမရှိစေရပါ။ ထို့ကြောင့် ကလေးသူငယ်တစ်ဦးအား အလုပ်ခိုင်းစေရာ၌ အသက်အရွယ်ကန့်သတ်ချက်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ အလုပ်ချိန်၊ နားချိန်၊ စားချိန်၊ အားလပ်ရက်၊ အလုပ်အမျိုးအစား၊ လုပ်ငန်းခွင်တည်နေရာ၊ နေ့ဆိုင်း၊ ညဆိုင်း စသည်ဖြင့်ကန့်သတ်ချက်များရှိသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေတို့အရ အသက်(၁၃)နှစ်မပြည့်သေးသောကလေးကို စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနတစ်ခုခုတွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ကိုင်ခွင့်မပြုရပါ။ အကယ်၍ အသက်(၁၃)နှစ်ပြည့်ပြီးသော ကလေးသူငယ်အား အလုပ်ခိုင်းစေလိုလျှင် အလုပ်လုပ်ရန်သင့်လျော်ကြောင်း ဆရာဝန်၏ဆေးထောက်ခံချက်ဖြင့် မိဘအုပ်ထိန်းသူက ခိုင်းစေခွင့်ရှိပြီး အလုပ်ရှင်ကလည်း ဆရာဝန်၏ဆေးထောက်ခံချက်ရရှိလျှင် အလုပ်လုပ်ခွင့်ပြုနိုင်၍ ဆေးထောက်ခံချက်ကို လုပ်ငန်းခွင်တွင် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။ အသက်(၁၅)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသော ကလေးအလုပ်သမားတစ်ဦးအား လူကြီးအလုပ်သမားအဖြစ် ခိုင်းစေရန်သင့်လျော်ကြောင်း ဆရာဝန်၏ဆေးထောက်ခံချက်ရရှိလျှင် ထိုကလေးအလုပ်သမားအား လူကြီးအလုပ်သမားတစ်ဦးအဖြစ် ခိုင်းစေခွင့်ရှိပါသည်။

အလုပ်ချိန်နှင့်ပတ်သက်၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေအရ ကလေးအလုပ်သမားတစ်ဦး၏ တစ်နေ့အလုပ်ချိန်သည် လေးနာရီထက်မပိုစေရပါ။ အားလပ်ချိန်၊ နားချိန်ပေးလျှင် အားလပ်ချိန်၊ နားချိန်နှင့် အလုပ်ချိန်စုစုပေါင်းသည် ငါးနာရီထက်မပိုစေရပါ။ လုပ်ငန်းခွင်တစ်ခုခု၌ အလုပ်လုပ်ပြီးသော ကလေးအလုပ်သမားတစ်ဦးအား ထိုနေ့တစ်ရက်တည်းတွင် အခြားလုပ်ငန်းခွင်တစ်ခုခု၌ အလုပ်လုပ်ခွင့်မပြုရသည့်အပြင် ကလေးအလုပ်သမားတစ်ဦးအား ညနေ ခြောက်နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအတွင်း အလုပ်မခိုင်းစေရ။ အလုပ်လုပ်ခွင့်မပြုရပါ။ အားရက်၊ နားရက်နှင့်ပတ်သက်၍ ရက်သတ္တတစ်ပတ်လျှင် တစ်ရက်ကို လူကြီးအလုပ်သမားများနည်းတူ အလုပ်ပိတ်ရက်အဖြစ် အနားပေးရမည်ဖြစ်သည်။ ဤနေရာတွင် ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေအရ အကျုံးဝင်သော ဆိုင်၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ အလုပ်တိုက်တို့တွင် လုပ်ကိုင်နေကြသော ကလေးအလုပ်သမားများအား လုပ်ခဖြတ်တောက်ခြင်းမပြုဘဲ အားလပ်ရက်ပေးရမည်ဖြစ်ပါသည်။ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခံစားခွင့်များမှာမူ လက်ရှိတည်ဆဲ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေအရ လူကြီးအလုပ်သမားများနည်းတူ ခံစားခွင့်ရှိပါသည်။

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေအရ လည်ပတ်နေသော စက်ကိရိယာ၌ သို့မဟုတ် ထိုစက်ကိရိယာအနီး၌ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေတတ်သော စက်ကိရိယာများ၌ ကလေးအလုပ်သမားများခိုင်းစေခြင်းကို တားမြစ်ထားသည်။ ကလေးအလုပ်သမားများအား ကိုယ်ခန္ဓာကို ထိခိုက်နာကျင်စေမည့် လက္ခဏာရှိသော အလွန်လေးလံသည့်ဝန်ချိန်ကို ပင့်ရန်၊ သယ်ယူရန်၊ ရွှေ့ပြောင်းရန် မခိုင်းစေရပါ။ လုပ်ငန်းခွင်တစ်ခုတွင် လုပ်ရသည့်အလုပ်သည် လူ၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်စေမည့် သို့မဟုတ် လူကို အဆိပ်သင့်စေမည့် သို့မဟုတ် ရောဂါဖြစ်စေမည့် လက္ခဏာရှိသည့် အလုပ်တွင်ကလေးများအား ခိုင်းစေခြင်းကို တားမြစ်ထားပါသည်။

ထို့ကြောင့် ကလေးသူငယ်များအားအလုပ်ခိုင်းစေရာ၌ ထိုကလေးသူငယ်၏ ကိုယ်ကို၊ စိတ်ကို၊ ဂုဏ်သရေကို ထိခိုက်နာကျင်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် လူမဆန်ရက်စက်စွာ ခိုင်းစေခြင်းများ မရှိစေရန် နိုင်ငံတကာကျင့်ထုံးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကလေးအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးအလုပ်သမားခိုင်းစေခြင်း ပပျောက်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ "ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်"ကို လက်ခံကျင့်သုံးရန်သဘောတူကြောင်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သို့ အကြောင်းပြန်ကြားခဲ့ကြောင်း သိရသည်။ ပြဋ္ဌာန်းချက် အမှတ် ၁၈၂ ၏အပိုဒ် ၁၀ အရ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းချက်ပါ သဘောတူညီချက်များသည် မြန်မာနိုင်ငံတွင် စတင်အာဏာသက်ဝင်ပြီး နိုင်ငံတော်အစိုးရမှလည်း နိုင်ငံတော်အတွင်း စတင်ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်သည် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့၌ ချမှတ်အတည်ပြုခဲ့သော the Convention on the Right of the Child (CRC) ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို အထောက်အကူပြုအကာအကွယ်ပေးရန်နှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအား ခိုင်းစေခြင်းကို ထိရောက်စွာ တားမြစ်ပိတ်ပင်ပယ်ဖျက်ရန် ထိုမှကလေးလုပ်သားအဖြစ်ခိုင်းစေမှု လုံးဝပပျောက်သွားစေရန်ရည်ရွယ်ပါသည်။ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အား သဘောတူလက်ခံကျင့်သုံးရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အချိန်ယူလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဤပြဋ္ဌာန်းချက်အား မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းပြည်အေးချမ်းသာယာမှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မှုတို့အပေါ်မူတည်၍ လက်ခံကျင့်သုံးဆောင်ရွက်နိုင်သည့်အချိန်တွင် သဘောတူလက်ခံကျင့်သုံးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအပေါ်တွင်သာ အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံသားတစ်ဦးချင်းအပေါ် အာဏာသက်ရောက်မှုမရှိသဖြင့် နိုင်ငံသားတစ်ဦးချင်းအပေါ် အာဏာသက်ရောက်မှုရှိစေရန် အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေများတွင် ပြဋ္ဌာန်းချက်ပါ သဘောတူညီချက်များကို ဥပဒေသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ပြုလုပ်ကြရပါသည်။ သို့မှသာ ပြည်တွင်းဥပဒေများအရ နိုင်ငံသားတစ်ဦးချင်းအပေါ် အာဏာသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ တွင် အပိုဒ်ပေါင်း ၁၆ ခုဖြင့် ပြဋ္ဌာန်းထားပါသည်။ အဓိကကျသည့် စာပိုဒ်များမှာ စာပိုဒ် ၂၊၃၊၄၊၅၊၆၊၇၊ ၈ စာပိုဒ်တို့ဖြစ်ပြီး ပြဋ္ဌာန်းချက်၏ အဓိကဆိုလိုရင်းများကို ဖော်ပြထားပါသည်။ ကျန်စာပိုဒ် ၉ မှ ၁၆အထိမှာ ပြဋ္ဌာန်းချက်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတို့အကြား လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ပါသည်။

ပြဋ္ဌာန်းချက် ၁၈၂ စာပိုဒ် ၂ တွင် ဤ"ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ကလေးဆိုသည်မှာ အသက်(၁၈)နှစ် အောက်ရှိသူကို ဆိုသည်"ဟု ကလေးသူငယ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဤနေရာတွင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (CRC) စာပိုဒ် ၁ တွင်ကလေးဆိုသည်မှာ အသက်(၁၈) နှစ်အောက် လူအားလုံးကိုဆိုသည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တူညီကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂(က) အရ ကလေးသူငယ်ဆိုသည်မှာ အသက်(၁၆)နှစ်မပြည့်သေးသူကိုဆိုသည်ဟူသော ကလေးသူငယ် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အသက်ကန့်သတ်ချက် ကွဲလွဲနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂(က)အရ ကလေးသူငယ်၏ အသက်ကန့်သတ်ချက်ကို ပြဋ္ဌာန်းချက် ၁၈၂၊ အပိုဒ် ၂ ပါ အသက်ကန့်သတ်ချက်နှင့်ကိုက်ညီစေရန် ပြင်ဆင်ဖို့ လိုအပ်ပါသည်။

ပြဋ္ဌာန်းချက် ၁၈၂ ၏ စာပိုဒ် ၃ အရ ကလေးသူငယ်အား အလုပ်ခိုင်းစေရာ၌ အဆိုးရွားဆုံးပုံစံများ (the Worst Forms of Child Labor) ဆိုသည်မှာ-

- ကလေးသူငယ်များအား ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အကြွေးအဖြစ်သိမ်းခြင်း၊ မြေကျွန်၊ ယာကျွန်ပြုခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှု၌ အသုံးပြုရန် ကလေးသူငယ်များအား အတင်းအကျပ် သို့မဟုတ် မရမနေ စစ်သားစုဆောင်းခြင်းအပါအဝင် အတင်းအကျပ်နှင့် မလုပ်မနေရအလုပ်ခိုင်းစေခြင်း စသည်တို့ကဲ့သို့သော ကျွန်ပြုမှုသို့မဟုတ် ကျွန်ပြုမှုနှင့် အလားသဏ္ဍာန်တူသော ပုံစံများအားလုံး၊

> **ကလေးသူငယ်များအား အလုပ်ခိုင်းစေရာ၌ ထိုကလေးသူငယ်၏ကိုယ်ကို၊ စိတ်ကို၊ ဂုဏ်သရေကို ထိခိုက်နာကျင်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် လူမဆန်ရက်စက်စွာ ခိုင်းစေခြင်းများမရှိစေရန် နိုင်ငံတကာ ကျင့်ထုံးများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုပါသည်။**

- ကလေးသူငယ်တစ်ဦးအား ပြည့်တန်ဆာအဖြစ် ရယူခြင်း၊ ပေးအပ်ခြင်း၊ လိင်မှုဆိုင်ရာဓာတ်ပုံများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ လိင်မှုဆိုင်ရာ လှုပ်ရှားပြသမှုများ ထုတ်လုပ်ပြသရာတွင်လည်းကောင်း အသုံးပြုခြင်း၊ ကမ်းလှမ်းပေးအပ်ခြင်း၊
- အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွင်ဖော်ပြထားသည့် တရားမဝင်သောကိစ္စရပ်များ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ကူးသန်းရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်းတို့တွင် ကလေးသူငယ်အား အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းပေးအပ်ခြင်း၊ ရယူခြင်း၊
- ခိုင်းစေသောအလုပ်သဘာဝနှင့် အခြေအနေများအရ ယင်းအလုပ်ကိုလုပ်ကိုင်ဆောင်ရွက်ခြင်းသည် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှု သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေခြင်းတို့ကိုဆိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ပြဋ္ဌာန်းချက် ၁၈၂ ၏စာပိုဒ်(၄)အရ သက်ဆိုင်ရာအာဏာပိုင်သည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ တိုက်တွန်းချက် ၁၉၀ တွင်ပါရှိသည့်အပြည်ပြည်ဆိုင်ရာ စံများကိုပါ ထည့်သွင်းစဉ်းစားပြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေသောအလုပ်များ၊ အန္တရာယ်ရှိသော အလုပ်အမျိုးအစားများကို ပြည်တွင်းဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

Nice Fare Travel Co.,Ltd.
Nice FareTravel
Car Parking
Ruby Mart
City Mart

DMA
Crowd Management Course
PRE SEA SHIP'S COOK COURSE
PRE SEA GENERAL STEWARD (G/S) COURSE
SHIP'S COOK UPGRADE COURSE
M.S.C Training Centre
Photoshop
Ph: 09-540 2550 , 09-430 64421

မြန်မာနိုင်ငံ၏ဥပဒေပြုရေးနှင့် ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကို လက်ခံကြိုဆို

နေပြည်တော် ဧပြီ ၃၀

ယနေ့ နံနက် ၈ နာရီခွဲအချိန်တွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား H.E.Mr.Shinsuke OKUNO,Senior Vice Minister of Justice of Japan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံဆွေးနွေးမှုပြုလုပ်ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်က ဦးစွာနှုတ်ခွန်းဆက်စကားပြောကြားပြီး H.E.Mr. Shinsuke OKUNO က မြန်မာနိုင်ငံ၏ဥပဒေပြုရေးနှင့် ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကို လက်ခံကြိုဆိုပါကြောင်း၊ မြန်မာ့ နိုင်ငံရေးတိုးတက်လာတာကို တွေ့မြင်နေရပါကြောင်း၊ ဂျပန်နိုင်ငံ၏ Minstry of Justice မှလည်း ယင်းကိစ္စရပ်များကို စိတ်ဝင်စားမှုရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ဥပဒေရေးဆွဲရေး၊ ဥပဒေပြင်ဆင်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍အကူအညီများပေးလိုပါကြောင်း ပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ လက်ရှိဥပဒေပြုရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်ပေးရသည့် အခန်းကဏ္ဍများကို ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီးနောက် ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့် အတူ ညွှန်ကြားရေးမှူးဦးကျော်ဆန်းနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(အင်းလေး)မှ ဘက်စုံပညာထူးချွန်လူငယ်များ လေ့လာရေးခရီးစဉ်များစတင်

ညောင်ရွှေ ဧပြီ ၃၀

ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(အင်းလေး)ရှိ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် ဧပြီ ၂၉ ရက်နံနက်ပိုင်းမှစ၍ လေ့လာရေးခရီးစဉ်များတွင် အားတက်သရောပါဝင်လုပ်ဆောင်နေကြပြီ ဖြစ်သည်။

နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် အင်းလေးဒေသတစ်ခွင်သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြရာ နံနက် ၈ နာရီခွဲခန့်တွင် ရေပေါ်ဈေးအနောက်ဘက် ဟဲယာရွာမရှိ "စိန်သမာဓိ" မြန်မာ့ရိုးရာငွေထည်လုပ်ငန်းနှင့် အင်းလေးရိုးရာ ချည်ထည်လုပ်ငန်းသို့ ရောက်ရှိကြပြီး ငွေထည်ပန်းထိမ်လုပ်ငန်းခွင်ကို လေ့လာကြသည်။ ပြသထားသည့် ငွေထည်လက်ရာများနှင့် ရှမ်းရိုးရာချည်ထည်များကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် စိန်သမာဓိ လုပ်ငန်းပိုင်ရှင်ဦးစိန်လင်းက မြန်မာ့ရိုးရာငွေထည်လုပ်ငန်းနှင့် ပတ်သက်၍ ဘက်စုံပညာထူးချွန်လူငယ်များကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသားတစ်ဦးချင်းစီအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီခန့်တွင် မြန်မာ့ရိုးရာရက်ကန်းခတ်သံများနှင့် သာယာလှသည့် အင်းပေါ်ခုံကျေးရွာရှိ မြစကြာပိုးထည်လုပ်ငန်းသို့ ရောက်ရှိကြသည်။ ယင်းပိုးထည်လုပ်ငန်းတွင် ကြာပင်မှတစ်ဆင့် ကြာသက်န်းဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို မေးမြန်းလေ့လာကာ ရိုးရာရက်ကန်းလုပ်ငန်းခွင်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ "ကြာသင်္ကန်းတစ်ထည်ရက်လုပ်ပြီးစီးဖို့ဆိုရင် ကြာပင်သုံးသိန်းလောက်လိုပါတယ်။ အစကနေ ကြာသင်္ကန်းဖြစ်တဲ့အထိ တစ်လလောက် လုပ်ဆောင်ရပါတယ်"ဟု အဆိုပါ ပိုးထည်လုပ်ငန်းမှ အမျိုးသမီးကြီးတစ်ဦးက ဘက်စုံထူးချွန်လူငယ်များကို ရှင်းပြသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာလာကြရာ နန့်ပန်ကျေးရွာ အလိုတော်ပေါက်ဘုရားနှင့် နံနက် ၁၁ နာရီခွဲတွင် အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ ရောက်ရှိဖူးမြော်ကြသည်။ ထို့နောက် ပြန်လည်ထွက်ခွာလာရာ ညောင်ရွှေမြို့ အထက(၁)ရှိ ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း (အင်းလေး) သို့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် ရောက်ရှိခဲ့သည်။

စခန်းတွင် ခေတ္တနားနေပြီးနောက် ပြန်လည်ထွက်ခွာလာခဲ့ကြပြန်ရာ ညနေ ၃ နာရီခွဲခန့်တွင် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်ပုံအဆင့်တို့ကို လေ့လာခဲ့ကြသည်။

ထို့နောက် ဘက်စုံထူးချွန်လူငယ်များသည်တောင်ကြီးမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ကြရာ တောင်ကြီးမြို့ အထက(၁)မှ ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး တောင်ကြီး အထက(၁)၌ စခန်းချ တည်းခိုကြကာ ညပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ဘက်စုံထူးချွန်လူငယ်မောင်မယ်များသည် ဧပြီ ၃၀ ရက် နံနက် ၇ နာရီတွင် တောင်ကြီး အထက(၁)တည်းခိုရေးစခန်းမှ ထွက်ခွာကာ ဟိုပုံးမြို့သို့ဖြတ်သန်းစဉ် ဟိုပုံးမြို့နယ်မှ ဒေသခံများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများက လမ်းခရီးတစ်လျှောက်တွင်သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ထမ့်ဆမ်းလိုဏ်ဂူတော်သို့ ရောက်ရှိကြပြီး ဂူအတွင်းရှိ ကျောက်ပန်းကျောက်ခက်များကို လှည့်လည်လေ့လာကြပြီးနောက် စူဠာမုနိလောကချမ်းသာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဘက်စုံပညာထူးချွန်လူငယ်များသည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် တောင်ကြီးဇရိယာကျောက်တလုံးကြီးမြို့နယ်ခွဲအတွင်း တည်ရှိသော မွေတော်ကက္ကူဘုရားသို့ ဝင်ရောက်ဖူးမြော်ကြရာ ကက္ကူကျေးရွာမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက လမ်းဘေးဝဲ/ယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဘက်စုံပညာထူးချွန်လူငယ်များသည် မွေတော်ကက္ကူဘုရားမှ တစ်ဆင့်ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် တောင်ကြီးမြို့ မြို့မဈေးသို့ ရောက်ရှိကြကာ ယင်းမှတစ်ဆင့် ညောင်ရွှေစခန်းသို့ ဆက်လက်ထွက်ခွာကာ ညောင်ရွှေအထက(၁)တွင် တစ်ညတာတည်းခို၍ နောက်တစ်နေ့နံနက်တွင် ခနဲဒေသ၏ထင်ရှားကျော်ကြားသော ပင်းတယရွှေဥမင်ဘုရားနှင့် ကုံလုံဆရာတော်ကြီး၏ စံကျောင်းတော်တို့ကို သွားရောက်ဖူးမြော်လေ့လာကြမည်ဖြစ်ကာ ညနေပိုင်းတွင် ညောင်ရွှေစခန်းသို့ပြန်ကာ မီးပုံပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များ ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း-သက်ထွေး
ဓာတ်ပုံ-ဟိန်းထက်လင်း

ဘက်စုံပညာထူးချွန်လူငယ်များ ဒေသန္တရလေ့လာ

ပုသိမ် ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်အပန်းဖြေစခန်းတွင် အပန်းဖြေရန်နှင့် ဒေသန္တရဗဟုသုတလေ့လာရန် ရောက်ရှိနေသော ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များသည် စခန်းမှူး၊ ကြီးကြပ်သူ ဆရာ ဆရာမများ လိုက်ပါလျက် ဒေသန္တရဗဟုသုတလေ့လာရေးအဖြစ် ငွေဆောင်ဒေသ သဇင်ကျေးရွာသို့ သွားရောက်၍ ငါးဖမ်းလုပ်ငန်းခွင် အဆင့်ဆင့် ဆောင်ရွက်နေမှုကို ကွင်းဆင်းလေ့လာကြသည်။ဆက်လက်၍ သဇင်အထကတွင် ဂျာမနီနိုင်ငံမှ လှူဒါန်းထားသော ပင်လယ်ရေငန်မှ ရေချိုသန့်စင်ထုတ်လုပ်သည့် စက်နှင့်ယူဇနပုစွန်သားဖောက်စခန်းအား သွားရောက်လေ့လာခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် လူရည်ချွန်ဟောင်းကြီးများနှင့်တွေ့ဆုံခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ One Child One Tablet ဆိုင်ရာများကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ညနေပိုင်းတွင် ပင်လယ်ရေချိုးအပန်းဖြေခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါကင်းထောက်မောင်မယ်များ တောစခန်းထွက်၍ တောတောင်ရေမြေသဘာဝများလေ့လာ

သီပေါ ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ် ၂၀၀ တို့သည် ရှမ်းပြည်နယ်ကင်းထောက်နည်းပြဆရာဦးလုံသန်းစံနှင့် ကင်းထောက်ဆရာမ ဒေါ်ရီရီဝင်းတို့ ဦးဆောင်၍ ဧပြီ ၃၀ ရက် နံနက် ၇ နာရီက တောတောင်ရေမြေတို့၏ သဘာဝကိုသိရှိနားလည်ရန်နှင့် စူးစမ်းလေ့လာဆည်းပူးရန်တို့ အတွက် စခန်းချတောစခန်းထွက်ခဲ့ကြသည်။

အဆိုပါ ကင်းထောက်မောင်မယ်တို့သည် တုံစင့်ကျေးရွာသဘာဝအရင်းအမြစ်များရှိရာ နေရာတို့တွင် စခန်းချရပ်နား၍ ရွက်ဖျင်နှင့် တဲအမျိုးမျိုးထိုးနည်းများ၊ ကင်းထောက်ကြိုးချည်နည်းများ သင်ကြားပြသပေးခြင်း၊ မီးမွေးနည်း၊ ရေနွေးကျိုနည်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်၊ ထမင်းချက်၊ ဟင်းလျာချက်ပြုတ်ကြော်လှော်ခြင်းများကို လက်တွေ့ဆောင်ရွက်ကြပြီး နေ့လယ်စာစားသောက်ကာ "ပြည်သူ့အတွက် အစဉ်အသင့်" သီချင်းကို သီဆိုကပြတီးမှုတ်ကြလျက် စခန်းမှပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

☆ ကျောဖုံးမှ

ကျွန်တော်အနေနဲ့ မျှော်လင့်ထားပါကြောင်း အသိပေး ပြောကြားအပ်ပါတယ်။

အရေးကြီးတဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ တစ်နိုင်ငံလုံး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ စာတတ်မြောက်မှုသမိုင်းကို ပြန်ကြည့်ရင် ရှေးဘုရင်များလက်ထက်က ဗုဒ္ဓဘာသာမြန်မာဘုန်းတော်ကြီးများရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရဲ့ စာရေးစာဖတ်တတ်မြောက်မှုဟာ ဂုဏ်ယူလောက်ဖွယ်ရာ မြင့်မားခဲ့ပါတယ်။ သို့သော်လည်း သူ့ကျွန်ဘဝမှာ စာတတ်မြောက်မှုနှုန်းဟာ ၃၅ ရာခိုင်နှုန်းအထိ လျော့ကျသွားတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။

လွတ်လပ်ရေးရရှိနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရပ်ရွာရှင်ပြည်သူများရဲ့ ပိုင်းဝန်းကြိုးပမ်းမှုကြောင့် စာတတ်မြောက်မှုနှုန်း တဖြည်းဖြည်းပြန်လည်မြင့်မားလာခဲ့ပါတယ်။ အခြေခံစာတတ်မြောက်ရေးဖြစ်တဲ့ စာရေးစာဖတ်အတွက် လူတိုင်းစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်မှာ ရန်ကုန်ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသားလေးများက မိတ္ထီလာမြို့နယ်မှာ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ်နဲ့ ၁၉၆၆ ခုနှစ်များမှာ တက္ကသိုလ်ကောလိပ်အသီးသီးတို့မှ လုပ်အားပေးဆရာ ဆရာမများနဲ့ ဖွဲ့စည်းပြီး မြန်မာတစ်နိုင်ငံလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၇၁ ခုနှစ်မှာ ယူနက်စကိုအဖွဲ့က ချီးမြှင့်ခဲ့တဲ့ “မိုဟမက်ရီဇာပါလာဗီ”ဆုနဲ့ ၁၉၈၃ ခုနှစ်မှာ “နိုမာ”ဆုများကို မြန်မာနိုင်ငံမှ ထိုက်ထိုက်တန်တန် ရရှိခဲ့ပါတယ်။

ယခုအခါ ၂၀၁၃ ခုနှစ်က တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေး ဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးတို့ဟာ မြို့နယ် ကိုးမြို့နယ်မှာ စာမတတ်သူဦးရေ ၂၂၀၇ ဦးကို အခြေခံစာတတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခု ၂၀၁၄ ခုနှစ် ဧပြီလအတွင်းမှာလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးတို့မှ လုပ်အားပေးဆရာ ဆရာမ ၄၀၃ ဦး၊ တက္ကသိုလ်ကျောင်းသားကျောင်းသူ ၄၆၆၆ ဦးတို့က မြို့နယ် ၂၉ မြို့နယ်မှာ အခြေခံစာမတတ်သူများ ၆၆၇၃၉ ဦးတို့ကို စာသင်ဝိုင်းများဖွဲ့စည်းပြီး ပညာဒါနအဖြစ် သင်ကြားပေးလျက်ရှိပါတယ်။ အလှမှာ စာမှာရှိဆိုသလို စာတတ်မြောက်ရေးဟာ အရေးကြီးပါတယ်။ စာတတ်မှသာ အမှားအမှန် အကောင်းအဆိုးတို့ကို ဝေခွဲနိုင်ကြမှာဖြစ်ပါတယ်။ ကောလာဟလသတင်းများကိုလည်း ခွဲခြားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပူပြင်းလှတဲ့ နွေရာသီမှာ ကျောင်းပိတ်ရက်အားလပ်ချိန်ကို မြန်မာနိုင်ငံရဲ့ အခြေခံစာတတ်မြောက်ရေးအတွက် ပညာဒါနပေးနေကြတဲ့ တက္ကသိုလ်အသီးသီးက လုပ်အားပေးဆရာ ဆရာမများ၊ လုပ်အားပေးကျောင်းသားကျောင်းသူများကို အထူးပင်ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၄ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာလည်း ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်စွာ ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ စာရင်းများပြုစုခြင်း၊ ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းတွေကို စီစဉ်ချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ “ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်” တည်ဆောက်ရေးနဲ့ အမျိုးသားရေးဖြစ်စဉ်အတွက် အခြေခံကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိလာတဲ့ကိန်းဂဏန်းအားလုံးကို အများပြည်သူ အကျိုးအတွက် ဆောင်တဲ့ အသုံးပြုမှုများမှာသာ ခွင့်ပြုသွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအနေနဲ့ ဧပြီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့် တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ အကြေအလည် ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူညီသည့် တစ်ခုတည်းသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းတစ်စောင် ရရှိရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ယခင်ဆွေးနွေးပွဲများက အတည်ပြုခဲ့တဲ့ ခေါင်းစဉ်များကို အသေးစိတ်အချိန်ယူဆွေးနွေးကြပြီး တစ်ခုတည်းသော သဘောတူညီချက် ပထမမူကြမ်းကို ပြုစုနိုင်သည့် တိုးတက်မှုများ ရရှိခဲ့ပါတယ်။ ဤအခြေအနေသို့ တက်လှမ်းနိုင်ခြင်းသည် နှစ်ဖက်ကိုယ်စားလှယ်များ၏ စေတနာနှင့် ဆွေးနွေးညှိနှိုင်းမှုကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ ဆောင်ရွက်ချက်များကို ပြည်သူများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ... အမျိုးသားရေးဖြစ်စဉ်အတွက် အခြေခံကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်၍ ... အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

✻ ကုလသမဂ္ဂမှ

နိုင်ငံတကာ အဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်ပြုမှုကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ကြသည်။

ထို့ပြင်မကြာသေးမီက ပြုလုပ်ခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကိစ္စနှင့်ပတ်သက်သည့် ဖြစ်ရပ်များ၊ စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အထွေထွေအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အချိန်ကာလအတွင်း မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်ဟု အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နောက်ဆုံးပေါ်နည်းပညာများကို အချိန်နှင့်အမျှမီအောင် လေ့လာနေကြရမည်

နေပြည်တော် မေ ၁၀

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပသော ပင်မ(သုံးထပ်)ကျောင်းဆောင်သစ် ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ပန္နက်တိုင်အား စိုက်ထူပေးခဲ့သည်။ **(အပေါ်ပုံ)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရမည်းသင်း(GTC)ကို ၁၉၉၉ ခုနှစ်၌ စတင်ဖွင့်လှစ်ပြီး ၂၀၁၀ ခုနှစ်တွင် နည်းပညာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ခြင်းများကို တပ်မတော်အစိုးရလက်ထက်တွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကာလက နိုင်ငံတစ်ဝန်းလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုဖွဲ့စည်းပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အထူးမြှင့်တင်ပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍတွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ဆရာအတတ်သင်တက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင် ဆေးရုံများအဆင့်မြှင့်တင်ကာ အထူးကုဘာသာရပ်ဆိုင်ရာ ဆရာဝန်များနှင့် စက်ပစ္စည်းများ ဖြည့်တင်းပေးခဲ့ကြောင်း၊

တက္ကသိုလ်များ များပြားလာသဖြင့် မွေးထုတ်လိုက်သော ဘွဲ့ရများ၏အရည်အသွေးနှင့် ပတ်သက်၍ မည့်ပဲ့ဟုပြောနိုင်ကြောင်း၊ စာသင်သားများ ထူးချွန်ရန်အတွက် ဆရာကဏ္ဍ၊ သင်ကြားရေးဝန်းကျင်ကဏ္ဍနှင့် ကျောင်းသားတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေးအပေါ် မူတည်ကြောင်း၊ ထိုတက္ကသိုလ်ကျောင်းဆင်းများပင် နိုင်ငံတကာပညာရပ်နယ်ပယ်၌ တွင်ကျယ်စွာတာဝန်ထမ်းဆောင်နေသူများ ရှိနေကြောင်း၊ တက္ကသိုလ်တစ်ခု စတင်ဖွင့်လှစ်စဉ် အခက်အခဲရှိနိုင်သော်လည်း စပြီးမဖွင့်လျှင် ဘာမှဖြစ်လာမှာမဟုတ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ရမည်ဖြစ်ကြောင်း၊

တက္ကသိုလ်တစ်ခု၏ ဂုဏ်ရည်သည် သုတေသနရလဒ်ပင်ဖြစ်ကြောင်း၊ သုတေသနရလဒ်ဆိုသည်မှာ သဘာဝတရားတွင်တိမ်မြုပ်နေသော စွမ်းရည်တစ်ခုခုကို လူသားအကျိုးပြုဖြစ်လာအောင် စွမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ သုတေသနရလဒ်တစ်ခုသည် နှစ်ပေါင်းများစွာ အကျိုးပြုနိုင်သည့်အပြင် ၎င်းအပေါ်ဆင့်ကာဆင့်ကာ သုတေသနပြုခြင်းအားဖြင့် လူ့လောကကို အံ့သြလောက်အောင် ပြောင်းလဲသွားစေနိုင်ကြောင်း၊ ထို့ကြောင့် ဆရာများသည် သုတေသနသမားများ၊ သုတေသနဆိုင်ရာလမ်းညွှန်များ ဖြစ်ကြရမည်ဖြစ်ကြောင်း။

ယနေ့အိုင်တီခေတ်တွင် နောက်ဆုံးပေါ် နည်းပညာများကိုလည်း အချိန်နှင့်အမျှမီအောင် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ဘဝတစ်သက်တာ လေ့လာသင်ယူမှုကို ပြုနေကြရမည် ဖြစ်ကြောင်း၊ ရမည်းသင်းခရိုင်သည် စိုက်ပျိုးရေးကို အခြေခံသောဒေသဖြစ်ကြောင်း၊ မိုးခေါင်သည့် ကာလများတွင် စိုက်ပျိုးရေးတစ်ခုတည်းကို မှီခို၍ မရသဖြင့် စက်မှုလက်မှုထုတ်ကုန်အတွက် နည်းပညာများကို ဦးစွာတီထွင်ပေးရန်လိုကြောင်း၊ ထို့အတူ ခရိုင်အတွက် သုတေသနသာမက မန္တလေးတိုင်းဒေသကြီးအတွက်၊ နိုင်ငံတော်အတွက် စသဖြင့်ဆင့်ကဲမြင့်မားသော သုတေသနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အဆောက်အအုံသည် ဒီဇိုင်းလှရန်ထက် လက်တွေ့အသုံးဝင်ရန်လိုကြောင်း။

တက္ကသိုလ်တွင်သင်ကြားနေသော မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာဆိုင်ရာ သုတေသနအလုပ်ရုံများ နေရာပါဝင်ဖို့လိုကြောင်း၊ လုပ်ငန်းအဆင့်တိုင်းမှာ အရည်အသွေးစစ်ဆေးရေးကို ထောင့်စေ့စေ့လုပ်ရန်လိုကြောင်း၊ ထောင့်မစေ့ပါက တာရှည်မခံဘဲ ဖျက်လိုက်ပြင်လိုက်ဖြင့် နှစ်စဉ်ငွေလည်းကုန်၊ အလုပ်လည်းရှုပ်ပြီး ဆောက်လုပ်သည့်ကုမ္ပဏီမှာ ရာသက်ပန်နာမည်ပျက်သွားမည်ဖြစ်၍ အထူးဂရုစိုက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာငွေမှ ပညာရေးနှင့် ကျန်းမာရေးကို အဆပေါင်းများစွာ တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆင်းရဲမှုလျှော့ချရေးအတွက် ဦးစွာပထမ စတင်ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားတွေ ပညာတတ်မှ၊ ကျန်းမာမှ ဆင်းရဲမှုလျော့ကျမည်ကို သိရှိ၍ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရကခွင့်ပြုပေးသည့် ပြည်သူ့ဘဏ္ဍာများ အလေအလွင့်မရှိစေရေး၊ ဆောက်လုပ်ခွင့်ရသည့် ကုမ္ပဏီက သတ်မှတ်စံအတိုင်း ဆောက်လုပ်စေရေးအတွက် ရမည်းသင်းနည်းပညာတက္ကသိုလ်မှ ပညာရှင်များက ဥစ္စာရှင်လို ဥစ္စာရှင်ခဲ စဉ်ဆက်မပြတ်ကြီးကြပ်ပေးရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နည်းပညာတက္ကသိုလ် (ရမည်းသင်း) ခေတ္တကျောင်းအုပ်ကြီး၊ ကြယ်စင်နိုင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တာဝန်ခံ အင်ဂျင်နီယာတို့က တက္ကသိုလ်သမိုင်းနှင့် အဆောက်အအုံဆောင်ရွက်မည့် လုပ်ငန်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က သင်ကြားမှုအဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးများ၊ ကြယ်စင်နိုင်း ဆောက်လုပ်ရေး ဒါရိုက်တာနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ပန္နက်တော်တင် အခမ်းအနားကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(သတင်းစဉ်)**

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

၂၀၁၃-၂၀၁၄ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၀ ဒသမ ၄၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၂၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၉၅၇ ဒသမ ၇၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၁ ဒသမ ၁၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၄၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၆ ဒသမ ၆၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၉၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄၄၂ ဒသမ ၇၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၆၀ ဒသမ ၁၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၀၃ ဒသမ ၉၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၃၂ ဒသမ ၆၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၂၆ ဒသမ ၉၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၅၉ ဒသမ ၅၀ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၅၅ ဒသမ ၅၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်
သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် မေ ၁၀

အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 12th ASEAN Ministers' Meeting Responsible for Information (AMRI) ကိုနှိပ်၍ Registration Link ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေလ ၂၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို အစည်းအဝေး စတင်သည့် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ မြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း-၀၆၇-၇၉၄၄၃ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ ဒေးဒရဲကျွန်းမှ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ကျွန်းပတ်တာ ခုနစ်ခုရှိသည့်အနက် လုပ်ငန်းလိုအပ်ချက်အရ ဒေးဒရဲကျွန်းပတ်တာအတွင်း ယခုနှစ် မိုးမကျမီ စက်ယန္တရားကြီးများ အသုံးပြု၍ မိုးတွင်းအခါ ကျွန်းတွင်း ရေပိုရေလျှံများ နုတ်နိုင်ရန်အတွက် အဓိကရည်ရွယ်ကာ ကျွန်းတွင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ထပ်မံသိရှိရသည်။

“ဒီကျွန်းပတ်တာက ဒေးဒရဲကျွန်းပတ်တာဖြစ်ပါတယ်။ ကျွန်းပတ်တာ အလျားက ၁၃ မိုင်ပါ။ ပြီးခဲ့တဲ့နှစ်ကမိုးများတော့ ကျွန်းတွင်းရေနုတ်တဲ့နေရာမှာ အခက်အခဲရှိတာနဲ့ အခုလိုရေထုတ်အားကောင်းအောင် မြောင်းတူးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာပါ။

ဒေသခံတွေရဲ့ လိုအပ်တယ်လို့ တင်ပြတဲ့ နေရာတွေအပေါ် ကျွန်တော်တို့ဌာနက နည်းပညာ၊ ရန်ပုံငွေနဲ့စေတနာပါစိုက်ထည့်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ အခု လက်ရှိဆောင်ရွက်ပေးနေတာကတော့ ရိုးဟောင်း၊ ချောင်းဟောင်းနဲ့ ကျွန်းတွင်းမြောင်းအလျားစုစုပေါင်း ၁၂ မိုင်နဲ့ ကျင်းပေါင်း ၈၀၀၀၀ ရှိတဲ့လုပ်ငန်းကို တူးဖော်ပေးနေတာဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက ၄၂၇၉ ဧကကို အကျိုးပြုမှာဖြစ်ပါတယ်” ဟု အဆိုပါလုပ်ငန်း တာဝန်ခံ ဦးသိန်းဇော် (ဦးစီးမှူး-မြို့ပြ)က ပြောသည်။

“ဒီကျွန်းပတ်တာအတွင်းမှာ ကျွန်တော့်လယ်ဧက ၁၀၀ ကျော်ရှိပါတယ်။ မိုးများတဲ့နှစ်မှာ စပါးတွေ ရေမြုပ်ပါတယ်။ ဌာနဆိုင်ရာတွေကနေ အခုလို တူးပေးတဲ့အတွက် အရမ်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ လယ်သမားတွေရဲ့ မျှော်လင့်ချက် အိပ်မက်တစ်ခု အကောင်အထည်ဖော်သွားတာဖြစ်ပါတယ်။ ဒီကွင်းကကောက်ကြီး (ဘေးကျား) စပါးအဓိက စိုက်ပျိုးတဲ့စိုက်ကွင်းတွေဖြစ်ပါတယ်။ ဒီနှစ်တော့ ကျွန်တော်တို့လယ်တွေ ရေကြီးနစ်မြုပ်မှုဘေးက သေချာပေါက် လျော့နည်းသက်သာလိမ့်မယ်လို့ယုံကြည်ပါတယ်။ ဆည်မြောင်းဦးစီးဌာနကိုလည်း အရမ်းကျေးဇူးတင်ပါတယ်”ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ကျွန်းတွင်းမြောင်းများ တူးဖော်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေတံခါးများ တည်ဆောက်ခြင်း၊ တာမြှင့်တာဆင့်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မိုးတွင်းအခါ မြစ်ရေကြီးချိန်တွင် စိုက်ဧကများအတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ပြီး ကျွန်းတွင်းရေစီးရေလာပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အဓိကကဏ္ဍဖြစ်သည့် လယ်ယာကဏ္ဍနှင့် အဓိက သီးနှံဖြစ်သည့် စပါးသီးနှံများ ပိုမိုစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ဦးစိုးဝင်း (လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ) ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်၏ ခြုံငုံသုံးသပ်ပြောကြားချက်များအရ သိရသည်။ ■

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Anatoly ANTONOV အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Anatoly ANTONOV နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Vasily Pospelov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူး Col. Dmidry S. GUROV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှုနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်ရေးနှင့် နှစ်နိုင်ငံ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအား ဂျပန်နိုင်ငံ တရားရေးဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား ဂျပန်နိုင်ငံ တရားရေးဒုတိယဝန်ကြီး H.E. Mr. Shinsuke OKUNO ခေါင်းဆောင်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များ၊ တရားဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဦးမျိုးချစ်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ကလေးသူငယ်ရှင်သန်ဖွံ့ဖြိုးရေး အမေရိကန်ဒေါ်လာ ၁၂ သန်း သုံးစွဲမည်

ရန်ကုန် မေ ၁၀

ရခိုင်ပြည်နယ်သည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ဆင်းရဲချို့တဲ့ပြီး လူနေမှုဘဝနိမ့်ကျနေသည်ကို တွေ့ရကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကလေးများသည် ဆင်းရဲချို့တဲ့မှုနှင့် ပညာရေးအနိမ့်ဆုံးရှိနေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ဒေသခံ ကလေးသူငယ်များသည် စိုးရိမ်ဖွယ်ရာအခြေအနေများတွင် နေထိုင်နေရကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၏ ဘဝမြှင့်တင်ရန် မဟာဗျူဟာကျသော ဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများမှ ကောင်းမွန်သောရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်းဖြင့် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ မီကာဆာဟိုတယ်၌ ပြုလုပ်သည့် ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပွဲ အခမ်းအနားတွင် UNICEF Representative to Myanmar မှ Mr. Bertrand Bainvel က ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြည်နယ်အဆင့်အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကလေးသူငယ်ရှင်သန်ဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် ၂၀၁၄ ခုနှစ် မေလမှ စတင်၍ နှစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း Chief of UNICEF Sittwe Field Office မှ Ms.Yosi Burckhardt က ပြောကြားသည်။

ရခိုင်ပြည်နယ်သည် လူဦးရေစုစုပေါင်းသုံးသန်းခန့်နေထိုင်ပြီး ၈၄ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မုန်တိုင်း၊ ဆိုင်ကလုန်းနှင့် ရေကြီးမှုဒဏ်စသည့် သဘာဝဘေးအန္တရာယ်များ အမြဲတမ်းရင်ဆိုင်နေရသောပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)မှ ၂၀၀၀ ပြည့်နှစ်အစောပိုင်းမှစ၍ ကူညီထောက်ပံ့ပံ့ပိုးမှုပေးသောလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း၊ ကလေးသူငယ် ရှင်သန်ဖွံ့ဖြိုးရေးနှင့်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အစိုးရနှင့် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

(နေလင်း)

Singapore Lions XII အသင်းကို နေပြည်တော် အနိုင်ယူ

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ကစားရန် ရောက်ရှိနေသည့် Singapore Lion XII အသင်းနှင့် မြန်မာနေရှင်နယ်လိဂ် ကလပ် နေပြည်တော်အသင်းတို့သည် ယနေ့ ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားသည်။

နေပြည်တော် - တစ်ဂိုး
(အောင်ကျော်နိုင်)
Singapore Lion XII - ဂိုးမရှိ

စင်ကာပူနာမည်ကြီး တိုက်စစ်မှူး ဟောင်း ဖန်ဒီအာမက်၏ ပထမဆုံး ခြေစမ်းပွဲမှာ အရှုံးရလဒ်ဖြင့် စတင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ အသာမရခဲ့သလို အဆုံးသတ်ဂိုးသွင်းပိုင်း အားနည်းမှုကြောင့် Singapore Lion အသင်းမှာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သော်လည်း နေပြည်တော်အသင်း၏ ကစားပုံမှာ

နေပြည်တော်အသင်းနှင့် Singapore Lion XII အသင်းတို့ အကြိတ်အနယ်။

အပြန်အလှန် ကစားနိုင်ခဲ့သည်။ နေပြည်တော်အတွက် အနိုင်ဂိုးကို ပွဲအစ ရှစ်မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူပေးခဲ့သည်။

မေ ၂ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် Singapore Lion XII အသင်းတို့ ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် တစ်ထောင်၊ ရိုးရိုးတန်းကျပ် ငါးရာ သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များအတွက် Samsaung S4 ဟန်းဆက်နှစ်လုံး မဲဖောက်ပေးသွားမည်ဖြစ်သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❖ စာမျက်နှာ ၆ မှအဆက်

သို့အတွက်ကြောင့် အလုပ်သမားဥပဒေများတွင် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေသည့်အလုပ်များ၊ အန္တရာယ်ရှိသော အလုပ်အမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ဖော်ပြပါအန္တရာယ်ရှိသည့် အလုပ်အမျိုးအစားများ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေသည့် အလုပ်အမျိုးအစားများ မည်သည့်နေရာမျိုးတွင်ရှိသည်ကို သတ်မှတ်ပြဋ္ဌာန်းထားရမည့်အပြင် အခါအားလျော်စွာ ပြန်လည်စိစစ်ခြင်းများ ပြုလုပ်ရန်လိုပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ မူကြမ်းရေးဆွဲပြီးဖြစ်ကြောင်း၊ ထိုဥပဒေတွင် အန္တရာယ်ရှိသောအလုပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများကို သတ်မှတ်ထားကြောင်းသိရပါသည်။

ပြဋ္ဌာန်းချက် ၁၈၂ ၏စာပိုဒ် ၅ အရ ဤပြဋ္ဌာန်းချက်ကို သဘောတူလက်ခံပြီးသော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ပြီးနောက် ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုစောင့်ကြည့်ရန်အတွက် စနစ်ယန္တရားများ သတ်မှတ်ထားရမည့်အပြင် စာပိုဒ် ၆ အရ အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအား ခိုင်းစေခြင်းပပျောက်စေရန်အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော် လုပ်ဆောင်ရမည်။ ထိုစီမံချက်များရေးဆွဲရာ၌ အစိုးရဌာနများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုလည်း ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ၏စာပိုဒ် ၇ တွင် ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အကျိုးသက်ရောက်မှုရှိစေရန် ပြည်တွင်းဥပဒေများတွင် သင့်လျော်သောပြစ်ဒဏ်များ ပါဝင်ထည့်သွင်းရေးဆွဲခြင်း၊ အရေးယူအပြစ်ပေးခြင်းတို့ပြုရမည်ဖြစ်ကြောင်း၊ အဆိုးရွားဆုံးပုံစံများနှင့် ကလေးသူငယ်များအား ခိုင်းစေခြင်းမှတားဆီးကာကွယ်ရန်အတွက်လည်းကောင်း၊ ယင်းတို့ကို ကယ်ဆယ်၍ ပြန်လည်ထူထောင်ရေးနှင့် လိုအပ်သော အကူအညီများပေးရန်အတွက်လည်းကောင်း၊ လုပ်ငန်းခွင်မှ ကယ်တင်၍ ပညာရေးကို အခမဲ့သင်ယူခွင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ တက်ရောက်သင်ယူနိုင်ရန်အတွက်လည်းကောင်း၊ အထူးအန္တရာယ်ရှိသော နေရာများမှ ကလေးသူငယ်များအားရှာဖွေဖော်ထုတ်၊ ကယ်တင်ရန် အမျိုးသမီးများနှင့်ပတ်သက်၍ ထူးခြားသော အခြေအနေများကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန်အတွက်လည်းကောင်း အစီအမံများထားရှိရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လူမှုရေး၊ စီးပွားရေးအထောက်အကူများ၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ လူတိုင်းပညာသင်ယူခွင့်စသည့် အစီအစဉ်များတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ၏အကူအညီကိုရယူခြင်းဖြင့်လည်းကောင်း ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပိုမိုအောင်မြင်မည်ဖြစ်ပါသည်။

ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို တိုက်တွန်းချက်အမှတ် ၁၉၀ (Recommendation No 190)နှင့်ပူးတွဲလေ့လာရန်လည်း လိုအပ်ပါသည်။ တိုက်တွန်းချက်အမှတ် ၁၉၀ တွင်အပိုင်းသုံးပိုင်းခွဲခြား၍ ဖော်ပြထားပါသည်။ အပိုင်း(၁) လုပ်ဆောင်ချက်အစီအစဉ် (Programme of Action)၊ အပိုင်း(၂) အန္တရာယ်များသောအလုပ် (Hazards Work)၊ အပိုင်း(၃) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Implementation)ဟူ၍ဖြစ်ပါသည်။

လုပ်ဆောင်မည့်အစီအစဉ်များ

အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအားခိုင်းစေခြင်းကို ရှုတ်ချခြင်း၊ ကလေးသူငယ်များအား လုပ်ငန်းခွင်မှကယ်ထုတ်၍ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့စေရန် ဆောင်ရွက်ပေးခြင်း၊ အလွန်ငယ်ရွယ်သော ကလေးသူငယ်များ၊ မိန်းကလေးများ၊ အန္တရာယ်များသော လုပ်ငန်းခွင်မှ မိန်းကလေးများ၊ အခြားထိခိုက်လွယ်သော ကလေးသူငယ်များကို အထူးအလေးထား ဆောင်ရွက်ပေးခြင်း၊ အန္တရာယ်များသော လူမှုပတ်ဝန်းကျင်၌ အလုပ်လုပ်နေသော ကလေးသူငယ်များအား စုံစမ်းရှာဖွေခြင်း၊ အသိပညာပေးခြင်း၊ စည်းရုံးခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

အန္တရာယ်များသော အလုပ်

အန္တရာယ်များသောအလုပ်များကို သတ်မှတ်ရာတွင် ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်မှုထိခိုက်စေခြင်း၊ ရေအောက်၊ မြေအောက်၊ အန္တရာယ်ဖြစ်စေသည့် အမြင့်၊ ကျဉ်းမြောင်းကျပ်တည်းသည့်နေရာတွင် လုပ်ကိုင်ရခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့်စက်ကိရိယာ၊ တန်ဆာပလာတို့နှင့် လုပ်ကိုင်ရခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရခြင်း၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ရခြင်း၊ ညဘက်လုပ်ကိုင်ရခြင်း၊ အကြောင်းမဲ့ပိုင်ရှင်၏ ပရဝဏ်အတွင်း နေထိုင်လုပ်ကိုင်ရခြင်းတို့ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများပူးပေါင်း၍ ညှိနှိုင်းတိုင်ပင်ပြီး နိုင်ငံတော်အဆင့်မူဝါဒများချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကလေးအလုပ်သမားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်၊ ကိန်းဂဏန်း Data များကို ထိန်းသိမ်းထားရှိခြင်း၊ ကျား၊ မ၊ အသက်၊ အလုပ်အကိုင်၊ လုပ်ငန်းအမျိုးအစား၊ ရာထူးအဆင့်အတန်း၊ ပညာသင်ကြားမှုအခြေအနေ၊ နေရာဒေသ၊ မွေးသက္ကရာဇ် စသည်တို့ကို ခွဲခြားပြုစုထားခြင်း၊ သတင်းအချက်အလက်များကို နိုင်ငံတကာနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့်လည်းကောင်း ပုံမှန်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့် မဆန့်ကျင်ဘဲ စွမ်းဆောင်ရည်ပြည့်ဝ၍ တာဝန်ခံဆောင်ရွက်နိုင်မည့်သူများအား တာဝန်ပေးအပ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာသတင်းအချက်အလက်များအား နိုင်ငံတကာကွန်ရက်များအသုံးပြု၍ စုဆောင်းခြင်း၊ အပြန်အလှန်သတင်းဖလှယ်ခြင်း၊ ဖော်ထုတ်အရေးယူခြင်း၊ ပြစ်မှုကျူးလွန်သူများအား မှတ်တမ်းများထားရှိခြင်း၊ ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ဖောက်ဖျက်ပါက ထိရောက်သောပြစ်ဒဏ်ချမှတ်အပြစ်ပေးခြင်း၊ ပြစ်မှုကျူးလွန်သူလုပ်ငန်းရှင်များ ထိရောက်စွာအရေးယူခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းတို့ကို အဓိကထားဆောင်ရွက်ရန်လိုပါသည်။

ထို့အပြင် ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ပြုမူဆက်ဆံမှုများကို တားဆီးကာကွယ်ရန်၊ ပပျောက်စေရန်ဆောင်ရွက်ရာတွင် ဥပဒေအရာရှိများ၊ လွှတ်တော်အမတ်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ပြည်သူတစ်ရပ်လုံးခံစားနားလည်လာစေရန်နှင့် တက်ကြွစွာပါဝင်လှုပ်ရှားလာစေရန် သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကို ပွင့်လင်းမြင်သာစွာနှင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်ရမည်။ ကလေးလုပ်သားများနှင့်ပတ်သက်သည့် ဥပဒေများ၊ အခြားကိစ္စရပ်များကို တိုင်းရင်းသားဘာသာစကား၊ စာပေတို့ဖြင့်ဖြန့်ဝေခြင်း၊ ပြည်သူလူထုအားအသိပေးခြင်းတို့ကို ပြုလုပ်ရမည်။ နိုင်ငံတော်အနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရမည့်အပြင် နိုင်ငံတကာ၏အထောက်အပံ့များရယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းများကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံများဖြင့် ခိုင်းစေခြင်းမှ တားဆီးကာကွယ်ရန်နှင့် ကလေးအလုပ်သမားပပျောက်စေရန်တို့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို လက်ခံကျင့်သုံးရန်သဘောတူခဲ့ပြီးနောက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အမှတ် ၁၉၀ ပါ တိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ဦးတည်ဆောင်ရွက်ရာ ဝန်ကြီးဌာနအဖြစ် အခြားမိတ်ဖက်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများစွာရှိပြီး အဓိကစိန်ခေါ်မှုတစ်ရပ်မှာ ဆင်းရဲမွဲတေမှုဖြစ်၍ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့်လူနေမှုဘဝတိုးတက်မြင့်မားလာစေရေးကို ရေရှည်အလေးထား ဖြေရှင်းဆောင်ရွက်ပေးရန်လိုပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဆင်းရဲမွဲတေမှုများ လျော့ကျလာနိုင်မည်ဖြစ်၍ မိသားစုများ၏အခြေခံလိုအပ်ချက်များ ပြည့်ဝလာနိုင်ပါသည်။ သို့မှသာ အခိုင်းစေခံကလေးငယ်များ လုပ်ငန်းခွင်မှလွတ်မြောက်၍ ပညာဆက်လက်သင်ယူနိုင်ခြင်းအားဖြင့် အရွယ်မရောက်သေးသော ကလေးသူငယ်များကို ကလေးလုပ်သားအဖြစ် ခိုင်းစေမှုများပပျောက်စေနိုင်သည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးယောဆက် အမည်ပေါက်လျက်ရှိသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-အေ)၊ မြေကွက်အမှတ်(၃+၄)၊ ဧရိယာ(၀. ၅၃၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူဦးယောဆက်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၈/၂၀၁၃ ရယူထားသူ ဦးမောင်မောင်သန်း[၁၂/ဥကမ(နိုင်) ၀၄၂၀၆၄]ကိုင်ဆောင်သူထံမှ ကျွန်မ၏ မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်လှတင်(**LL.B**) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ **HP:**၀၉-၅၀၂၁၂၄၄

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

စစ်တွေ မေ ၃၀

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၇/၂၀၁၄)ကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများအလိုက် စခန်းတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်နယ်အစိုးရအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့က အထောက်အကူပြု ကူညီပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ပြည်နယ် ECC အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များကို အတူတကွပေါင်းစပ်ညှိနှိုင်းလျက် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပြီးခဲ့သည့် မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်အပေါ် သင်ခန်းစာရယူပြီး အလားတူဖြစ်စဉ်မျိုး နောင်လုံးဝမဖြစ်ပေါ်ရေးအတွက် ပြည်နယ်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိပါကြောင်း၊ တစ်ဖက်တွင် အမျိုးသားရေးဖြစ်သော်လည်း နိုင်ငံတော်နှင့် တစ်မျိုးသားလုံး ကောင်းကျိုးအတွက် လုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းများက ထဲထဲဝင်ဝင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ဖော်ထုတ်စစ်ဆေးအရေးယူဆောင်ရွက်နေမှု အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေး၊ ပစ္စည်းထောက်ပံ့ရေး လုပ်ငန်းဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆပ်ကော်မတီ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆပ်ကော်မတီ၊ ဘဏ္ဍာငွေထိန်းသိမ်းရေးနှင့် အလှူငွေလက်ခံရေးလုပ်ငန်းဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးလုပ်ငန်း ဆပ်ကော်မတီတို့မှ မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးများသည် မွန်းတည့် ၁၂ နာရီတွင် အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ် ECC အဖွဲ့ဝင်များ၊ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းတာဝန်ခံများ၊ UN/INGO အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး UN/INGO အဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်ဆိုင်ရာများကို အကြံညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက UN/INGO အဖွဲ့အစည်းများ၏ နေထိုင်ရေး၊ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ နေထိုင်ရေး၊ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်သည့်တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းတာဝန်ခံများမှ စခန်းအလိုက်လုပ်ငန်းဆိုင်ရာလိုအပ်ချက်တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးများက တက်ရောက်လာကြသည့် UN/INGO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဒုတိယဝန်ကြီးများသည် မွန်းလွဲပိုင်းတွင် အဆိုပါအစည်းအဝေးခန်းမ၌ စစ်တွေမြို့ပေါ်ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး မြို့မိမြို့ဖများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ရခိုင်ပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးရေး မဟာဗျူဟာစီမံချက်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှုကွပ်ကဲရေးဗဟိုဌာန ဖွင့်လှစ်၍ လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများသို့ အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအဖွဲ့များနှင့် အထူးရောဂါနှိမ်နင်းရေးအဖွဲ့များစေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များက ဧပြီ ၂၉ ရက်တွင် စစ်တွေမြို့နယ်အတွင်းရှိ ဓာတ်ဆီတန်းစခန်း၊ ဆတ်ရိုးကျစခန်း၊ စက်ရုံစုစခန်း၊ ဒါးပိုင်း၊ ဘောဒူဖစခန်း၊ သာယာကုန်းကျေးရွာနှင့် ဆေးသမားကြီးစခန်းများသို့ သွားရောက်၍ လူနာစုစုပေါင်း ၆၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

မတ် ၉ ရက်မှ ဧပြီ ၂၉ ရက်အထိ လူနာစုစုပေါင်း ၈၂၀၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ အရေးပေါ်လူနာ ရှစ်ဦးအား စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်ကူးစက်ရောဂါနှင့် ထူးခြားဖြစ်စဉ်များ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့သည်။ ယနေ့အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှု မရှိကြောင်း သိရသည်။

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် တီဘီလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထူးကုအဖွဲ့များ စေလွှတ်ခြင်း၊ ဆေးဝါးမပြတ်လပ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရောဂါရှာဖွေရေးနှင့် ကုသရေးအတွက် လိုအပ်သည့် ရောဂါရှာဖွေရေးစက်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (Emergency Coordination Centre)နှင့် ညှိနှိုင်းအကြံဉာဏ်ရယူ၍ ကုလသမဂ္ဂအဖွဲ့များ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဖြည့်စွက်ဖတ်ရှုပါရန်

၃၀-၄-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၄)ပါ ဂုဏ်ထူး ဦးသိန်းနိုင်ကြော်ငြာတွင် "မေလ ၂ ရက် ဖွင့်မည်"ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

မျက်စိအမှောင်ဖုံးနေရာမှ အလင်းပြန်လည်ရရှိတော့မည့် နတ်တလင်းမြို့နယ်မှ မျက်စိဝေဒနာရှင်များ

မျက်စိအဆင့် သတ်မှတ်ချက် စစ်ဆေးပေးနေစဉ်။

သတင်းဆောင်းပါး-သီသီမင်း၊ ဓာတ်ပုံ-မင်းသစ်

ရန်ကုန်-ပြည်သွားရာ ကားလမ်းပေါ်ရှိ နတ်တလင်း ပြည်သူ့ဆေးရုံထဲသို့ဝင်လိုက်သည်နှင့် နတ်တလင်းမြို့နယ်နှင့် အနီးအနားကျေးရွာများမှ မျက်စိရောဂါကုသရန် ရောက်ရှိနေသည့် လူနာများ၊ မျက်စိရောဂါကုသပေးမည့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၊ မျက်စိရောဂါ ကုသနိုင်ရန် အဘက်ဘက်မှ ထောက်ပံ့ကူညီလှူဒါန်းပေးသည့် IBTC ဖောင်ဒေးရှင်းမှ ဝန်ထမ်းများ၊ လာရောက်လုပ်အားဒါနပြုကြသည့် ကြက်ခြေနီလူငယ် မောင်မယ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ စုံလင်စွာဖြင့် လူနာရှင်များ၏ ကုသရေး၊ သွားလာရေး၊ နေထိုင်ရေးမှအစ သူ့အပိုင်းသူ့ကဏ္ဍအလိုက် လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၏ စီစဉ်မှု၊ IBTC ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကူညီပံ့ပိုးပေးမှု၊ မီးသတ်၊ ကြက်ခြေနီနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဧပြီ ၂၆ ရက်မှ ၂၈ ရက်ထိ နတ်တလင်းမြို့နယ်နှင့် အနီးအနားကျေးရွာများမှ မျက်စိဝေဒနာရှင် ၁၆၃၁ ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီဖြစ်သည်။

မျက်စိဝေဒနာခံစားနေရသည့် ပြည်သူများအား အခမဲ့ကုသပေးနေသည့် နတ်တလင်းမြို့နယ်ဆေးရုံသို့ စာရေးသူ သွားရောက်သတင်းရယူခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက "ဒီလိုမျက်စိကုသပေးမှုမျိုးကို ကျွန်တော်ဆောင်ရွက်ဖို့ စီစဉ်နေတာ ကြာပါပြီဗျာ။ တစ်နှစ်လောက်ရှိပါပြီ။ အခုမှပဲ အကောင်အထည်ဖော်ဖြစ်တာပါ။ ဖုန်ထူတဲ့ဒေသ၊ ပူပြင်းတဲ့ဒေသဖြစ်တဲ့အတွက်ကြောင့် အနည်းနဲ့အများ မျက်စိရောဂါဝေဒနာရှင်တွေရှိပါတယ်၊ မျက်စိဝေဒနာရှင်တွေကို အုံလိုက်ကျင်းလိုက် ဒီလိုမျက်စိခွဲစိတ်ကုသမှုတွေ ဒီနယ်မှာမရှိခဲ့ပါဘူး၊ တကယ်တမ်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ လာရောက်ကုသတဲ့ မျက်စိဝေဒနာရှင်တွေများနေတာ တွေ့ရပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့နဲ့အတူ လုပ်ဆောင်ပေးခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဆရာဝန်ကြီးတွေ၊ အထူးကုဆရာဝန်ကြီးတွေ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်၊ ဒီမှာလာရောက်ကုသတဲ့ မျက်စိဝေဒနာရှင်များအနေနဲ့ ကောင်းကောင်းမွန်မွန် ရောဂါပျောက်ကင်းသွားတယ်၊ အမြင်အာရုံကြည်လင်မှုရသွားတယ်ဆိုရင် ကျွန်တော့်အနေနဲ့ အထူးနှစ်ထောင်းအားရဝမ်းသာပီတိ အများကြီး ဖြစ်မိပါတယ်"ဟု ပြောသည်။

(IBTC Foundation)ဥက္ကဋ္ဌ ဦးတင့်ဦးက "ကျွန်တော်တို့ဖောင်ဒေးရှင်းက (၂၀၁၄)ခုနှစ်မှာ တရားဝင်မှတ်ပုံတင်ပြီး စတင်လုပ်ခဲ့တာပါ။ ဖောင်ဒေးရှင်းအနေနဲ့ လုပ်ငန်းကို ပြောမယ်ဆိုရင် ဒီနတ်တလင်းမှာ မျက်စိခွဲစိတ်ကုသပေးတာ ပထမဆုံးပါ။ နဂိုတုန်းကတော့ IBTC အနေနဲ့ လုပ်တာ (၁၇)ကြိမ် ရှိသွားပါပြီ။ ဖောင်ဒေးရှင်းက တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့ မရပါဘူး။ အဖွဲ့နဲ့ ရပ်တည်ရတယ်။ အများနဲ့ ရပ်တည်ရတယ်။ ကျန်းမာရေးကဏ္ဍဆိုရင် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး မျက်စိကုသရေး အစီအစဉ် ဒီမြို့နယ်မှာလုပ်ပါတယ်။နောက်ပြီး ဆေးခန်းတွေဆောက်ပြီး ရွာတွေမှာလိုအပ်တဲ့၊ မြို့နဲ့အလှမ်းဝေးပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းတဲ့ဒေသတွေအတွက် ကျွန်တော်တို့က ဦးစားပေးပြီးတော့မှ ဆေးခန်းတွေဆောက်ပေးမယ်၊ ဆေးခန်းတစ်ခုလုံးက IBTC က အမြဲတမ်းမတည်ပြီးတော့ တာဝန်ယူဆောင်ရွက်မယ်ဆိုတဲ့အစီအစဉ်ရှိတယ်၊ ဒါကျန်းမာရေးကဏ္ဍအနေနဲ့ ပြောတာပေါ့နော်၊ ကျန်တဲ့ကဏ္ဍတွေကတော့ အားကစားကဏ္ဍတွေ။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့မှ သစ်ပင်စိုက်မယ့် သစ်ပင်စိုက်ပျိုးရေး အစီအစဉ်တွေ၊ ရေရှားပါးတဲ့ ဒေသတွေမှာ ကျွန်တော်တို့က စက်ရေတွင်းတွေ တူးဖော်ပေးသွားမယ်။ ဒီနှစ်ထဲမှာ ဒါမှမဟုတ် ရှေ့လုပ်သွားမယ့် လျာထားချက်တွေပေါ့နော်၊ ဒီလိုအကျိုးပြုလုပ်ငန်းဆိုတာ လူတန်းစားပေါင်းစုံပါဝင်ဖွဲ့စည်းမယ်ဆိုရင် ပိုပြီးခိုင်မြဲမယ်၊ ဒါကြောင့် အားလုံး ပါဝင်စေချင်ပါတယ်"ဟု ပြောသည်။

ရန်ကုန်မျက်စိဆေးရုံကြီး မျက်စိအထူးကုဒေါက်တာ ဒေါ်ခင်ဦးမေက "ဒီမှာတော့ အတွင်းတိမ် အများဆုံးပေါ့။ အတွင်းတိမ်ကို ခွဲစိတ်ပေးတယ်။ အတွင်းတိမ်ရောဂါက သဘာဝအတိုင်းဖြစ်တာပေါ့နော်။ အသက်အရွယ်အရ ဖြစ်တဲ့ ရောဂါမျိုးဆိုတော့ လူတိုင်းတော့ ဖြစ်ကြမှာပေါ့။ ပူတဲ့ရာသီဥတုဆိုတော့ အတွင်းတိမ်ရောဂါဖြစ်တယ်။ ပူတဲ့နေရာအလယ်ပိုင်းတွေမှာ ပိုဖြစ်တာပေါ့။ ဒီဘက်တွေကျတော့ မျက်တောင်စူးတဲ့ရောဂါ၊ မျက်ခမ်းစပ်၊ မျက်တောင်စိုက်၊ နောက်ပြီး ရေတိမ်တွေ များတယ်။ နောက်ပြီး အတွင်းတိမ်တွေပေါ့။ လူနာတွေအများစုက ရန်ကုန်ကို မလာနိုင်ကြဘူး။ တချို့လူတွေကျတော့လည်း ဒီမှာတင် အပြီးခွဲစိတ်လို့ မရဘူး။ အခက်အခဲလေးတွေရှိတာပေါ့။ နောက်သူတို့က ဒီဆေးရုံမှာ မျက်စိဆရာဝန်က မရှိဘူးဆိုတော့ ဒီမျက်စိရောဂါဖြစ်လာရင် မပြနိုင်ကြဘူး။ အမှန်က နီးစပ်ရာကို ပြရမှာ၊ သူတို့က မသိကြဘူး။ နားမလည်တာရောပေါ့၊ အဲဒါတွေကြောင့် ရောဂါတွေက မကြာသင့်ဘဲ ကြာသွားရတာပေါ့။ ကိုယ်တတ်တဲ့ပညာနဲ့ အခုလို ကုသပေးနိုင်တဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ဒီမှာလာပြီး ကုသပေးလိုက်တော့ သူတို့ရဲ့ မျက်စိတွေ ပြန်မြင်လာရတယ်။ ရောဂါတွေကို ဆေးတွေနဲ့ ကုသပေးလို့ ရသလောက် ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု ပြောသည်။

၎င်းက ဆက်လက်၍ "မျက်စိမြင်မှပဲ ကျန်တာတွေက လုပ်လို့ရမှာဆိုတော့ ကိုယ့်မျက်စိကိုတော့ ဂရုစိုက်ရမှာပေါ့။ တချို့က တောင်ယာတွေ ဘာတွေလုပ်တော့ ထိခိုက်ဒဏ်ရာရတယ်။ ဒီလိုပဲနေကြတယ်။ နီးစပ်ရာဆေးရုံ ဆေးခန်းမပြကြဘူး။ ဒီတော့ မျက်စိက မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးသွားရတယ်။ ပိုးဝင်ပြီးတော့ ဆုံးရှုံးသွားရတယ်။ ဒဏ်ရာအနာတရဖြစ်ပြီးတော့ ဆုံးရှုံးတယ်။ တချို့ကျတော့လည်း ရေတိမ်တွေကို မသိဘဲနဲ့ စောစောစီးစီး မစစ်ဆေးတော့ ကိုယ့်မှာရောဂါဖြစ်နေမှန်းမသိဘဲနဲ့ အချိန်လွန်မှ ဒီဟာမမြင်ရတော့ဘူး။ ကွယ်သွားတာရှိတယ်။ အတွင်းတိမ်လိုဟာမျိုးက ကုသလို့ရတယ်။ အသက်ကြီးပြီ မှုန်တာပဲဆိုပြီး စိတ်လျှော့နေကြတယ်။ အသက်ကြီးတဲ့သူတွေက အဲဒီလိုဖြစ်တဲ့အခါကျတော့ သူတို့မှာ အချိန်လွန်မှ ကုရတော့မြင်သင့်ပါလျက်နဲ့ မမြင်ရဘဲဖြစ်သွားတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ ကိုယ့်မျက်စိကို သံသယဖြစ်တယ်ဆိုရင် နီးစပ်ရာမှာ ပြသင့်တယ်။ ရေတိမ်က အသက်(၄၀)ကျော်ရင်ဖြစ်တာဆိုတော့ အသက်(၄၀) မကျော်ခင် ကိုယ့်မျက်စိကိုယ် ဂရုထားသင့်တယ်လို့ ပြောချင်ပါတယ်"ဟု ထပ်မံပြောကြားခဲ့သည်။

နတ်တလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဦးက "ကျွန်တော်တို့က ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ခံစားချက်ဟာ ကျွန်တော်တို့ရဲ့ ခံစားချက်ပါ။ သူတို့ရဲ့မျက်စိတွေ မြင်ခွင့်ရတယ်။ ဒါကိုပဲ ပီတိဖြစ်မိပါတယ်။ ပံ့ပိုးသူတွေကိုလည်း ကျွန်တော်တို့ ပြည်သူ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ သူတို့ကိုယ်စား အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

နတ်တလင်းမြို့နယ်နှင့် အနီးအနားကျေးရွာများမှ မျက်စိဝေဒနာရှင်များ အချိန်မီ ခွဲစိတ်ကုသနိုင်ရန် အတွက် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ **နတ်တလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က** "အဓိကကတော့ မျက်စိခွဲတဲ့ နေရာမှာ မြို့နယ် အတွင်းမှာရှိတဲ့ ရပ်ကွက်/ကျေးရွာအုပ်စုတွေကနေ ကြိုတင်စာရင်းရယူပြီးမှ ခွဲစိတ်မယ့် ရက်မတိုင်ခင် ပြန်ပြီးတော့ အပြီးသတ် လူအင်အား ပြန်ညှိပြီးမှ လုပ်ငန်း အသေးစိတ်ကို ပြန်လုပ်တယ်။ အဓိကကတော့ ဒီမြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာပေါ့။ မြို့နယ်အဆင့် ဌာနဆိုင်ရာ အထောက်အကူပြုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထောက်အကူပြုအဖွဲ့တွေ၊ NGO တွေနဲ့ ပေါင်းပြီးမှ ကော်မတီအဆင့်ဆင့်ဖွဲ့ပြီး စနစ်တကျ ဆောင်ရွက်ထားတာပါ"ဟု ပြောသည်။

မြို့အထောက်အကူပြုကော်မတီဝင် မြို့ခံ ဦးထွန်းထွန်းက "ကိုယ့်နယ်မှာလည်း ဒီလိုမျက်စိဝေဒနာသည်တွေ များမယ်လို့မထင်ဘူး။ တကယ်တမ်းလုပ်လိုက်တဲ့ အခါကျတော့ တအားများလာတယ်။ အဲဒီလူတွေက ဘာကြောင့် မကုတာလဲလို့ကြည့်တော့ တကယ်ဆင်းရဲလို့ ငွေမရှိလို့ ပေကပ်ပြီး နေနေရတဲ့သဘောမျိုး ဖြစ်နေတာ တွေ့ရတယ်။ မျက်စိတစ်ခါကုဖို့က သူတို့အတွက် လွယ်တာ မဟုတ်ဘူး။ မျက်စိရောဂါကုမယ်ဆိုရင် အဖော်နဲ့ပြည်လို၊ ရန်ကုန်လိုနေရာမျိုးတွေ သွားရမယ်။ ဒီဒုက္ခကို ရွာသူရွာသားတွေက မခံနိုင်ဘူး။ နှမ်းပါးတာလည်း ပါမှာပေါ့။ အခုလို လာပြီး ကုသပေးတဲ့အခါ အင်မတန်လည်း သူတို့အတွက် ပီတိဖြစ်ရတယ်။ နောက်လည်း အဲလိုဝေဒနာရှင်တွေကို အလှူရှင်တွေ ပိုပြီး လှူချင်အောင် ကျွန်တော်တို့ မြို့ခံတွေက ဝိုင်းဝန်းလုပ်ပေးနေတာပါ"ဟု ပြောသည်။

နတ်တလင်းမြို့နယ် အနီးအနားကျေးရွာ ၈၂ အုပ်စုမှ ပြည်သူများသည် စီးပွားရေး အဆင်မပြေခြင်း၊ ကျန်းမာရေးအသိမရှိခြင်း၊ တောင်ယာလုပ်ငန်းများတွင် အလုပ်လုပ်ရင်း ဝါးကိုင်းထိုးမိခြင်း၊ စပါးရွက်ထိုးမိခြင်း၊ ပိုးကောင်မွှားကောင်များ မျက်စိအတွင်းဝင်ခြင်းများကို လက်နဲ့ပွတ်မိခြင်းတို့ကြောင့် မျက်စိတွင် အနာဖြစ်ပြီး ကြာသွားသည့်အခါ တိမ်သဘောမျိုးဖြစ်သွားခြင်း၊ ဖြစ်ဖြစ်ချင်း အချိန်မီဆေးမကုခြင်းတို့ကြောင့် မလိုလားအပ်သော မျက်စိဝေဒနာများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်မည့်အစီအစဉ်များရှိကြောင်းကို သိရသည်။

ရွာသာကုန်းကျန်းမာရေးဌာနခွဲမှ သူနာပြုဆရာမ ဒေါ်စန်းဝင်းက "ဒီဆေးရုံမှာ မျက်စိဆရာဝန်တစ်ယောက် ထားပေးဖို့သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်စိဖြစ်လာလို့ရှိရင် ပြည်နဲ့ရန်ကုန်ကို သွားရမှာဆိုတော့ ဒီကလူတွေက အဲဒီလောက်မသွားနိုင်ပါဘူး။ မသွားနိုင်တဲ့ အခါကျတော့ ဒီမြို့နယ်ဆေးရုံလေးတွေမှာ မျက်စိဆရာဝန်တစ်ယောက်ထားပေးမယ်ဆိုရင် သင့်တော်မယ်လို့ ထင်ပါတယ်။ ရောဂါဖြစ်တယ်ဆိုရင် ချက်ချင်းကုသနိုင်တာပေါ့နော်။ နတ်တလင်းနဲ့ ရွာတွေနဲ့ဆို နီးတယ်လေ။ ဒီတော့ ဖြစ်တယ်ဆိုတာနဲ့ ချက်ချင်းလာကြမှာ။ အခုတော့ မြို့နယ်ဆေးရုံမှာ ဆရာဝန် မရှိတဲ့အခါကျတော့ အဲဒီအသိတွေ မရှိကြတော့ ပြည်သွားရမယ်။ ရန်ကုန်သွားရမယ်။ အဲဒီလိုတွေးပြီး လူနာတွေက အခုခွဲစိတ်လို့လည်း မျက်စိပြန်မမြင်နိုင်တော့တဲ့ လူနာတွေ အများကြီးပဲ၊ အခု ကျွန်မ တွေ့ရတယ်"ဟု ပြောသည်။

အသက်(၇၆)နှစ်အရွယ်မျက်စိဝေဒနာရှင်ဒေါ်အိမ်စံက "အဲ့သလိုပဲနေရင်းက မှုန်သွားတာ၊ ခွဲပြီးသွားပြီ။ ချုပ်ရိုးဖြေတော့မှာ၊ ကုန်ကျစရိတ်ကမရှိဘူး။ မခွဲခင်တုန်းက မမြင်တာ၊ ငုပ်တုတ်ကြီးပဲ နေနေတာ ဘာမှမမြင်ရဘူး။ မမြင်တာ မြင်သွားတော့ အရမ်းဝမ်းသာတာပေါ့။ အခုလို လာရောက်ကုသပေးတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ မျက်စိကောင်းကောင်း မမြင်တာ ငါးနှစ်လောက် ရှိသွားပြီ"ဟု ပြောသည်။

နတ်တလင်းအနောက် ပွတ်စုကျေးရွာမှ ဦးခင်မြင့်(၇၉)နှစ်က "နတ်တလင်းနဲ့ ခုနစ်မိုင်လောက် ဝေးတယ်။ နှစ်လပိုင်း သုံးလပိုင်းလောက်ကတည်းက အကြောင်းကြားတယ်။ အဲဒါ စာရင်းတွေ ပေးထားတယ်။ သူတို့ စမ်းသပ်လိုက်တဲ့အခါ မျက်စိက ကိုက်တာပြုတာ မရှိဘူး။ တိမ်တို့ဘာတို့ မျက်သားလို့ ပြောတာပဲ၊ တစ်နှစ်ကျော်လောက် မျက်မှန်တပ်ပြီး ချွတ်ကြည့်လိုက်တော့မှ မမြင်မှန်းသိတာ။ မှတ်တမ်းယူပြီးတော့ အဘမျက်စိခွဲသင့်တယ်လို့ မှတ်တမ်းရေးပေးပြီးတော့ ဆီးချို၊ သွေးချို၊ သွေးတိုးအကုန်စစ်ပြီးတော့ ဒါတွေစင်ကြယ်မှ ခွဲစိတ်ခွင့်ရတာ၊ နဂိုက မျက်မှန် အပြင်က ဝယ်တပ်ထားတော့ မြင်နေတော့ မှန်းဆချက် မရှိဘူး။ နောက်တဖြည်းဖြည်း ကျလာတော့ မျက်မှန်ချွတ်ကြည့်တော့ မျက်သားကို သွားတွေ့တာ။ အဲဒါ အခုလို လာပြီးအကြောင်းကြားတော့ စာရင်းပေးလိုက်တာ။ အခုလို လာရောက်မျက်စိစမ်းသပ်ပြီး ခွဲစိတ်ကုသပေးတယ်။ ကျွန်တော်တို့ ပွတ်စုက လူ ၃၀ လောက်ပါတယ်"ဟု ပြောသည်။

နတ်တလင်းမြို့နယ်ဆေးရုံတွင် မျက်စိရောဂါ လာရောက်ကုသသူ ၁၆၃၁ ဦးမှ ၁၅၆ ဦးကို နတ်တလင်းမြို့နယ်ဆေးရုံ၌လည်းကောင်း၊ ၆၁ ဦးကို ပြည်ဆေးရုံကြီး၌လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး ၅၈၉ ဦးကို ပါဝါမျက်မှန်တပ်ဆင်ပေးခြင်း၊ ၆၂၀ ကို ဆေးပေး၍ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဤသို့ဖြင့် နတ်တလင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စီစဉ်မှု၊ ကျန်းမာရေးဌာန၏ ပူးပေါင်းပါဝင်မှု၊ စေတနာရှင် IBTC ဖောင်ဒေးရှင်းတို့၏ မွန်မြတ်လှသော စေတနာအလှူတို့ကြောင့် မျက်စိဝေဒနာရှင်တို့မှာ မျက်စိအမှောင်ဖုံးနေရာမှ ထာဝရအလင်းပြန်လည် ရရှိလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။





ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတက် ဥရောပ၌ ရီးယဲလ်အကောင်းဆုံးဖြစ်ကြောင်း စီရိုနယ်လ်ဒိုပြသခဲ့

ချန်ပီယံလိဂ်လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်အသင်းနှင့် စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိအသင်း တစ်သင်းဖြစ်သော ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသည် ဆီမီးဖိုင်နယ်နှစ်ကျော့ပေါင်း ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံ လိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီး ယင်းပွဲစဉ်၌ ရီးယဲလ်မက်ဒရစ်အသင်းသည် ဥရောပတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီစူပါစတားခရစ္စတီယာနိုရိုနယ်လ်ဒိုက လက်တွေ့ပြသခဲ့ပြီဖြစ်သည်။

အဆိုပါနှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုကို ကြည့်မည်ဆိုပါက ယခင်ကိုးကြိမ်တွေ့ဆုံခဲ့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို သုံးကြိမ်သာ အနိုင်ရရှိခဲ့ပြီး တစ်ကြိမ်သရေကျကာ ငါးကြိမ်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ထားသည့် သမိုင်းတစ်ရပ်ရှိခဲ့သည်။ ယင်းသို့ နှစ်သင်းတွေ့ဆုံခဲ့မှုတွင် ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား တစ်ဂိုးအသာလောက်ဖြင့်သာ အနိုင်ရရှိခဲ့သော်လည်း ယခုနှစ် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ရီးယဲလ်နှင့် တွေ့ဆုံခဲ့သည့်သမိုင်းကြောင်းတစ်လျှောက်အကြီးမားဆုံးသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်လာခဲ့သည်။ ယခုနှစ် ရီးယဲလ်မက်ဒရစ်အသင်း၏ ချန်ပီယံလိဂ်ဖြတ်ကျော်မှုကို ကြည့်မည်ဆိုလျှင်လည်း ရှော်လ်ကေး၊ ဒေါ့မွန်၊ ဘိုင်ယန်မြူးနစ် စသည့် ဘွန်ဒက်လီဂါအသင်းများကို အကောင်းဆုံးသော ရလဒ်ဖြင့် အနိုင်ယူကာ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည့် ပေါ်တူဂီမြေမှ လစ္စဘွန်းကွင်းကြီးဆီသို့ အရောက်သွားနိုင်ခဲ့ခြင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၏ စွမ်းဆောင်ရည်သည် ဥရောပ၌ အဆင့်အတန်းမည်မျှရှိသည်ဆိုသည်ကို ပြသရာ ရောက်ခဲ့သည်။ ယင်းသို့ စွမ်းဆောင်မှုများရှိခဲ့သည်ကို ပြန်လည်ဆန်းစစ်မည်ဆိုပါက ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒို၏ အရေးပါမှုသည် မရှိမဖြစ်လိုအပ်သည်ကိုလည်း ထင်ဟပ်စေခဲ့သည်။ ယင်းမှာ ယခုနှစ်ချန်ပီယံလိဂ်ရာသီတွင် ချန်ပီယံလိဂ်သွင်းဂိုး ၁၆ ဂိုးအထိသွင်းယူနိုင်ခဲ့သည်မှာ ကစားသမားတစ်ဦး၏ အရည်အချင်း မည်မျှရှိသည်ကို ပြသရာလည်း ရောက်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့ချိန်မှစတင်ကာ ဥရောပပြိုင်ပွဲ အရပ်ရပ်သွင်းဂိုး ၅၁ ဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်သည်။

ယခုချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့တွင်လည်း အိမ်ကွင်းကစားရသည့် ဘိုင်ယန်မြူးနစ် အသင်းသည် မန်ဇူကစ်၊ ရီးဘာရီ၊ မူလာ၊ ရော်ဘင်၊ ရှဝိန်းစတိုင်ဂါ၊ အယ်လ်လာဘာ၊ ဒန်တီး၊ ဘိုတန်၊ ဖီးလစ် လမ်း စသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဧည့်သည်အဖြစ်လာရောက် ကစားခဲ့ရသည့် ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ဘေးလ်၊ အလွန်ဆို၊ ဒီမာရီယာ၊ မိုဒရစ်၊ ကိုအန်ထရာအို၊ ရာမို့စ်၊ ပီပီ၊ ကာဗာဂျယ်စသည့်ကစားသမားများကို ၄-၃-၃ မဟာဗျူဟာအသုံးပြုပြီး ပွဲထွက်လာခဲ့သည်။ ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၁၆ မိနစ်နှင့် မိနစ် ၂၀ တို့တွင် သွင်းယူခဲ့သည့် ရာမို့စ် ၏ သွင်းဂိုးနှစ်ဂိုး၊ ၃၄ မိနစ်တွင် သွင်းယူခဲ့သည့် စီရိုနယ်လ်ဒို၏ သွင်းဂိုးတို့ဖြင့် ပထမပိုင်းတွင် အိမ်ရှင် ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည့်အပြင် ဒုတိယပိုင်းတွင်လည်း ဘိုင်ယန်မြူးနစ်အသင်း၏ တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်၍ ကစားကာ ပွဲကစားချိန် ၈၈ မိနစ်တွင် သွင်းယူခဲ့သည့် စီရိုနယ်လ်ဒို၏ အလွတ်တည်ကန်ဘောဖြင့် လေးဂိုးရရှိကာ သာမန်ပွဲကစားချိန်ပြည့်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ရီးယဲလ်မက်ဒရစ်အသင်းက ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခင်က ချန်ပီယံလိဂ်ဖလားကို ကိုးကြိမ်အထိ ဆွတ်ခူးထားခဲ့သည့် အသင်းတစ်သင်းဖြစ်သည့်အတွက် ယခုနှစ်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်လှမ်းလာမည့် ချယ်လ်ဆီးအသင်း (သို့မဟုတ်) အက်သလက်တီကိုမက်ဒရစ်အသင်းကို ကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဖလား (၁၀)ကြိမ်မြောက်အဖြစ် ဆွတ်ခူးသွားမည်လားဆိုတာ စောင့်ကြည့်ရဦးမည်လည်းဖြစ်သည်။ ။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ ပေါ်တူဂီမြေပေါ်တွင်ကစားခဲ့သည့် ဘင်ဖီကာနှင့်ဂျူဗင်တပ်တို့၏ပွဲတွင် အိမ်ရှင်အသင်း ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ စပိန်လာလီဂါပြိုင်ဘက်အချင်းချင်း တွေ့ဆုံသည့်ဆီဗီလာနှင့်ဗလင်စီယာတို့၏ ပွဲစဉ်တွင် အိမ်ရှင်ဆီဗီလာနှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ပွဲစဉ်နှစ်ပွဲလုံး အိမ်ရှင်အသင်းများ အနိုင်ရပြီး ရလဒ်ကောင်းတစ်ခုရယူနိုင်ခဲ့သဖြင့် မေ ၂ ရက် နံနက်ပိုင်းတွင် ကစားမည့် ဒုတိယအကျော့ပွဲမှာ အိမ်ရှင်အဖြစ် လက်ခံကစားပေးမည့် ဂျူဗင်တပ်နှင့်ဗလင်စီယာတို့ နှစ်သင်းလည်း ရလဒ်ကောင်း(နိုင်ပွဲ)ရယူနိုင်မလား။ စိတ်ဝင်စားစရာ ဖြစ်နေသည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့အိမ်ရှင်နှစ်သင်း (ဂျူဗင်တပ်နှင့်ဗလင်စီယာ)ရလဒ်ကောင်းနိုင် မလား

ဂျူဗင်တပ်-ဘင်ဖီကာ

ဘင်ဖီကာအသင်းသည် အိမ်ကွင်းပွဲတွင် အနိုင်ရခဲ့သော်လည်း ယခုအီတလီမြေမှာ ကစားရမည့်ပွဲမှာ ပေါ့ဆ၍ မရနိုင်၊ ပြိုင်ဘက်အသင်းသည် ပထမအကျော့ပွဲတွင် အဝေးဂိုးတစ်ဂိုးရခဲ့၍ ယခုပွဲတွင် အားထည့်ရှိန်းရဦးမည်ဖြစ်သည်။ ဂျူဗင်တပ်သည်ရှိနေသေးသည့် ဗိုလ်လုပွဲတက်ရောက်နိုင်မည့် အခွင့်အရေးကို အိမ်ကွင်းအားဖြင့် အရယူသွားပေလိမ့်မည်။ ဂျူဗင်တပ်သည် ၃၂ သင်းအဆင့်မှ ကွာတားအဆင့်ထိ ကစားပြီးခဲ့သည့် အိမ်ကွင်း သုံးပွဲတွင် ရှုံးပွဲမရှိခဲ့သလို ဘင်ဖီကာကလည်း အဝေးကွင်းသုံးပွဲစလုံးနိုင်ပွဲရခဲ့၍ ယခုပွဲမှာ ဂျူဗင်တပ်၏အိမ်ကွင်းစွမ်းရည်၊ ဘင်ဖီကာ၏အဝေးကွင်းခြေစွမ်း၊ ဘယ်အသင်းအကောင်းဆုံးဖြစ်သည်ကို အဖြေထုတ်ပေးတော့မည်ဖြစ်သည်။ ပေါ်တူဂီမြေပေါ်ကစားရသည့် ပထမအကျော့ပွဲမှာ အိမ်ရှင်ကို ဘောလုံးပိုင်ဆိုင်မှု အသာစီးနှင့် ကစားနိုင်ခဲ့သည့် ဂျူဗင်တပ်ယခုအိမ်ကွင်းတွင်လည်း အသာစီးရအောင် ဖိဖိစီးစီးအားထည့်ကာ ပွဲကိုထိန်းချုပ်ကစားမည်မှာ သေချာနေသည်။ ကစားသမားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပိုင်း ပိုပြီးကောင်းမွန်နေသည့် အိမ်ရှင်အသင်းရလဒ်ကောင်းရရန် ရာနှုန်းများနေပါသည်။

ဗလင်စီယာ-ဆီဗီလာ

ဗလင်စီယာသည် ပထမအကျော့မှာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ယခုအိမ်ကွင်းတွင် ဂိုးပြတ်ပြန်အနိုင်ရမှ ဗိုလ်လုပွဲအဆင့်ရောက်မှာဖြစ်သော်လည်း ယခုနှစ်ပြည်တွင်းအမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်မှာ သုံးဂိုးအထိ သွင်းပြီးနိုင်ပွဲရယူနိုင်ခဲ့တာကြောင့် မျှော်လင့်နိုင်သည့် အနေအထားဖြစ်နေပါသည်။ ကွာတားအဆင့် ဘေဆယ်နှင့် အိမ်ကွင်းပွဲစဉ်က အိမ်ကွင်းစိတ်ဓာတ်ပြင်းထန်မှုမျိုး ယခုဆီဗီလာနှင့်ပွဲတွင် ထပ်မြင်တွေ့ရဖွယ်ရှိနေသည်။

ဆီဗီလာကတော့ နောက်တစ်ဆင့် (ဗိုလ်လုပွဲ)ကို တက်ရောက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည်။ ပထမအကျော့အိမ်ကွင်းမှာ ပေးဂိုးမရှိဘဲ နှစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဆီဗီလာအနေဖြင့် ယခုပွဲမှာ ခံစစ်ကိုလုံအောင် ပိတ်ကစားကာ ပွဲကိုထိန်းချုပ်ပြီး တန်ပြန်တိုက်စစ်ကို အားပြုကစားပေလိမ့်မည်။ အိမ်ရှင်အသင်းက ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားမည်မှာ သေချာသည်။ အိမ်ရှင်၏ ပြင်းထန်မည့် တိုက်စစ်နှုန်းကို ဆီဗီလာတို့ပွဲချိန်ပြည့်တောင့်ခံနိုင်ဖို့ အခက်တွေ့ဖွယ်ရှိနိုင်သည်။ အိမ်ရှင်အသင်းရလဒ်ကောင်းနိုင်မည်ဟု ထင်မိသည်။ **(ဝင်းထွန်းဦး)**

အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်/ကျွန်မ တို့၏သားဦးရတနာလေးအား ၂၅-၄-၂၀၁၄ ရက်(သောကြာနေ့)တွင် ဝိတိုရိယဆေးရုံကြီး၌ အောင်မြင်ချောမောစွာ မွေးဖွားပေးခဲ့သော ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြ(သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်သော်တာကြည်(မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာ ဒေါ်ကေသီထွန်း(ကလေးအထူးကုဆရာဝန်ကြီး)၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးပါသော ဝိတိုရိယဆေးရုံကြီးမှ ဒေါက်တာ ဒေါ်အေးအေးစန်း(Chief Executive Officer)၊ ဒေါက်တာ ဦးတင်မင်း(Hospital Director)၊ ဒေါက်တာ ဦးကျော်ဇင်ဝင်း(Medical Director)နှင့် တာဝန်ကျ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံးအားလည်းကောင်း၊ နှစ်ပက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံး တို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဦးဘုန်းပိုင်ဦး-ဒေါက်တာ စုစုလှိုင်



ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ဟိုတယ်ဇုန်(၄)တွင် မြေကွက်ရရှိထားသူများသိရှိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ဟိုတယ်ဇုန်(၄)တွင် ၂၀၀၀ ပြည့်နှစ်မှစ၍ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် မြေကွက်များချထားပေးခဲ့ရာ မြေကွက် ရယူထားသူအချို့သည် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ဆောက်လုပ်ခြင်း မရှိသော မြေကွက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။

၁၀-၅-၂၀၁၄ ရက်မှစ၍ ဆောင်ရွက်ခြင်းမရှိသော မြေကွက်များအား မြေပေးမိန့်ပယ်ဖျက်ခြင်း၊ မြေငှားဂရန်ချထားပြီးဖြစ်ပါကလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ခြင်း မရှိသော မြေကွက်များ၏ ပေးသွင်းထားသည့် ငွေများအား ၂၀-၅-၂၀၁၄ ရက် နောက်ဆုံး ထား လာရောက်ထုတ်ယူရန် အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်

တရုတ်နိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် ရရှိခဲ့သော ကန်ထရိုက်စာချုပ်ကို အီရန်ဖျက်သိမ်း

တီဟီရန် မေ ၃၀

အီရန်နိုင်ငံသည် တရုတ်နိုင်ငံရှိ နိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုနှင့် ချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်တစ်ခုကို ဖျက်သိမ်းလိုက်ကြောင်း အီရန်နိုင်ငံပိုင် သတင်းဌာနဖြစ်သော အိုင်အာရ်အင်န်အေက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် ရရှိခဲ့သော ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ လုပ်ငန်းကန်ထရိုက် စာချုပ်ကို ဖျက်သိမ်းလိုက်ကြောင်း၊ အီရန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အဇာဒီဂန်ရေနံမြေ၌ ရေနံတူးဖော်ထုတ်လုပ်နိုင်ရန် အဆိုပါကန်ထရိုက်စာချုပ်ကို ၂၀၀၄ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဇာဒီဂန်ရေနံမြေ၌ ရေနံတူးဖော်ထုတ်လုပ်ရေးစီမံကိန်းကို တရုတ်ရေနံကုမ္ပဏီက စတင်ဆောင်ရွက်ရန် သဘောတူညီခဲ့သည့်အတိုင်း ရက်ပေါင်း ၉၀ အတွင်း လုပ်ကိုင်ခြင်းမရှိသဖြင့် ကန်ထရိုက်စာချုပ်ကို ပြန်လည်ဖျက်သိမ်းခြင်းဖြစ်ကြောင်း တာဝန်ရှိသူများအား ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

ဝေဖန်ပြောကြားခြင်းမရှိ

တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းက ကန်ထရိုက်စာချုပ် ဖျက်သိမ်းလိုက်ခြင်းနှင့် ပတ်သက်၍ ချက်ချင်း ဝေဖန်ပြောကြားခြင်းမရှိပေ။

ပီတီအိုင်။

အီရန်နိုင်ငံ အဇာဒီဂန်ရေနံမြေ၌ ရေနံလုပ်သားတစ်ဦးကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံ ဆူလူကျွန်းပြည်နယ်၌ လုံခြုံရေးဆောင်ရွက်နေသော အစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဖိလစ်ပိုင်တွင် စစ်ဘက်နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်၊ ၁၅ဦး သေဆုံး

မနီလာ မေ ၃၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဝေးလံခေါင်သီသောဒေသတွင် အစ္စလာမ္မစ်စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားရာ အနည်းဆုံး ၁၅ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဘူဆေယဗ်စစ်သွေးကြွများ၏ ခြေကုပ်ဖြစ်သော ဆူလူကျွန်း ပြည်နယ်ရှိ ပါတီကူလ်မြို့တွင် အင်္ဂါနေ့မှ စတင်၍ ဗုဒ္ဓဟူးနေ့ နံနက်စောစော ပိုင်းအထိ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အစိုးရတပ်ဖွဲ့က တနင်္လာနေ့တွင် သိမ်းပိုက်ရယူထားခဲ့သည့် တောတွင်း စခန်းတစ်ခုကို အဘူဆေယဗ် တိုက်ခိုက်ရေးသမားများက ပြန်လည်သိမ်းရန် ကြိုးစားရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

အစိုးရတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့သော်လည်း ထိုးစစ်ဆင်လာသော အစ္စလာမ္မစ်စစ်သွေးကြွများကို အောင်မြင်စွာ ပြန်လည်တွန်းလှန်နိုင်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

အစ္စလာမ္မစ်အုပ်စုသည် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများနှင့် အဆက်အသွယ်ရှိသည်ဟု ယူဆရပြီး ဖိလစ်ပိုင်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ပြန်ပေးဆွဲခြင်းများကို ကျူးလွန်ခဲ့ကြသည်ဟုဆိုသည်။

အဆိုပါတိုက်ခိုက်သော အုပ်စုသည် မနီလာအစိုးရနှင့် မိုရိုအစ္စလာမ္မစ်လွတ်မြောက်ရေးတပ်ဦး တို့အကြား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်းကို ဆန့်ကျင်သည့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှအစ္စလာမ္မစ်အုပ်စုများအနက်မှ အုပ်စုငယ်တစ်စုဖြစ်သည်။ **ဗွီအိုအေ။**

ပြန်ပေးဆွဲခံ နိုင်ဂျီးရီးယား မိန်းကလေးများကို ပြည်ပနိုင်ငံများသို့ ခေါ်ဆောင်

ချီဘော့ (နိုင်ဂျီးရီးယား) မေ ၃၀

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အစ္စလာမ္မစ်စစ်သွေးကြွများဟု ယူဆရသည့် လက်နက်ကိုင်များက ပြန်ပေးဆွဲသွားသော ကျောင်းသူအချို့ကို အိမ်နီးချင်းနိုင်ငံများသို့ ခေါ်ဆောင်သွားသည်ဟု ယုံကြည်ရကြောင်းဒေသဆိုင်ရာခေါင်းဆောင်တစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

လက်နက်ကိုင်ဆောင်ထားသူသည် မိန်းကလေးအချို့နှင့်အတူ ကင်မရွန်းနှင့် ချဒ်နိုင်ငံများအတွင်းသို့ ဖြတ်သန်းဝင်ရောက်သွားကြသည်ကို တွေ့မြင်ခဲ့ကြောင်း ခေါင်းဆောင် ပိုဂိုဘဲထရူးက ပြောသည်။

မိန်းကလေးအချို့ကို စစ်သွေးကြွများက အဓမ္မလက်ထပ်ရယူခဲ့ကြသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ဘော်နိုပြည်နယ်ချီဘော့မြို့မှ ကျောင်းတစ်ကျောင်းကို စစ်သွေးကြွများ ဝင်စီးပြီးနောက် မိန်းကလေး ၂၃၀ ပျောက်ဆုံးလျက်ရှိကြောင်း မစ္စတာဘဲထရူးက ပြောသည်။

ချီဘော့မြို့မှ ကျောင်းသူများနေထိုင်သည့် အဆောင်ကို ညဘက်အချိန်ဝင်စီးခဲ့ကြသော စစ်သွေးကြွများသည် ဘိုကိုဟာရမ်အစ္စလာမ္မစ်အုပ်စုမှ ဖြစ်သည်ဟု ဆိုသည်။

ပျောက်ဆုံး

ပြန်ပေးဆွဲခံရသော မိန်းကလေးများအနက် ၄၃ ယောက် လွတ်မြောက်လာခဲ့ပြီး ၂၃၀ မှာ ပျောက်ဆုံးနေဆဲရှိသည်ဟု ဘဲတရူးက ပြောကြားသည်။ မူလခန့်မှန်းထားသော အရေအတွက်ထက်ပိုများပြီး အတိအကျ ဆုံးဖြတ်ရန် မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းကျောင်းသူများသည် အသက်အားဖြင့် ၁၆ နှစ်မှ ၁၈နှစ်အကြားရှိကြပြီး နောက်ဆုံးစာမေးပွဲကြီးကို ဖြေဆိုကြတော့မည့်သူများဖြစ်သည်။

ဘီဘီစီ။

သီရိလင်္ကာမြောက်ပိုင်း၌ ရထားနှစ်စင်းတိုက်မိ လူ ၇၀ ထက်မနည်းဒဏ်ရာရ

ကိုလံဘို မေ ၃၀

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ မေ ၃၀ ရက်က ရထားနှစ်စင်း တိုက်မိရာ လူ ၇၀ ထက်မနည်း ဒဏ်ရာရရှိကြောင်း၊ လေးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ကူရူနီဂါလာမြို့ငယ်အနီး ပိုသူဟီရာ ဘူတာရုံ၌ ရပ်တန့်ထားသော ရထားတစ်စင်းကို ခရီးသည်တင်ရထားတစ်စင်းက ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရထားနှစ်စင်းစလုံး၏ စက်ခေါင်းများနှင့် ရထားတွဲများ ပျက်စီးခဲ့ရသည်။ ရထားတွဲတစ်တွဲမှာ အနီးရှိလယ်ကွင်းတစ်ကွင်းအထိ လိမ့်ပါသွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ကျန်ရှိသော ခရီးသည်များကို မြို့တော် ကိုလံဘိုသို့ ဘတ်စ်ကားဖြင့် ပို့ဆောင်ပေးခဲ့သည်။

ရထားနှစ်စင်းတိုက်မိမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရိုယာနားက ပြောကြားသည်။ **ဆင်ဟွာ။**

ဆိုက်ဘေးရီးယားအရှေ့ပိုင်းရှိ လက်နက်သိုလှောင်ရုံ၌ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်။

ဆိုက်ဘေးရီးယားရှိ လက်နက်သိုလှောင်ရုံ၌ ပေါက်ကွဲမီးလောင်မှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

မော်စကို မေ ၃၀

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ အရှေ့ပိုင်း ဘေကောလ်နယ်မြေရှိ စစ်ဘက်ဆိုင်ရာ သိုလှောင်ရုံ၌ ခဲယမ်းမီးကျောက်ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး ခြောက်ဦးထက်မနည်းပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ခဲယမ်းမီးကျောက်သိုလှောင်ရုံ ပေါက်ကွဲမှုများကြောင့် ၁၀ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဆိုက်ဘေးရီးယားဒေသ အရှေ့ပိုင်း ဘေကောလ်နယ်မြေအိုရှာယာတူရာကျေးရွာအနီး စစ်စခန်းတစ်ခုရှိ လက်နက်သိုလှောင်ရုံ၌ မေ ၂၉ရက် ညနေပိုင်းက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားများသည် မေ ၃၀ ရက်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

လက်နက်သိုလှောင်ရုံအနီးရှိ ထရပ်ကားတစ်စီးပေါ်မှ လူများသေဆုံးခဲ့ရပြီး သေဆုံးသူများမှာ တပ်ဖွဲ့ဝင်များနှင့် အရပ်သားဝန်ထမ်းများပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပြန်ကြားရေးအရာရှိ ဗိုလ်ချုပ်အီဂေါ်ကိုနာရှာကော့ဗ်က ပြောကြားသည်။

သေဆုံးသူများမှာ လက်နက်သိုလှောင်ရုံ အကြီးအကဲဖြစ်သူ ကြည်းတပ်အရာရှိတစ်ဦး၊ စစ်သားတစ်ဦးနှင့် အရပ်သားဝန်ထမ်းရှစ်ဦး ပါဝင်သည်။

တောမီးလောင်ရာမှ သိုလှောင်ရုံ ပေါက်ကွဲမှု ဖြစ်ပွားရကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လက်နက်သိုလှောင်ရုံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပီတီအိုင်။

မြို့ပေါ်ရပ်ကွက်များ ရေအခက်အခဲမရှိရန် ဆောင်ရွက်

မလှိုင်၊ ဧပြီ ၃၀

ပူပြင်းသော နွေရာသီကာလ မြို့ပေါ်ရပ်ကွက်များ ရေအခက်အခဲ မဖြစ်ပေါ်စေရေးနှင့် ရေပြတ်လပ်မှု မရှိစေရေးတို့အတွက် မြို့ရေပေးဝေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၂၅ ရက်က အများသုံး ရေကန်များနှင့် ရေဖြန့်ဝေပေးနေသော မလှိုင်မြို့ အမှတ် ၃ ရပ်ကွက်ရှိ ကန်ဖျားစက်ရေတွင်းသို့ မလှိုင်မြို့နယ်စည်ပင်သာယာရေးကော်မတီက သွားရောက် ကြည့်ရှုခဲ့သည်။

အဆိုပါနေ့က ကန်ဖျားစက်ရေတွင်းရှိ ရေစုကန်မှတစ်ဆင့် ရေဂါလန် ငါးသောင်းဆံ့ မြို့ရေပေးဝေရေးကန်သို့ ရေလွှတ်တင်ပေးနေမှုကို သွားရောက်ကြည့်ရှုရာ ရေပေးဝေရေး တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးလင်းက "ကျွန်တော်တို့ ရေစုကန်ကနေ မြို့ရေပေးဝေရေးကန်ကို တစ်ဆင့်လွှတ်တင်ပေးပြီး ရေပေးဝေရေးကန်ကနေ မြို့ပေါ်ရှိ အများသုံးရေကန်နှင့် ရေမီတာတပ်ဆင်ထားသော အိမ်များကို ရေဖြန့်ဝေပေးပါတယ်။ တစ်နေ့ကိုသုံးကြိမ် မနက် ၆ နာရီမှာတစ်ကြိမ်၊ နေ့ခင်းပိုင်းမှာ တစ်ကြိမ်၊ ညနေပိုင်းမှာတစ်ကြိမ် တစ်နာရီမှ တစ်နာရီခွဲကြာ လွှတ်ပေးပါတယ်။ ယခင်က ရေစုကန်ကနေ ရေပေးဝေရေးကန်ကို ရေပို့လွှတ်ရင် တစ်နာရီကိုအမြင့်တစ်ပေ တက်ပါတယ်။ ယခုအခါမှာတော့ တစ်နာရီကို ၅ လက်မ လောက်တက်ပါတယ်။ အမြင့်တစ်ပေကို ရေဂါလန် ၅၀၀၀ ရှိပါတယ်" ဟု ရှင်းပြသည် ။

ရေပေးဝေရေး တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းပြပေးမှုအပေါ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်းနှင့် အတွင်းရေးမှူး၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးရဲနိုင်တို့က ရေပေးဝေနိုင်မှု အချိန်ပိုမိုပေးနိုင်စေရန် နွေကာလတွင် ရေစုကန်မှ တိုက်ရိုက် ရေပေးဝေနိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည် ။

ထို့နောက် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် အမှတ် (၄) ရပ်ကွက်ရှိ အများသုံးရေကန်သို့ သွားရောက်၍ ရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုရာ "ကျွန်တော်တို့ အမှတ် ၄ ရပ်ကွက်ရှိ အများသုံးရေကန်မှာ လာရောက် ရေယူသုံးစွဲသူ အိမ်ထောင်စု ၃၀ ခန့်ရှိပါတယ်။ မနက် ၆ နာရီမှာ ရေစတင်ပေးပြီး တစ်ဦးကို ရေနှစ်ပုံးကနေ လေးပုံးထိ ဖြန့်ဝေပေးပါတယ်။ မြို့ရေပေးဝေရေးကနေ ပေးတဲ့ရေဟာ ရေချိုရေကောင်းဖြစ်လို့ သောက်ရေအဖြစ်ပဲ အသုံးပြုကြပါတယ်" ဟု ရေဖြန့်ဝေပေးသူ ဦးညိုက ရှင်းပြပေးသည် ။

မလှိုင်တစ်မြို့လုံးတွင် အများသုံး ရေကန်ခုနစ်ကန်ရှိပြီး ရေမီတာတပ်ဆင်သုံးစွဲသူ ရေတိုင်ပေါင်း ၂၁၉ ခုရှိကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

Shwe Mandalar Expo ၂၀၁၄ ကုန်စည်ပြပွဲ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်

မန္တလေး၊ ဧပြီ ၃၀

Shwe Mandalar Expo ၂၀၁၄ ကုန်စည်ပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမတွင် မေ ၁ ရက်မှ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် ဂျပန်၊ ကိုရီးယားနိုင်ငံထုတ် အိမ်စီးကားအမျိုးမျိုး၊ လုပ်ငန်းသုံး မော်တော်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ရေလုပ်ငန်းသုံး ဖိုက်ဘာလှေများ၊ နိုင်ငံတကာမှတင်သွင်းသော အီလက်ထရွန်နစ်ပစ္စည်းများ၊ ရုံးသုံး၊ အိမ်သုံး၊ ဟိုတယ်သုံး ပရိဘောဂပစ္စည်းများ၊ ကျန်းမာရေးပစ္စည်းများ၊ အဆီချစက်များ၊ အိမ်ဆောက်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်များ၊ အလှကုန်နှင့် ဖက်ရှင်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးသုံး ဆေးများ၊ ရေဖျန်းစက်အမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ မိုဘိုင်းဖုန်းအမျိုးမျိုးတို့ကို ကုမ္ပဏီ ၁၀၀ ကျော်မှ တိုက်ရိုက်လာရောက်ရောင်းချပေးမည် ဖြစ်သည်။

ကုန်စည်ပြပွဲနှင့်အတူ King & Queen of Mandalay ၂၀၁၄ ရွေးချယ်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်အဖြစ် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ဟာသလူရွှင်တော်များ၏ ဟာသအစီအစဉ်များ၊ တစ်ခန်းရပ်ပြဇာတ်၊ မျက်လှည့်အစီအစဉ်များ၊ Model Show များ ပါဝင်မည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သတင်းတိုများ

သွားနှင့်ခံတွင်းဆိုင်ရာ စစ်တမ်းများကောက်ယူ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့နယ်ခွဲတွင် သွားနှင့်ခံတွင်းဆိုင်ရာ ပညာပေးစစ်တမ်းကောက်ယူပြီး ဆေးကုသပေးခြင်းကို မြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၌ ဧပြီ ၂၈ ရက်က ကျင်းပခဲ့သည်။ ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာသိန်းထွန်းဦးနှင့် အဖွဲ့ဝင် ၄၅ ဦးတို့သည် စစ်တမ်းကောက်ယူရရှိသည့် သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါဝေဒနာရှင် ၁၂၀ အား နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဆေးကုသပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများအခမဲ့ပေးဝေ၍ ဝေဒနာရှင်များအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပလောက်(ပြန်/ဆက်)

မိုးကြိုးလွှဲကြေးကြိုးတစ်ချောင်း ပျောက်ဆုံး

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက် စာတိုက်ဝင်း အတွင်းရှိ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းတွင် တပ်ဆင်ထားသော မိုးကြိုးလွှဲကြေးကြိုးများအား ဧပြီ ၂၇ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်းမှ ကြည့်ရှုစစ်ဆေးရာ အမြင့် ၄၂ မီတာရှိ တာဝါတိုင်မှ မိုးကြိုးလွှဲကြေးကြိုး ၇၀ mm ကြေးကြိုးတစ်ချောင်း တန်ဖိုးငွေကျပ် ၅၄၀၀၀၀ ခန့် ဖြတ်တောက်ခိုးယူခံရကြောင်း တွေ့ရှိသဖြင့် အောင်ပင်လယ်ရဲစခန်းသို့ တိုင်ကြားရာ (ပ)၁၇၅/၂၀၁၄ ပြည်သူပိုင်ပုဒ်မ(၆)၁ အရ အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မုံရွာမြို့ မုံရွေး-ကြေးမုံရွာတွင် ဒေသတွင်းပေါက်ရောက်သည့် လဲမှို့ပင်များဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး

မုံရွာ၊ ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွေး-ကြေးမုံရွာတွင် ဒေသတွင်းဖြစ်ထွန်းသော လဲမှို့ပင်များဖြင့် တစ်နိုင်တစ်ပိုင် စီးပွားဖြစ်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်တော့ လဲမှို့ပင် ၂၀ ကို တစ်သိန်းနဲ့ ဝယ်ထားလိုက်ပြီး အသီးတွေ အပင်ပေါ်ကနေ အိမ်အထိ ခူးသယ်ခကို တစ်သောင်းနဲ့ သယ်ပါတယ်။ အသီးခွာအတွက်ကတော့ တစ်နေ့ကို ၂၅၀၀ ပေးပြီး လူငှားနဲ့ခွာပါတယ်။ သင်္ကြန်မတိုင်ခင် ခူးပြီးမရောင်းဖြစ်ဘူး။ ဈေးကလည်း မှို့တစ်ပိဿာကို ၇၀၀၊ ၈၀၀ ကျပ်ပဲရှိတယ်။ သင်္ကြန်ပြီးမှ ဈေးက မှို့တစ်ပိဿာကို ၁၄၀၀၊ ၁၅၀၀ ကျပ်ထိ ရှိတာလေ။ ဒါပေမယ့် အမြန်တော့ လုပ်ရတာပေါ့ မှို့က လှန်းတဲ့အချိန် မိုးတို့ ရေတို့ထိရင် ကပ်သွားတယ်" ဟု မုံရွာမြို့နယ်၊ နွားထိန်းရွာမှ ဒေါ်ညိုက ပြောသည်။

လဲမှို့သီးများကို လူငှားဖြင့်ခွာ၍ နေလှန်းရန်ပြင်နေစဉ်။

အဆိုပါ လဲမှို့ပင်များသည် အပူပိုင်းဒေသတွင် အများဆုံးပေါက်ရောက်ပြီး မှို့သီး သီးသည့် တပို့တွဲလပိုင်းမှစ၍ လုပ်ငန်းရှင်များက အပင်မှအသီးများကို အပင်ပြတ်ကြည့်၍ ဈေးကောင်းပေးဝယ်ယူကြပြီး တန်ခူးလသင်္ကြန်အပြီးတွင် အသီးများကို ခူးဆွတ်အခြောက်လှန်းကြသည်။ ထို့နောက် မှို့သီးများကို ခွာခြင်း၊ မှို့နှင့်အစေ့များ ခွဲခြားခြင်း၊ မှို့ဖက်ခြင်းတို့ အဆင့်ဆင့်ပြုလုပ်၍ မှို့အသန့်များ ရောင်းချသူများရှိသလို ခေါင်းအုံး၊ မွေ့ရာ၊ ဖက်လုံး စသည့်အိမ်ထောင်ပစ္စည်းများ ကိုယ်တိုင်ပြုလုပ်ရောင်းချသည့် လုပ်ငန်းရှင်များလည်းရှိကြောင်းသိရသည်။

မုံရွေး-ကြေးမုံရွာမှ ထွက်ရှိသည့် ခေါင်းအုံး၊ မွေ့ရာ၊ ဖက်လုံး စသည့် အိမ်ထောင်ပစ္စည်းများကို ဒေသအသီးသီးသို့ တင်ပို့ရောင်းချမှုများရှိပြီး လဲမှို့ဖြင့် ပြုလုပ်ထားခြင်းကြောင့် သဘာဝစစ်စစ်ပစ္စည်းဖြစ်ခြင်း၊ ပေါ့ပါးမှုရှိခြင်းတို့ကြောင့် လူကြိုက်များလျက်ရှိပြီး ဒေသတွင်းပေါက်ရောက်သည့် လဲမှို့ပင်များဖြင့် မိသားစု ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

ကျော်ဇင်(မုံရွာ)

ကုန်စည်ပြပွဲနှင့်ကားပြပွဲကြီး (တောင်ကြီးမြို့)
၉.၅.၂၀၁၄ မှ ၁၃.၅.၂၀၁၄
နံနက် (၉)နာရီမှ ည (၉)နာရီထိ
ကျောက်တိုင်ကွင်းနှင့်ခန်းမဆောင်ကြီး
SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079, 09-5003618, 09-8820600

မလှိုင်မြို့ ရွာငွေ့ကျေးရွာထွက် နီးချောဖျာနှင့် ဖျာကြမ်းများ နယ်လှည့်ရောင်းချရာ ရောင်းအားကောင်းနေ

မလှိုင်၊ ဧပြီ ၃၀

မလှိုင်မြို့နယ် ရွာငွေ့ကျေးရွာမှ ထွက်ရှိသော နီးချောဖျာနှင့် ဖျာကြမ်းများကို ဝယ်ယူ၍ ဒေသအသီးသီးသို့ မော်တော်ဆိုင်ကယ်များဖြင့် လှည့်လည်ရောင်းချသူများ ဒေသတွင်းအသုံးတည့်မှုကြောင့် ဝယ်ယူသုံးစွဲသူများပြားလာပြီး နယ်လှည့် လှည့်လည်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည် ။

ရွာငွေ့ကျေးရွာမှ ဒေသခံအများစုမှာ တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ နီးချောဖျာနှင့် ဖျာကြမ်းများ ရက်လုပ်သည့်လုပ်ငန်းကို တစ်ရွာလုံးနီးပါးလုပ်ကိုင်ကြပြီး ရွာရှိ အဝယ်ဒိုင်များသို့ တစ်ဆင့်ရောင်းချခြင်း၊ အနယ်နယ်အရပ်ရပ်သို့ ကိုယ်တိုင်လှည့်လည်ရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိနေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည် ။

"ကျွန်တော်တို့က ရွာမှာရှိတဲ့ ဒိုင်(ပွဲစား)ဆီကတစ်ဆင့် ဝယ်ယူပြီး အနယ်နယ်အရပ်ရပ်ကို မော်တော်ဆိုင်ကယ်များနဲ့ လှည့်ရောင်းတာပါ။ ဒိုင်ကနေ ၆ ပေ × ၄ ပေ နီးချောဖျာတစ်ချပ်ကို ၄၀၀၀၊ ၄၅၀၀ ကျပ်၊ ၆ပေ × ၃ ပေခွဲ ဖျာကြမ်းတစ်ချပ်ကို ၁၀၀၀ ကျပ် ပေးဝယ်ရပြီး နီးချောဖျာတစ်ချပ်ကို ကျပ် ၆၀၀၀၊ ကျပ် ၆၅၀၀။ ဖျာကြမ်းတစ်ချပ်ကို ကျပ် ၁၅၀၀ ပြန်ရောင်းရပါတယ်။ အရောင်းအဝယ် ကောင်းရင် ကောင်းသလို ကိုယ့်အတွက်ကျန်ပါတယ်။ အနည်းဆုံးတော့ တစ်နေ့ ငွေ ၆၀၀၀၊ ၇၀၀၀ တော့ကျန်ပါတယ်" ဟု ရွာငွေ့ကျေးရွာမှ နယ်လှည့်ရောင်းချသူ ကိုထွန်းထွန်းက ပြောသည်။

မလှိုင်မြို့နယ်အတွင်း၌ သာမကတောင်သာ၊ မြင်းခြံ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မြို့သာ၊ ပုဂံ၊ ညောင်ဦးမြို့များအထိ ဆိုင်ကယ်နှင့် လှည့်လည်ရောင်းချလေ့ရှိပြီး ဖျာများကို ကိုယ်တိုင်ရက်လုပ်ရောင်းချသူများလည်းရှိကြောင်း နယ်လှည့်ရောင်းချသူ တစ်ဦးက ပြောသည်။

အောင်ငြေး(မလှိုင်)

ဆောမြို့နယ်ရှိ မူလတန်းကျောင်း ၁၁ ကျောင်းအတွက် ဆိုလာနှင့် ဘက်ထရီများ ဝယ်ယူတပ်ဆင်

ဆော၊ ဧပြီ ၃၀

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မူလတန်းကျောင်းများ၌ သင်ကြားရေးအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် မူလတန်းကျောင်း ၁၁ ကျောင်းတွင် သင်ထောက်ကူလုပ်ငန်းများအတွက် ဆိုလာနှင့် ဘက်ထရီများကို ဝယ်ယူတပ်ဆင်ထားကြောင်း သိရသည်။

"ဆောမြို့နယ်မှာ ဇေယျာရပ်ကွက် အ-မ-က၊ သီရိရပ်ကွက် အ-မ-က၊ ဆော အ-ထ-က၊ မင်းလယ်ရွာ အ-မ-က၊ ခွင်းချောင်းရွာ အ-မ-က၊ အညာကတင်းရွာ အ-မ-က၊ အကြည်ကတင်းရွာ အ-မ-က၊ လယ်ရင်းရွာ အ-မ-က၊ ခူးချောင်းရွာ အ-မ-က၊ သီးကုန်းရွာ မူလွန်ကျောင်းတို့နဲ့ သစ်တောကျောင်းဖြစ်တဲ့ ကြံခင်း အ-မ-က တို့မှာ သင်ထောက်ကူ လုပ်ငန်းအတွက် လိုအပ်တဲ့ ဆိုလာနဲ့ ဘက်ထရီများ တပ်ဆင်ထားပါတယ်" ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်တစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချင်းပြည်နယ် ကန်ပက်လက်မြို့ ခရီးစဉ်တွင် ကန်ပက်လက်မြို့နှင့် ဆက်စပ်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် မူလတန်းကျောင်းများတွင် သင်ထောက်ကူလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် စာသင်ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၂ သိန်းကို ထောက်ပံ့ခွင့်ပြုပေးခဲ့သည့်အတွက် အဆိုပါ သင်ထောက်ကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၆၅)

ရေသွင်းရေထုတ်မြောင်းများ ပြန်လည်တူးဖော်ပေးရန် လိုအပ်နေ

မြင်းမူ၊ ဧပြီ ၃၀

မြင်းမူမြို့ ရွှေစောလူးအင်းတွင် ရှေးယခင်က ရေသွင်းရေထုတ်မြောင်းများကို အမြော်အမြင်ကြီးစွာဖြင့် ပြုလုပ်ခဲ့သော်လည်း မြောင်းအချို့မှာ ပျက်စီးလျက်ရှိသည့်အတွက် ပြန်လည်ဖော်ထုတ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"လောဘကြီးတဲ့လယ်သမားတချို့က မြောင်းတွေကို ဖျက်ဆီးပြီး သူတို့အကွက်ထဲ သွင်းထားပါတယ်။ နောက်ဖြစ်နိုင်မယ်ဆိုရင် ၎င်းမြောင်းများကို ပြန်လည်ဖော်ထုတ်ပေးစေချင်ပါတယ်။ ဒီအင်းထဲမှာ ၈၈ ဧကရှိပြီး အင်းအဖြစ်အသုံးပြုတာက ရှစ်ဧကစိုက်တဲ့အချိန်များ အဲ့ဒီရေတွေကို အင်းထဲမောင်းထုတ်ပြီး ရေသွင်းတဲ့အခါ မြောင်းတွေကနေ စပါးအောင်သည်အထိ ပြန်သွင်းယူရပါတယ်။ ယခင် မြောင်းတွေပျောက်နေသည့်အတွက် ကသိကအောက်ဖြစ်ကြရတယ်။ အဲဒါကြောင့် အခက်ခဲမရှိလုပ်နိုင်အောင် မြောင်းဟောင်းများ ပြန်လည်ဖော်ရေး၊ လိုအပ်လျှင် မြောင်းအသစ်များ ပြန်လည်တည်ဆောက် ပေးစေချင်ပါတယ်" ဟု လယ်စိုက်တောင်သူ ဦးတင်လင်းက ပြောကြားသည်။

အဆိုပါ ရွှေစောလူးအင်း ကွင်းအမှတ်(၁၂)သည် အင်းနိမ့်ဖြစ်ပြီး နှစ်စဉ် ဝါဆိုလမှာ ဧရာဝတီဖြစ်ရေဝင်လေ့ရှိသည့်အတွက် ရှေးအခေါ်(မုရင်း)ယခု မနောသုခစပါးမျိုး တစ်သီးသာ စိုက်ပျိုး၍ရသည်။ အင်းရေကို လှမ်းယူရသည့်အခါ အခက်အခဲရှိသည့်အတွက် အောင်မြင်မှုနည်းပြီး စပါးအထွက်နှုန်း လျော့နည်းခဲ့သည်။ ရေသွင်းမြောင်းများ အစီအစဉ်တကျရှိမည်ဆိုပါကလည်း စပါးအထွက်နှုန်း ညီမျှနိုင်မည်ဟု ၎င်းက ထပ်မံပြောသည်။

ရွှေစောလူးအင်းတွင် စိုက်ပျိုးစပါးများ ရိတ်သိမ်းနေသည်ကိုတွေ့ရစဉ်။

"ကျွန်တော်တို့ ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် ၅ ရက်ခန့်က မနောသုခစပါးမျိုး ပျိုးခဲ့ပါတယ်။ ၄၅ ရက်သားမှာ နုတ်ပြီး စိုက်ကွက်ထဲကို စိုက်ပျိုးခဲ့ပါတယ်။ တစ်ဧကေ ပျိုးစည်းရေ ၁၅၀၀ ကို ကောက်စိုက်သမ ၁၆ ယောက်ဖြင့် စိုက်ပျိုးခဲ့ပါတယ်။ ၁၅ ရက်သားမှာ မြေဆီကျွေးပါတယ်။ စိုက်ပျိုးရက်သုံးလမှ သန္ဓေဝင်ခါစ မြေဆီသင့်တင့်လျောက်ပတ်စွာ ကျွေးရသေးတယ်။ တန်ခူးလထဲမှာ ရိတ်သိမ်းခဲ့တယ်။ တစ်ဧကကို စပါးတင်း ၁၀၀ ထွက်ရှိပါတယ်။ အခု လူ ၅၀ ခန့်ဖြင့် ရိတ်သိမ်းနေတာပါ။ နံနက်ခင်းကိုရိတ် မွန်းလွဲ ၁ နာရီမှာ ခြွေလှေ့ကာ ရိုက်ပြီးသားအရိုးတွေကို နေလှမ်း၊ ခြောက်လျှင် လှည်းတစ်စီးတိုက် ငွေကျပ် ၅၀၀၀နဲ့ ရောင်းချရတယ်" ဟု လယ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကိုကိုနိုင်(မြင်းမူ)

အတွေးအမြင်

ဘဝလမ်းမပေါ်က အိတ်ဆွဲလေးများ

à crjfom(rdD)

ကျွန်တော်တို့ မြို့လေးသည့် အညာဒေသ မြို့လေးဖြစ်ခြင်းကြောင့် နွေအပူဒဏ်ကို တခြား ဒေသများထက် ဒေသခံများ နေ့စဉ် ပိုမိုခံစား ကြရသည်။ အရက်သေစာသောက်စားလွန်သူ တချို့နှင့် သက်ကြီးရွယ်အို တချို့တလေ၏ ဘဝများသည် နွေအပူတွင် ရေစုန်မျှော ဆုံး ရှုံးသွားသည်ကို ကြားတွေ့ရလေသည်။ တချို့ တလေက နွေအပူဒဏ်ကို နည်းအမျိုးမျိုးဖြင့် အံတုကြလေသည်။ ထိုသူများအထဲတွင် ကျွန် တော် နေ့စဉ်မြင်တွေ့နေရသည့် အိတ်ဆွဲလေး များတော့ မပါဝင်ပေ။

အိတ်ဆွဲလေးများသည် နေ့စဉ်နံနက်လင်း သည်နှင့် မြို့ကလေး၏ ဈေးကြီးအတွင်းသို့ အိတ်ကိုယ်စီဖြင့် ရောက်ရှိလာကြသည်။

နေ့လယ်ပိုင်းတွင်လည်း အိတ်ဆွဲလေးများ ကို ဈေးပတ်ဝန်းကျင် နေပူပူထဲတွင် တွေ့မြင်ရ သည်။ အိတ်တစ်လုံးစီကို ပခုံးတစ်ဖက်စီ ထမ်းတင်လျက် ပစ္စည်းတို၊ ပစ္စည်းစ၊ ဒန်တို ဒန်စ၊ ပုလင်းငယ်၊ ပုလင်းကြီး၊ ဗူးခွံဗူးလွတ် အိတ်တိုအိတ်စ ရောင်းချလို့ရနိုင်မည့် အရာ မှန်သမျှကို ပိုင်ရှင်စွန့်ပစ်ထားသည့် နေရာ များတွင် မွှေနှောက်ရှာဖွေ ကောက်ယူစု ဆောင်းခြင်းအလုပ် လုပ်ကိုင်ကြလေသည်။

အညာနွေ၏အပူသည် သာမန်ထက် ပိုပူ သော်လည်း အိတ်ဆွဲလေးများ ဘဝဝမ်းစာ ရှာဖွေမှုအပူကိုမူ မကျော်လွန်နိုင်။ နေအပူ ထက် အိတ်ဆွဲလေးများအဖို့ တစ်နေ့စာ ဝမ်းစာလုံလောက် ဖူလုံနိုင်ရေးအတွက် ပိုပူ ကြရသည်။ တချို့တလေ လူတို့က အိတ်ဆွဲ လေးများကို နှာခေါင်းရှုံ့ကြ၊ ပစ်ပယ်ကြသော် လည်း အခြေခံလူတန်းစားဘဝကို နားလည်သူ တစ်နေ့လုပ်တစ်နေ့စား ဈေးထဲမှ ဈေးရောင်း သူတချို့ကမူ အိတ်ဆွဲလေးများ၏ ဘဝကို နားလည်စာနာကြသည်။ အိတ်ဆွဲလေးများ သည် ကျောင်းမနေ ပညာမတတ်။ တချို့က လမ်းပေါ်မှာဖြစ်သလိုနေသည်။ တချို့က မိဘအုပ်ထိန်းသူမဲ့ ကိုယ့်ဘဝကိုယ် ထိန်း ကျောင်းနေကြသူများ ဖြစ်သည့်အလျောက် အလွယ်တွေ့လျှင် ပစ္စည်းတို ပစ္စည်းစကို ပိုင်ရှင် မသိအောင်ဆွဲယူသွားတတ်ကြသဖြင့် တချို့ လူများက နှာခေါင်းရှုံ့ကြခြင်းဖြစ်သည်။ တချို့ အိတ်ဆွဲလေးများသည်က မိမိလိုချင်သည့် အရာကို စွန့်ပစ်ထားသည့် အမှိုက်ခြင်းထဲမှပင် ဖြစ်စေ အနီးအနားရှိ ပိုင်ရှင်ဖြစ်သူများအား ဦးလေး၊ ဒေါ်လေး အမှိုက်ထဲက ပစ္စည်းရှာမယ် နော်ဟု ပြောဆိုခွင့်တောင်းရှာဖွေသည့်အထိ ရိုးသားကြလေသည်။ ထို့ကြောင့် အခြေခံ လူတန်းစားဘဝတူ လူတချို့က အိတ်ဆွဲလေး များကို စာနာနားလည်မှုဖြစ်ကြသည်။

ကျွန်တော်မြင်တွေ့မိသည့် အိတ်ဆွဲလေး များသည် အသက်အရွယ်အားဖြင့် ၁၀ နှစ်၊ ၁၁ နှစ်၊ ၁၃ နှစ် ဝန်းကျင် အရွယ်ကောင်း ကလေး ငယ်များဖြစ်ပြီး ကျောင်းစာသင်ခန်းထဲတွင် ရှိသင့်သည့်အရွယ်ဖြစ်သော်လည်း ဘဝပေး အခြေအနေအရ လမ်းပေါ်တွင် ပစ္စည်းတို ပစ္စည်းစ ရှာဖွေစုဆောင်းသူများ ဖြစ်နေကြရ လေသည်။ နေပူပူတွင် ဖိနပ်မပါ ခြေဗလာနှင့် ဘဝခရီးကို ဖြတ်သန်းနေသူ အိတ်ဆွဲလေးများ ရှိသကဲ့သို့ ခြေထောက်တွင် ကွဲတစ်ဖက် နွား တစ်ဖက် (အမျိုးအစားမတူသည့် ဖိနပ်တစ်ရံ)

ကို စီးနင်းကာနေပူထဲ လျှောက်လမ်းသည့် အိတ်ဆွဲလေးများလည်းပါဝင်လေသည်။

ကျွန်တော်တို့မြို့ လေးကဲ့သို့ ရောက်ဖူးသော မြို့များတွင် အိတ်ဆွဲလေးများကို တစ်ဦးချင်း စီသော်လည်းကောင်း၊ နှစ်ဦး၊ သုံးဦးပါဝင်သည့် အဖွဲ့ငယ်မှ လေးငါးခြောက်ဦးအထိ ပါဝင် သည့် အိတ်ဆွဲလေးများအဖွဲ့ကိုလည်း တွေ့မြင် ရပါသည်။

ဘဝနောက်ခံအကြောင်းမလှ၍ အတန်း ပညာမတတ်၊ လူတချို့က ပစ်ပယ်ထားသည့် စည်းတစ်ဖက်မှ အိတ်ဆွဲလေးများသည် လည်း နိုင်ငံ၏ အနာဂတ်တွင် ပါဝင်လာမည့် လူ့စွမ်းအား အရင်းအမြစ်တစ်ခုပင် ဖြစ်ပါ သည်။ ဘက်စုံထူးချွန်သည့် လူရည်ချွန် လူ ငယ်များကို ချီးမြှင့်မြှောက်စားနေသည့် အချိန် တွင် အိတ်ဆွဲလေးများ၏ ဘဝအနာဂတ်ကိုမူ ဥပေက္ခာပစ်ထားရန်မသင့်ဟု မိမိတစ်ဦး တည်းအမြင်ဖြင့် ထင်မြင်မိပါသည်။

ဘက်စုံထူးချွန်သည့် လူရည်ချွန်များသည် အနာဂတ်နိုင်ငံတော်တွင် အုပ်ချုပ်ရေး၊ ဥပဒေ ပြုရေး၊ တရားစီရင်ရေး စသည့်တိုင်းကျိုး ပြည် ပြုကဏ္ဍတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့်သူများဖြစ်လာမည် ဖြစ်သကဲ့ သို့ အိတ်ဆွဲလေးများ၏ဘဝများကို ပညာသင် ယူခွင့် အခွင့်အရေးများ ဖန်တီးပေးလျက်၊ သင့် လျော်လျောက်ပတ်သော အလုပ်အကိုင်အခွင့် အလမ်းများ ဆောင်ရွက်ပေးလျက် ဘဝလမ်း ကြောင်းမှန်ပေါ်သို့ လျှောက်လှမ်းနိုင်ရေး အတွက် တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပရဟိတဆောင်ရွက် လိုသူ စေတနာရှင်များမှ ဝိုင်းဝန်းစဉ်းစား အရေးတယူ ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။ သို့မှသာ အနာဂတ်တိုင်းပြည် အတွက် အားကိုးအားထား ပြုနိုင်မည့် လူ ကောင်းလူတော်လေးများအဖြစ် အိတ်ဆွဲလေး များရောက်ရှိလာချိန်တွင် ဘက်စုံထူးချွန် လူရည်ချွန်လူငယ်များနှင့်အတူ အနာဂတ် တွင် လက်တွဲညီညာချစ်ခင်စည်းရုံးစွာဖြင့် နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက် ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက် နိုင်ကြမည်ဖြစ်ပါသည်။

ရွာနှင့်ကားလမ်းကြားတွင် လှေဖြင့်သွားလာနေရသဖြင့် သယ်ယူရေးအဆင်မပြေမှုများရှိနေ

မအူပင်၊ ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင် မြို့နယ်အတွင်း ယခုနှစ်နွေရာသီတွင် သီးထပ်ရင် (နှစ်လခွဲမျိုး) နွေစပါး များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင် လျက်ရှိသော်လည်း ယင်းမြို့နယ် အလန်းကြီးရွာနှင့် ကားလမ်းကြား ရေမြောင်းကို လှေဖြင့် ဆက်သွယ် သွားလာရသည့်အတွက် သယ်ယူပို့ ဆောင်ရေး အဆင်မပြေမှုများရှိ ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီဘက်ရွာတွေက ကားလမ်းနဲ့ ဝေးတော့ ရွာကနေကား လမ်းကို မြောင်းရေအားကိုးနဲ့ လှေ အသုံးပြုပြီး သွားလာဆက်သွယ် သယ် ယူပို့ဆောင်ကြရတာပါ။ အခုလို မြောင်းကောပြီး ရေနည်းတော့ ခရီး သွားရတာနဲ့ ကုန်စည်သယ်ယူပို့ ဆောင်ရတဲ့ နေရာတွေမှာ အဆင် မပြေတော့ဘူး။ ဒီမြောင်းကတော့ ကုမ္ပဏီက တူးပေးထားတဲ့ မြောင်းလို့ ပြောတာပဲ။ ဌာနလား၊ ကုမ္ပဏီလား အတိအကျတော့ မပြောတတ်ဘူး။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ အလန်း ကြီးရွာနဲ့ ကားလမ်းတာကို ဆက်သွယ် ပေးနေတဲ့ ဒီမြောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူတွေကနေ ကျွန်တော်တို့ ကိုသနားသောအားဖြင့် သက်ဆိုင် ရာတာဝန်ရှိသူတွေကကြပ်မတ် ပြီး အမြန်ဆုံးတူးဖော်ပေးစေချင် ပါတယ်" ဟု မအူပင်မြို့နယ်၊အလန်း ကြီးရွာမှ တောင်သူကြီး ဦးမျိုးလွင်က ပြောသည်။

သီးထပ်ရင် (နှစ်လခွဲမျိုး) နွေစပါး များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင် လျက်ရာ မအူပင်ကျွန်းတောင်ပိုင်း တာအတွင်းရှိ စိုက်ဧကများနှင့် မအူ ပင်-ကျိုက်လတ် ကားလမ်းဘေးရှိ စိုက်ဧကများတွင် ပိုမိုအထွက်နှုန်း ကောင်း အောင်မြင်လျက်ရှိကြောင်း သိရသည်။

"ဒီမျိုးဟာ သီးထပ်ရင် (နှစ်လခွဲ မျိုး)စပါးဖြစ်ပါတယ်။ အားလုံးနီးပါး ရိတ်သိမ်းနေကြပါပြီ။ တစ်ဧကကို တင်း ၁၀၀ ကနေ ၁၂၅ ထိထွက်ပါ တယ်။ ရေနဲ့မြေအဆင်ပြေတဲ့ နေရာ ဆို တင်း ၁၄၀ လောက်ထိ ထွက်ပါ တယ်။ အထွက်နှုန်း ကောင်းပါတယ်။ ဈေးကတော့တင်း ၁၀၀ ကို သုံးသိန်း ခုနှစ်သောင်းနဲ့ သုံးသိန်းရှစ်သောင်း ဝန်းကျင် ရောင်းရပါတယ်။ ကျိုက် လတ်နဲ့ မအူပင်မြို့တွေမှာ သွား ရောက်ရောင်းချကြပါတယ်။ စိုက် ပျိုး၊ ရိတ်သိမ်း၊ ရောင်းချရတဲ့ကိစ္စ တွေအားလုံး အဆင်ပြေပါတယ်" ဟု တောင်သူကြီး ဦးမျိုးလွင်က ပြော သည်။

မအူပင်ခရိုင်သည် နွေစပါး၊ မိုး စပါးနှင့် လယ်ယာသားငါးကဏ္ဍများ အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိ သော ဒေသဖြစ်သည့် အားလျော်စွာ ခရိုင်တွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုး တက်ရေးအတွက်ဆည်မြောင်းဦးစီး ဌာနမှ တူးဖော်ရန်၊ ပြင်ဆင်ရန်၊ တည် ဆောက်ရန် လိုအပ်သောမြောင်းများ၊ ချောင်းများ၊ ရေတံခါးများကိုလည်း ရန်ပုံငွေရရှိမှုနှင့်ဆောင်ရွက်ခွင့်ရရှိမှု တို့ပေါ် မူတည်၍ ဒေသအတွက် အဓိကလိုအပ်သည့် အခြေအနေနှင့် ဦးစားပေးအလိုက် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သပြေထွန်း**

ရောင်း/ငှားမည်

Yes!! English School
Always say Yes!! to English
4 skill English classes
Basic
Elementary
Intermediate
Advanced
IELTS,TOEFL, SAT
Starting On May

လေယာဉ်မယ်ဖြစ်ချင်သူ သင်တန်း
EDUMAP Language Centre

မြေကွက်ဝယ်လိုသည်
09 31268183
09 31589922

ငှားမည်

အနော်ရထာမင်းလက်ထက် တည်ထားကိုးကွယ်ခဲ့သော နဂါးကျစ်ရန်အောင်မြင် စေတီတော် မြေထိန်းနံရံကျောက်သားအသစ် စတင်တည်ဆောက်

ရန်ကုန်၊ မေ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်/မြို့နယ် အမှတ် ၅ နယ်မြေ ချောင်းရိုးရပ်ကွက် ဧရာဝတီကမ်းနံဘေး၌ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော နဂါးကျစ်မှော်စေတီတော်၌ မြေထိန်းကျောက်သားနံရံတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

မြစ်ရေတိုက်စားမှုကြောင့် စေတီတော်တံတိုင်းသည် ဘုရားကုန်း မြေနှင့် သုံးပေခန့်သာကွာတော့ပြီး သာသနာ့အမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်သည့်အနေဖြင့် မြို့နယ်သံဃာ့ နာယက ဆရာတော်ကြီးများကိုယ်တိုင် ဦးစီးဆောင်ရွက်ကာ ဆောက်လုပ်မည်ဖြစ်သည်။

ဘုန်းမြင့်မိုရ် ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာများ၏တိုင်းထွာတွက်ချက်မှုအရ အောက်ခြေကမ်းပါးနံရံမှာ အလျား ပေ ၂၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၂၆ ပေ ရှိ ကျောက်သားနံရံ ဆောက်လုပ်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ် သိန်း ၆၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ၎င်းဂေါပကအဖွဲ့ထံမှ သိရသည်။

“ပခုက္ကူမြို့၊ တိလောကရာမကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု မြို့နယ်ကြီးကြပ်ရေးအဖွဲ့(ဥက္ကဋ္ဌ) ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ပညာဝံသ (နယ်လှည့်ဓမ္မကထိက) ဆရာတော် ဘုရားနှင့် နာယကဆရာတော်များ ဦးဆောင်မှုဖြင့် ပခုက္ကူမြို့နယ်အတွင်းအလှူခံခဲ့ရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူး အလှူရှင်များမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကျော်ရရှိခဲ့သည်ဟု” နဂါးကျစ် စေတီတော်ဂေါပကဥက္ကဋ္ဌမှ ပြောကြားသည်။

ထို့ကြောင့် အလှူခံရရှိငွေဖြင့် မေပြီ ၂၆ ရက်၌ စတင်ဆောက်လုပ်ပြီး ဆောက်လုပ်နေမှုအား ခရိုင်မြို့နယ်မှ တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့နှင့် အဖွဲ့ဝင်များ ဒေသခံပြည်သူများမှ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြကြောင်းလည်း သိရသည်။

၎င်းစေတီတော်သည် စေတီတည်ထားရန် နဂါးမင်း၏ ကူညီမှုဖြင့် နဂါးကျစ်စေတီတော်ဖြစ်လာသလို ရန်အပေါင်းကို အောင်မြင်စေသော စေတီတော်တစ်ဆူဖြစ်ကြောင်းသိရသည်။

နဂါးကျစ် စေတီတော် ကျောက်ထိန်းနံရံ တည်ဆောက်မှုအား ရပ်နီးရပ်ဝေးမှ စေတနာရှင်များ အနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါလျှင် ဖုန်း- ၀၉၄၀၂၇၅၃၀၆၉၊ ၀၉ ၂၃၀၀၆၁၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

ကျော်ကျော် (မလှိုင်)

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်တွင် (၂၀) ကြိမ်မြောက် နွေရာသီ ယမိုက်၊ ပဋ္ဌာန်း အထူးသင်တန်းဖွင့်

ရန်ကုန်၊ မေပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ (၂၀) ကြိမ်မြောက် နွေရာသီ ယမိုက်၊ ပဋ္ဌာန်း အထူးသင်တန်းဖွင့်ပွဲကို မေပြီ ၂၇ ရက် နံနက် ၉ နာရီက ရွာမပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် (မြောင်ဆရာတော်) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစဏ္ဍိတာဘိဝံသထံမှ တက်ရောက်လာကြသူများက ရှစ်ပါးသီလခံယူကြသည်။

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မျက်မှောက်ခေတ် သာသနာရေးအခြေအနေများနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများကို ရှင်းလင်း လျှောက်ထားခဲ့သည်။

ဘဒ္ဒန္တလောကာဘိဝံသအဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ပဓာနနာယက အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ ဗဟို (ဥက္ကဋ္ဌ)၊ သင်တန်းနည်းပြဆရာတော်မှ သင်တန်းအကြောင်း သိကောင်းစရာများ ဩဝါဒကထာ ရှင်းလင်း မိန့်ကြားတော်မူခဲ့သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဒု-ဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ မန္တလေးဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော်ဘဒ္ဒန္တဩဘာသာဘိဝံသမှ ရေစက်ချ တရားတော်ကို ဟောကြားတော်မူသည်။

အကြိမ် (၂၀) မြောက် နွေရာသီ ယမိုက်၊ ပဋ္ဌာန်းအထူးသင်တန်းသားများ စိတ်ချမ်းသာစွာမြင့် ဗုဒ္ဓဘုရားရှင်၏ ခက်ခဲနက်နဲသော အဘိဓမ္မာပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို သင်ကြားပို့ချနိုင်ရန်အတွက် မေပြီ ၂၇ ရက်မှ ဇွန် ၁ ရက်အထိ ၃၅ ရက်တိုင်တိုင် မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်မှ စာချစာသင် ရဟန်းသာမဏေ ၂၄၄ ပါး၊ သီလရှင် ၂၀ ပါး၊ လူပုဂ္ဂိုလ် ၁၈ ဦး စုစုပေါင်း ၂၈၂ ဦးတို့ကို နေ့စဉ် နံနက်ပိုင်းတွင် ၈ နာရီခွဲမှ ၁၀ နာရီထိ၊ နေ့လည်ပိုင်းတွင် ၁ နာရီမှ ၂ နာရီခွဲနှင့် ညနေပိုင်းတွင် ၃ နာရီခွဲမှ ၅ နာရီအထိ သင်ကြားချိန် ၄ နာရီခွဲကြာ သဘောပေါက်အောင် ယမက (အောက်+အထက်) ပဋ္ဌာန်းဆန်းအလက်ာ သင်တန်းများကို ရွာမပရိယတ္တိစာသင်တိုက် အရှင်တိလောကဘိဝံသဆရာတော် ပညာရှင်များက စေတနာမေတ္တာအပြည့်ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **(၆၈၄)**

ဓာတ်ကြိုးလမ်းပေါ်ပြုတ်ကျ၍ လူနှင့်နွားသေဆုံး

မြစ်သား၊ မေပြီ ၃၀

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲသပြေသာရပ် ရွာလယ်လမ်းဘက်မှ ကဆွန်ဘက်သို့ ထွက်လာ သောလမ်းတွင် မေပြီ ၂၆ ရက် နံနက် ၆ နာရီခွဲက ၎င်းရပ်ကွက်နေ သိန်းဌေးဇော် ၂၈ နှစ်နှင့် ဦးတုတ်ဖြူ ၆၅ နှစ်တို့သည် နွားနှစ်ရှဉ်းအား မောင်းနှင်လာစဉ် ကူမဲတောင်ရွာသပြေသာဘက်သို့ ဆက်သွယ်ထားသော ၄၀၀ ဗို့ လျှပ်စစ်ဓာတ်ကြိုး ပြုတ်ကျရာ သိန်းဌေးဇော်မောင်းနှင်လာသည့် နွားနှစ်ကောင်ပေါ် ပြုတ်ကျသဖြင့် နွားများသေဆုံးသွားခဲ့ပြီး သိန်ဌေးဇော်မှ ဓာတ်ကြိုးအား ဖယ်ရှားရာ ဓာတ်လိုက်ပြီး မီးလောင်ဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် ကူမဲတိုက်နယ်ဆေးရုံသို့ ပို့အပ်ပြီး နယ်မြေကူမဲရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၄ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဆောင်းပါး

ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည့် အခြေခံ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်း

à vi,fuBB

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား နိုင်ငံတော်အတွက် ရေကြောင်းပညာနှင့် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များအဖြစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရေကြောင်း လူငယ်အခြေခံသင်တန်းများအား တပ်မတော်(ရေ)မှလည်းကောင်း၊ လေကြောင်းလူငယ်သင်တန်းများအား တပ်မတော်(လေ)မှလည်းကောင်း၊ သက်ဆိုင်ရာမြို့များ၌ ဧပြီ ၂၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ဧပြီ ၂၄ ရက်ထုတ် မြဝတီသတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။

မြန်မာနိုင်ငံသည်ပထဝီအနေအထားအရ ရှည်လျားသော ကမ်းရိုးတန်း၊ ကျယ်ပြန့်သော ပင်လယ်ပြင်၊ မြစ်ချောင်းများနှင့် မြင့်မားကျယ်ပြန့်သော ကုန်းလွင်ပြင်များ၊ တောင်တန်းဒေသများအား ပိုင်ဆိုင်ထားသောနိုင်ငံ ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံ၏ ရှည်လျားကျယ်ပြန့်သော ကမ်းရိုးတန်းပင်လယ်ပြင်၊ ရှည်လျားသော မြစ်ချောင်းများအား တိုင်းတစ်ပါးရန်မှ ကာကွယ်ရန်နှင့် သယံဇာတများကို အကျိုးရှိစွာ ထုတ်ဖော်အသုံးပြုနိုင်ရန်အတွက် ရေကြောင်းပညာရပ်များနှင့် ရင်းနှီးရန် လိုအပ်ပါသည်။

ထို့အတူ ကျယ်ပြန့်လှသော မြန်မာနိုင်ငံ၏ ဝေဟင်ကို ကာကွယ်ရန်နှင့် နိုင်ငံတစ်လွှား အချိန်တိုတိုနှင့် ခရီးပေါက်နိုင်သည့် လေကြောင်းဆိုင်ရာနည်းပညာရပ်များကိုလည်း မြန်မာလူငယ်များ ရင်းနှီးတတ်ကျွမ်းရမည်ဖြစ်ပေသည်။

စာရေးသူ ငယ်စဉ်က အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့တွင် ကြီးပြင်းခဲ့ရသဖြင့် ကွတ်ခိုင်မြို့ရှိ လေယာဉ်ကွင်းငယ်တွင် အတက်အဆင်းပြုခဲ့သော လေယာဉ်ငယ်များ၊ ရဟတ်ယာဉ်များ၊ မြို့ပေါ်မှ ဖြတ်သန်းသွားသော T၃၃ တိုက်လေယာဉ်များကိုကြည့်၍ လေသူရဲများကို အားကျခဲ့ပါသည်။ သို့သော်လည်း ထိုစဉ်က လေကြောင်း လူငယ်သင်တန်းနှင့် ရေကြောင်း လူငယ်သင်တန်းများအား မြို့ကြီးများတွင်သာ ဖွင့်လှစ်ခဲ့သဖြင့် စာရေးသူနှင့် အလှမ်းဝေးခဲ့ ရပါသည်။

ထို့အတူ ၁၉၇၄ ခုနှစ် သဘာဝသိပ္ပံတက္ကသိုလ်(လှိုင်) တွင် တက်ရောက်သောအခါ လူငယ်အင်းလျားလေးစခန်းဘေးတွင်ဖြစ်၍ ရေကြောင်းလူငယ်များ လေ့ကျင့်နေသည်ကို မြင်တွေ့ရ၍ အားကျခဲ့ဖူးပါသည်။

> ဝေဟင်ကိုကာကွယ်ရန်နှင့် နိုင်ငံတစ်လွှား အချိန်တိုတိုနှင့် ခရီးပေါက် နိုင်သည့် လေကြောင်းဆိုင်ရာနည်းပညာရပ်များကိုလည်း မြန်မာလူငယ်များ ရင်းနှီး . . .

ထိုစဉ်က ဖွင့်လှစ်ခဲ့သော လေကြောင်းလူငယ် သင်တန်းသားများသည် လူမဲ့လေယာဉ်ပျံအား ရေဒီယိုဖြင့် ထိန်းကျောင်းမောင်းနှင်ခြင်း၊ စက်မဲ့လေယာဉ်ဖြင့် ကောင်းကင်၌ ပျံသန်းခြင်း စသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အတူ ရေကြောင်းလူငယ်သင်တန်းများအနေဖြင့်လည်း လှေလှော်၊ ရွက်တိုက်အားကစားနည်းများတွင် နိုင်ငံလက်ရွေးစင်အထိလည်းကောင်း၊ ပင်လယ်ကူးသင်္ဘောကြီးများပေါ်တွင် တာဝန်ထမ်းဆောင်သည့် သင်္ဘောသားများ၊ အင်ဂျင်နီယာများဖြစ်သည်အထိလည်းကောင်း ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ထိုသင်တန်းများ ရပ်ဆိုင်းခဲ့ပြီး လူငယ်များလည်း နွေရာသီကျောင်းပိတ်ရက်ကာလအား အကျိုးရှိစွာဖြင့် ဖြတ်သန်းရမည့်အခွင့်အရေးနှင့် ကင်းဝေးခဲ့ရပါသည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ပျောက်ဆုံးနေသော လူငယ်များ၏ အားမာန်များကို ပြန်လည်ဖော်ဆောင်သင့်ကြောင်း ဆောင်းပါးတစ်ပုဒ်အား ၂၀၁၃ ခုနှစ်အတွင်းက မြဝတီသတင်းစာမှတစ်ဆင့် တင်ပြခဲ့ဖူးပါသည်။

တပ်မတော်(ရေ)သည် ရေကြောင်းလူငယ်သင်တန်းများအား ရေကြောင်းပညာကို စိတ်ပါဝင်စားသော အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်၊ နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်ပေါ်လာရေး လေ့ကျင့်ပေးရန်နှင့် လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းလျားရေကြောင်းလူငယ်စခန်း၊ မော်လမြိုင်၊ မြိတ်ကျွန်းစု၊ ပုသိမ်၊ ကျောက်ဖြူမြို့စခန်းများတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် တစ်ပြိုင်နက်ဖွင့်လှစ်ပေးခဲ့ပါသည်။

အလားတူပင် တပ်မတော်(လေ)မှလည်း လေကြောင်းလူငယ်သင်တန်းများအား လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်စေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့် ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မိတ္ထီလာ၊ မြစ်ကြီးနား၊ နမ့်စမ်၊ မြိတ်၊ လမ်းမတော်၊ ပုသိမ်၊ ဟုမ္မလင်း၊ မကွေး၊ တောင်ငူမြို့များတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် တစ်ပြိုင်နက်ဖွင့်လှစ်ပေးခဲ့ပါသည်။

ယခုအချိန်တွင် နွေရာသီကင်းထောက်လူငယ်သင်တန်း၊ ရေကြောင်းလူငယ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်း စသည်တို့အား ဖွင့်လှစ်ပေးခြင်းဖြင့် ယခင်က လေလွင့်နေသောနွေရာသီ လူငယ်အားမာန်များအား ပြန်လည်စုစည်း၍ မြှင့်တင်ပေးလျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ ရေပြင်နှင့်ဝေဟင်ပိုင်နက်တို့အား ကာကွယ်စောင့်ရှောက်ပြီး သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ နိုင်ငံတော်၏ ရည်မှန်းချက်များအား အထောက်အကူပြုအကောင်အထည် ဖော်ဆောင်နိုင်မည့် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ခြင်းအား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

မြင်းမူမြို့နယ် ကံဖျားကျေးရွာရှိ တောင်သူများ တစ်နှစ်သုံးသီးစား သီးနှံပုံစံ အကောင်အထည်ဖော်

မြင်းမူ၊ ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်၍ ပျော့ရွှာလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေပြီး တစ်နှစ်ကို သုံးသီးစား သီးနှံပုံစံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြင်းမူမြို့နယ် ကံဖျားဒေသသည် ယခင်က မိုးရာသီတွင် မိုးနှမ်းသီးနှံစိုက်ပျိုးကြပါသည်။ မိုးဦးခေါင်သည့်နှစ်နဲ့ ကြုံတွေ့ပါက မိုးနှမ်းမဖြစ်ထွန်းပါ။ ဆောင်းရာသီတွင် ဂျုံစိုက်ပျိုးကြောင်း၊ တစ်နှစ်တစ်သီးသာ စိုက်ပျိုးကြရပြီး ကံဖျားဒေသရှိ တောင်သူများသည် ဝင်ငွေနည်းကြသည်။

ပထမသီးနှံအဖြစ် မိုးကြိုပဲတီစိမ်း ၁၀၀ ဧက၊ ဒုတိယသီးနှံအဖြစ် အစေ့ထုတ်ပြောင်း ၂၅ ဧကနှင့် မိုးပဲတီစိမ်း ၃၅ ဧက၊ တတိယသီးနှံအဖြစ် ဂျုံ ၁၀၀ ဧကစိုက်ပျိုးခဲ့ကာ ၎င်းသီးနှံပုံစံ အောင်မြင်ဖြစ်ထွန်းရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်နှင့် မြေစာရင်းဦးစီးမှူး ဦးအောင်မင်းတို့ ဝိုင်းဝန်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တစ်နှစ်သုံးသီးစားသီးနှံ ပုံစံစိုက်ပျိုးရ၍ တောင်သူများသည် ဝင်ငွေသုံးဆတိုးတက်ခဲ့ပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၎င်းသုံးသီးစားသီးနှံပုံစံကို တိုးချဲ့စိုက်ပျိုးနေသည်ကိုလည်း သိရှိခဲ့ရပါသည်။

ယခုအချိန်တွင် မိုးကြိုပဲတီစိမ်း ၂၅၀ ဧက တိုးချဲ့စိုက်ပျိုးမည်ဖြစ်ရာ ၂၀၀ ဧကခန့် စိုက်ပျိုးပြီးကြောင်းသိရပြီး ဆက်လက်၍ ဧပြီလကုန်တွင် ၂၅၀ ဧက ပြီးစီးအောင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

သတင်းတို

ကြိတ်ခုံအပိုပစ္စည်းနှင့် ကျောက်ချဇကာလုပ်ငန်း ကုန်တံဆိပ် ပုံတူအတုပြုလုပ်ရောင်းချသူ အရေးယူ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေ ဦးညိမ်း(၅၂)နှစ်၊ ကြိတ်ခုံအပိုပစ္စည်းနှင့် ကျောက်ချဇကာလုပ်ငန်းသည် 'ရှယ်၊ ဝရှယ်၊ ထူးရှယ်' အမှတ်တံဆိပ်အား ဆန်းလိုက်အမည်ဖြင့် ကြိတ်ခုံပစ္စည်းနှင့် ကျောက်ချဇကာအမျိုးမျိုးအား တစ်ဦးတည်းမူပိုင်ဖြန့်ချိရောင်းချလျက်ရှိကြောင်းသိရသည်။ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာနေ မျိုးဝင်းသည် အဆိုပါ ဦးညိမ်း မှတ်ပုံတင်ထားသော 'ရှယ်၊ ဝရှယ်၊ ထူးရှယ်' အမှတ်တံဆိပ်အား အသုံးပြုကာ ကြိတ်ခုံအပိုပစ္စည်းနှင့် ကျောက်ချဇကာအမျိုးမျိုးအား ပုံတူအတုပြုလုပ်ရောင်းချနေသဖြင့် အရေးယူပေးရန် ဧပြီ ၂၇ ရက်က ပုသိမ်ကြီးမြို့နယ် မြို့မရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။ မြို့မရဲစခန်းက (ပ)၁၂၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၈၅/၄၈၆ အရ အမှုဖွင့်စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)







နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ကျောက်ဖျာအပိုင်ရှိ ကျောက်ဖျာ ကျေးရွာနှင့်ရွာသစ်ကုန်းကျေးရွာချင်းဆက်လမ်း ၃၀ ရာခိုင်နှုန်းပြီးစီး

ဇေယျာသီရိ၊ ဧပြီ ၃၀

ကျေးရွာနေပြည်သူများ သွားလာရလွယ်ကူစေရန်အတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျပ်သိန်း ၃၀ မတည်ကာ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ဖျာအပိုင်ရှိ ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများတွင် ကျေးရွာချင်းဆက် ဆိုင်ကယ်သွားမြေသားလမ်းအား ဧပြီ ၂၅ ရက်မှ စတင်ဖောက်လုပ်နေပြီဖြစ်ရာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးလာပြီဖြစ်ကြောင်း ကျောက်ဖျာအုပ်စု အပိုင်ဥက္ကဋ္ဌ ဦးသန်းထိုက်က ပြောသည်။

ယင်းမြေသားလမ်းအား ဖောက်လုပ်ရန်အတွက် မြေသားစစ်ဆေးမှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့ပြီး အကျယ် ၁၄ ပေ၊ ၁၅ ပေနှင့် နှစ်မိုင်ကျော်ခန့် ဖောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါလမ်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၇၀ ခန့်လျာထားပြီး မေလအတွင်း အပြီးဖောက်လုပ်သွားရန်ရှိကြောင်း သိရသည်။

‘အခု ဘက်ဖိုးတစ်စီး ငှားထားတယ်။ တစ်နာရီကို ကျပ် ငါးသောင်းကျော် လောက်ပေးရတယ်။ တစ်နေ့ကို ခြောက်နာရီ လုပ်ကြတယ်။ အခုလအတွင်း အပြီးလုပ်သွားမယ်။ နောက်ပိုင်းမိုးကျလာရင် အခက်အခဲဖြစ်နိုင်တယ်။ ဒီလမ်းက အခက်အခဲတော့ရှိတယ်။ ကျောက်သားတွေ ခံနေတာရယ်။ တောင်ကို ပတ်ပြီးဖောက်ရတာလည်းရှိတော့ မိုင်းနဲ့ ကျောက်တွေခွဲရမှာလည်းရှိတယ်” ဟု ကျောက်ဖျာအုပ်စုအပိုင်ဥက္ကဋ္ဌ ဦးသန်းထိုက်က ပြောသည်။

ယင်းရွာများတွင် လူဦးရေတိုးလာသောကြောင့် ကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ကျန်းမာရေးများအတွက် သွားလာရလွယ်ကူစေရန် ကျောက်ခင်းလမ်းပြုလုပ်ရန် ရှိသော်လည်း ကုန်ကျငွေ များမှုကြောင့် ယခုကဲ့သို့ မြေသားလမ်းသာ ဖောက်လုပ်ရကြောင်း ဥက္ကဋ္ဌ ဦးသန်းထိုက်က ပြောသည်။

“အရင် ဒီလမ်းက လူသွားလမ်းခြေတစ်ဖဝါးစာပဲရှိတယ်။ ပေနဲ့တွက်ရင် တစ်ပေစာပဲရှိတယ်။ နောက်ပြီး အရင်က ဒီလမ်းကို သုံးဖို့အတွက် ရွာထဲမှာ လူတွေကလည်း နည်းသေးတယ်။ အခုတော့ လူဦးရေလည်းများလာပြီဖြစ်တဲ့အတွက် စီးပွားရေးနဲ့ ကျမ်းမာရေးအတွက် လမ်းပန်းဆက်သွယ်ရေးက လိုအပ်လာလို့ ဖောက်ကြတာပါ။ ကျေးရွာက စုပေါင်းငွေစုပြီး မတည်ငွေနဲ့ စပြီးဖောက်လုပ်တာပါ။ နောက်တဖြည်းဖြည်းစုပြီး လုပ်သွားမှာပါ။ ဒီလထဲ အပြီးလုပ်သွားချင်ပါတယ်။အဓိကကတော့ ကုန်ကျငွေပါပဲ။ အခုလက်ရှိကတော့ မတည်ငွေနဲ့ လုပ်နေပါပြီ” ဟု ဦးသန်းထိုက်က ဆက်လက်ပြောသည်။

ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

နေပြည်တော်၊ဇေယျာသီရိမြို့နယ်၊ ကျောက်ဖျာအပိုင်အတွင်းရှိ ကျေးရွာနှစ်ရွာပေါင်း အိမ်ထောင်စုဦးရေမှာ ၁၀၀၀ နီးပါးခန့်ရှိပြီး ယခင်က တစ်ရွာနှင့် တစ်ရွာခြေလျင်သွားလာပါက သုံးနာရီခန့်ကြာမြင့်ခဲ့ပြီး ဆိုင်ကယ်ဖြင့်သွားပါက နာရီဝက်ခန့်သာ ကြာမည်ဖြစ်ကြောင်း ကျောက်ဖျာကျေးရွာရှိ ဒေသခံ ကိုစောတေဇာက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းအားဒေသခံပြည်သူများ သွားလာရလွယ်ကူစေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော် နာယကသူရဦးရွှေမန်း၏ လမ်းညွှန်မှုဖြင့် ဇေယျာသီရိမြို့တွင်းရှိ ဒေသခံများ အလုပ်အကိုင်ရရှိရေးအတွက် ဖောက်လုပ်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

နေဇာ(ပိတောက်ရိပ်)

ဂုံညင်းဆိပ်ကျေးရွာရှိ ရောင်ခြည်ဦး စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

မြင်းမူ၊ ဧပြီ ၃၀

ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခန့်က မြင်းမူမြို့နယ် ဂုံညင်းဆိပ်ကျေးရွာရှိ ရောင်ခြည်ဦး စာကြည့်တိုက်သို့ မန္တလေးမြို့ မြို့သစ်ရပ်ကွက်နေ ဦးအောင်အောင်-ဒေါ်မြင့်မြင့်သူ မိသားစုတို့မှ သုတရသမဂ္ဂဇင်း၊ ဂျာနယ်၊ တရားဓမ္မ ရုပ်ပြကာတွန်း စုစုပေါင်း ၈၂၂ အုပ်နှင့် စားပွဲခုံအရှည်တစ်လုံး၊ စားပွဲခုံအတိုတစ်လုံး၊ ထိုင်ခုံအမြင့် ခြောက်လုံး၊ ထိုင်ခုံ အနိမ့် ငါးလုံး၊ ဂုံညင်းဆိပ်ရွာနေ ဦးမင်း-ဒေါ်ဝင်းမော်မိသားစုမှ (၂၁)လက်မ TV တစ်လုံးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်ကို အစိုးရထည့်ဝင်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာနေပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀ သိန်း၊ အခြားမြို့ရွာအလှူရှင်များမှ ကျပ် ခြောက်သိန်း စုစုပေါင်း ၂၆ သိန်းဖြင့် ဆောက်လုပ်ပြီး စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ အာစီတိုက် သွပ်မိုး သံမန်တလင်းခင်း(ကျောက်သွေးလောင်း)အမျိုးအစားဖြစ်သည်။

ယင်းစာကြည့်တိုက်ကို အဆောက်အအုံအတွင်းအပြင် ဆေးသုတ်ပြီးစီးနေပြီဖြစ်ကာ စာကြည့်တိုက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်း

မန္တလေး၊ ဧပြီ ၃၀

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးခရိုင်အတွင်းရှိ အခွန်ထမ်း ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းဇော်ဝင်းမှ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အခွန်များကို အခွန်ထမ်းပြည်သူများက ထမ်းဆောင်ကြရာတွင် မျှတမှုရှိခြင်း၊ အဆင်ပြေခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် ဝန်ထုပ်ဝန်ပိုးတစ်ခုသဖွယ် မဖြစ်စေရေး အခွန်အရပ်ရပ်ဖြေလျှော့မှုများနှင့် ယခင်က အခွန်မကျသင့်သည့် တစ်နှစ်လစာငွေမှာ ကျပ် ၁၄၄၀၀၀၀ အထိဖြစ်ပြီး ယခုဖြေလျှော့မှုအရ တစ်နှစ်ရရှိသည့်လစာငွေမှ အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ဇနီးနှင့် သားသမီးများအတွက် သက်သာခွင့်၊ အသက်အာမခံထည့်ဝင်ငွေ၊ လူမှုဖူလုံရေး ထည့်ဝင်ငွေများကို နှုတ်ပြီး ကျန်ငွေ ၂၀၀၀၀၀၀ နှင့် အထက်ရှိမှသာ လစာပေါ်မှ အခွန်ကျသင့်မည်ဖြစ်ကြောင်းနှင့် အိမ်ခြံမြေ၊ မော်တော်ယာဉ် ရောင်းဝယ်မှုဆိုင်ရာ အခွန်နှုန်းထားများအား အချိန်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင်မှုများအား ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသူများက အခွန် စည်းကြပ် ကောက်ခံမှုများအား မေးမြန်းခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သီတဂူသုမေဓာဆေးရုံ လပ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

သီတဂူရွှေမြည်ဟိန်းစကျွဲဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

KBZBank(Account No.

ပုလဲရတုအကြို မင်္ဂလာဆုတောင်းလွှာ

ဗိုလ်မှူးမြသောင်း-ဒေါ်စန်းစန်းတင် (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းပညာ၊ ပဲခူးတိုင်းဒေသကြီး)တို့၏ ၁-၅-၂၀၁၄ ရက်တွင် ကျရောက်သော ပုလဲရတုအကြို မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကျန်းမာပျော်ရွှင်စွာ အတူဖြတ်သန်းနိုင်ပြီး လောကီ လောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းလျက်-

ဒေါ်ခင်ကြည်၊ ဒေါ်မြင့်မြင့်သန်းနှင့်
ငွေရတုနှစ် ဆရာအတတ်သင်ဆင်းငယ်သူငယ်ချင်းတစ်စု

မြတ်ရတနာသင်တန်းများဖွင့်ပါပြီ

အဘိဓမ္မာ ပထမဆင့်	-	စနေနေ့တိုင်း နံနက် ၈း၃၀ မှ ၁၁း၀၀ နာရီထိ
အဘိဓမ္မာ ဒုတိယဆင့်	-	စနေနေ့တိုင်း မွန်းတည့် ၁၂း၀၀ မှ ၂း၃၀ နာရီထိ

စနေသင်တန်းများကို ၁၇-၅-၂၀၁၄ ရက် စဖွင့်ပါမည်။

အဘိဓမ္မာ ပထမဆင့်	-	တနင်္ဂနွေနေ့တိုင်း နံနက် ၈း၃၀ မှ ၁၁း၀၀ နာရီထိ
အဘိဓမ္မာ ဒုတိယဆင့်	-	တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂း၀၀ မှ ၂း၀၀ နာရီထိ
အဘိဓမ္မာ တတိယဆင့်	-	တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂း၁၅ မှ ၄း၀၀ နာရီထိ
ဝိသုဒ္ဓိမဂ်သင်တန်း	-	တနင်္ဂနွေနေ့တိုင်း နံနက် ၈း၃၀ မှ ၁၁း၀၀ နာရီထိ
ဋီကာကျော်သင်တန်း	-	တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂း၀၀မှ ၃း၀၀ နာရီထိ

တနင်္ဂနွေသင်တန်းများအားလုံးကို ၄-၅-၂၀၁၄ ရက် စဖွင့်ပါမည်။

ဗိုလ်တထောင်စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓဓမ္မစာပေသင်တန်း နှစ်ထပ်ဆောင် (၁၅ ခန်းတွဲ နောက်ဘက်တွင်) ဖွင့်လှစ်ပါမည်။

စုံစမ်းရန် ဖုန်း-၀၉-၅၀၂၀၇၈၉၊ ၀၉-၇၃၀၀၂၁၉၈၊ ၀၉-၃၁၄၀၉၈၆၃

ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဗိုလ်မှူးကြီးမျိုးမြင့်**(တေဇ-၈)-မေမေ **ဒေါ်မာမာဦး** (မန်နေးဂျင်းဒါရိုက်တာ၊ ပဋ္ဌညီနောင်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)တို့၏ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သား၊ သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား - **မောင်ရန်အောင်မျိုး B.C.Sc**
ဒါရိုက်တာ၊ ပဋ္ဌညီနောင်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ မိတ္ထီလာမြို့

ချစ်သမီး - **မမျိုးမြတ်ရတနာ B.Agr.Sc**
ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

အဘနှင့်အစ်မတို့၏ နှစ်(၃၀)ပြည့်မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေ-
ပဋ္ဌညီနောင်ရောင်းဝယ်ရေး မိတ္ထီလာမြို့မှ ဝန်ထမ်းများ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက် ခြင်း

ဒေါက်တာ ဦးသန်းထွန်း (ဒုရဲမှူး-ငြိမ်း၊ ၂/၆၅၊ ရွှေနေကြီး) သည် The Aegis of Indian Institute of Oriental Heritageမှ Doctor of Oriental Learning Ph.D Kolkata,India ဘွဲ့ရရှိခဲ့သည့်အပြင် Certificate for Jagad Guru, Sankaracharya Award ဆုကိုလည်း ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို တတ်ကျွမ်းပညာဖြင့် သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တူ/တူမများ
၁။ **ဦးသက်နိုင်(မွေး/ကုဦးစီး)-ဒေါ်စန်းစန်းရွှေ**
၂။ **ဒုရဲအုပ် ခိုင်ဝင်းကိုကို-ဒေါ်ခိုင်သင်းစု**
၃။ **ဦးအေးမြင့်မောင်(ပြည်တွင်းရေကြောင်း)-ဒေါ်ဆွေဆက်(မွေး/ကုဦးစီး)**
၄။ **ဒေါ်စုစုမာ(ဒု-ကျောင်းအုပ်၊ မျက်မမြင်ကျောင်း၊ ကြည့်မြင်တိုင်)**
၅။ **ဦးညီမင်း-ဒေါ်ရွှေဝင်လှဲဝင်းငွေး(မန်းစည်ပင်)**
၆။ **ဦးတင်မောင်လင်း-Dr.သူသူမောင်မောင်ညွှန့် (မကွေးဆေးတက္ကသိုလ်)**
၇။ **ဦးနေလင်းအောင်-ဒေါ်အိအိဆွေ**

အမည်ပြောင်းခြင်း

ကျွန်တော်ဦးစိုးအောင်[၁၂/ပဗတ(နိုင်)၀၀၆၉၉၃]၏ သမီးဖြစ်သူ မအေးသူသူအောင်[၁၂/ကမရ(နိုင်)၀၆၁၅၂၄]အား ယနေ့မှစ၍ မသံစဉ်အောင်ဟု ပြောင်းလဲခေါ် ဆိုပေးပါရန်။

နိုင်းခွန်စနောင် ဘူမအကျိုးဆောင်မှ ရောင်း/ငှားမည့်အိမ်၊ ခြံ၊ မြေများ

- သင်္ဃန်းကျွန်း VIP(II) (60'×60') ... 11MC 5000 သိန်း
- မ/ဥက္ကလာ ... (20'×82') ... 3500 သိန်း
- ... (40'×60') ... 2RN 3500 သိန်း
- မ/ဂုံ(၂၄)ရပ်ကွက် (41'×81') ... 1PT 1900 သိန်း
- တာ/ဥက္ကလာ ... (20'×60') ... 1RN 1800 သိန်း
- ... (20'×70') ... 3800 သိန်း
- မရမ်း Ocean Condo (1550sqft) 2MBR,Lift 3200 သိန်း
- ... (1650sqft) 1MBR,Lift 3000 သိန်း
- ... (1350sqft) 1MBR,Lift 2700 သိန်း
- ... (1100sqft) 1MBR ... 1F 1050 သိန်း
- ... (40'×140') ... 1PT ...50 သိန်း
- ... (55'×55') 4MBR,F.F 2RC ...40 သိန်း
- တာ/ဥက္ကလာ ... (20'×60') 1MBR,1BR 1RC ...10 သိန်း
- ... (50'×50') ... 35 သိန်း
- Diamond Condo (1800sqft) 1MBR,F.F,Lift ... 2500

... Ph: 01-8500771, 8500772, 8500773, 09 250373716, 09 31608881, 0931608883
E.mail : saikhungsaung1995@gmail.com

အာစရိယပူဇော်ပွဲ ကွန်ပျူတာတက္ကသိုလ် (မွန်ပြည်နယ်)

နေ့ရက် - ၃-၅-၂၀၁၄(စနေနေ့)-နံနက် ၁၀နာရီ
နေရာ - ကွန်ပျူတာတက္ကသိုလ်(သထုံ)

ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်မှ ညီအစ်ကိုမောင်နှမများ ရင်းနှီးခင်မင်စွာဖြင့် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ကိုပေါ်လာ(MLM)	ဖုန်း-၀၉-၅၃၂၂၆၃၀	နေလင်းချို(သထုံ)	ဖုန်း-၀၉-၄၄၉၂၅၀၀၄၈
အောင်ကျော်စိုး	ဖုန်း-၀၉-၄၂၅၂၇၇၃၃၆	သူရကျော်	ဖုန်း-၀၉-၄၉၈၁၅၀၆၆
ကိုကြည်စိုး	ဖုန်း-၀၉-၂၅၆၂၃၁၆၈၁	မင်းသူခိုင်	ဖုန်း-၀၉-၂၅၅၇၇၉၀၃၄
ကိုယုလွင်(ရန်ကုန်)	ဖုန်း-၀၉-၄၅၀၀၄၉၉၅၁	မရည်မွန်စု	ဖုန်း-၀၉-၅၃၂၁၈၂၅
ဖြိုးသူခိုင်	ဖုန်း-၀၉-၅၁၉၅၅၅၂		

အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ယခင် ဦးဘဟန်လမ်း(ယခု အထက်ဗဟိုလမ်း)၊ အိမ်အမှတ်(၂၄)၊ အကျယ်အဝန်း (အလျား ပေ၂၂×အနံပေ၈၁)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်နွယ်နွယ်ထွန်း[၁၂/မရက(နိုင်)၁၄၂၀၆၄]၊ ဒေါ်ခင်ဆွေဦး(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးတင်ဦး)[၁၂/မရက(နိုင်)၀၂၈၀၁၉]၊ ဦးအောင်အောင်[၅/ရမပ(နိုင်)၀၄၈၉၆၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် "၁၂-၄-၂၀၁၄ရက်စွဲပါ ခြံအရောင်းအဝယ် စရန်ပေးကတိစာချုပ်"ကို ချုပ်ဆိုပြီး အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေအနက် စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ ခြံမြေပစ္စည်းစာရင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနေဝင်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၃၈၂/၈၃)
အမှတ်-၁၉/ခ၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၉၅၇၃၁

ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း

မြေကွက်များ အထူး ...
09-73005053
09-5122010

အများသိစေရန်

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ၁၄ရပ်ကွက်၊ မြေကွက်အမှတ်-၂၁၅နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်သွားပါသဖြင့် ရရှိထားသူများ အောက်ပါဖုန်းနံပါတ်နှင့် ဆက်သွယ်ပေးပို့ပါက အထူးကျေးဇူးတင်ပါမည်။ အလွဲသုံးစားပြုသူများအား ထိရောက်စွာ အရေးယူမည်။

ဒေါ်မေသိန်းအောင်
ဖုန်း-၀၉-၇၃၀၂၃၈၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၂၃/ဃ-၂ ဧရိယာ(၀. ၀၆၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၂၈၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ ဒေါ်ခင်မြကြွယ် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ဒေါ်ခင်မြကြွယ်၊ ဖခင်ဦးလှရောင် မိခင် ဒေါ်ကျော့လာတို့ကွယ်လွန်သဖြင့် ဦးထွန်းဦး(ခ)ဦးစွန်ဟင်း(HLG-၀၀၄၉၆၂)၊ ဒေါ်သန်းသန်းအေး[၁၂/လမန(နိုင်)၁၁၁၃၅၄]၊ ဦးအေးလှ[၁၂/လမန(နိုင်)၁၂၇၆၉၂]နှင့် ဒေါ်စိုးစိုးမာ[၁၂/လမန(နိုင်)၁၁၉၇၄၁]တို့က သားသမီးများ တော်စပ်ကြောင်းနှင့် ၎င်းတို့၏ ဖခင် ဦးလှရောင်၏ ပထမဇနီး ဒေါ်ခင်မြကြွယ်နှင့် သားသမီး မထွန်းကားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၄၀၀၊ မြေကွက်တည်နေရာအမှတ်(၄၀၀)၊ (၁၀)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ကျင်ဟိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်ဟိုင်နှင့် (တရားလို) ဦးစိုးတင့်အောင်တို့၏ တောင်ဥက္ကလာပမြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ်-၁၂/၁၄၊ ဇာရီမှုအမှတ်-၁၆/၁၄ တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၃၄၈၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသက်မော်[၉/မလန(နိုင်)၀၈၀၃၁၉]အမည်ဖြင့် ရရှိသောမြေဖြစ်ပြီး ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ ပါမစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်အနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းမာလာညွှန့်(စဉ်-၆၄၆၂)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၃၁/၃၃၊ (စတုတ္ထထပ်)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၂၀၂၇၄၀

အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဇွဲဘာကုန်းတန်းစံပြကျေးရွာ၊ မာလာမြိုင်ရပ်ကွက်နေ (ဘ)ဦးကျော်ဝင်း၏သား မောင်စည်သူဝင်း[၁၂/ကတန(နိုင်)၁၁၀၂၂၁]သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်မယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဖ - ဦးကျော်ဝင်း[၁၂/ကတန(နိုင်)၀၄၁၇၉၄]
အမိ - ဒေါ်တင်ထွေး[၁၂/ကတန(နိုင်)၀၄၇၉၃၂]

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ လူနေရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၆၀၂)၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

အထက်ပါဂရန်မြေကွက်အား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အမည်ပေါက် ဒေါ်သီရိမော်(ခ)ဒေါ်ခင်မေသန့်[၁၂/သဃက(နိုင်)၁၁၉၉၁၀] အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်အနေဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား(မူရင်းများဖြင့်)ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ထွန်းမင်း (B.Sc,H.G.P,Dip in Business Law)
အထက်တန်းရှေ့နေ(စဉ်-၁၉၂၈၁)
(၂၄၉)၊ ပညာတန်ဆောင်(၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ကိုမြင့်စိုး(ခ)ဖိုးစံ[၁၄/ဟသတ(နိုင်)၂၂၀၇၃၇]နှင့်အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မနွယ်နီလှိုင်(ခ)ဖရီဒါဘီဘီ(E/DGN MTT-၀၀၄၀၈၆)သည် ကိုမြင့်စိုး(ခ)ဖိုးစံ(ဘ) ဦးချစ်တီး(မိ) ဒေါ်အေးမိစံအပေါ် အစ္စလာမ့်တရားတော်အရ ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)
အမှတ်(၄၉)၊ ပထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

အထူးကျေးဇူးတင်ရှိခြင်း

၁၀-၄-၂၀၁၄(ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားသော Rev.Raymond Patrick Tun Myaing ၏စျာပနကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ဝိုင်းဝန်းမေတ္တာဖြင့် ကူညီပေးကြသော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးများ၊ ဒဂုံ(၁)မှသူငယ်ချင်းများ၊ သမိုင်းနှစ်ခြင်း အသင်းတော်မှ သိက္ခာတော်ရဆရာ စိုင်းမန်သောသနှင့်အသင်းသူအသင်းသားများ၊E-mail အားဖြင့်သော်လည်းကောင်း၊ Phone အားဖြင့်သော်လည်းကောင်း၊နှစ်သိမ့်ဆုတောင်းပေးကြသော လုပ်ဖော်ဆောင်ဖက်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကြင်အောင် (၈၄)နှစ်

(မြိတ်မြို့-စခန်းသစ်)

မြိတ်မြို့၊ လေညှာရွာနေ (ဦးဘော်ရိတ်-ဒေါ်ရင်နွေး)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၃၇)၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အင်မာရှန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဘညောင်း-ဒေါ်လှိုင်)၊ (ဦးလွန်း-ဒေါ်ကျင်ဝါ)၊ (ဦးဘခွေး-ဒေါ်ငွေသင်)တို့၏ညီ/မောင်၊ ဒေါ်သက်သက်အောင်-ဦးဇော်ထွန်း၊ ဒေါ်ညွန့်ညွန့်အောင်(မာရှမ်းကုမ္ပဏီလီမိတက်)၊ ဒေါ်သီသီအောင်- Mr. NOMURAYUTAKA (ခေတ္တ-ဂျပန်)၊ ဒေါ်ဥမ္မာအောင်-ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ ဦးထင်လင်းအောင်-ဒေါ်အေးအေးထိုက်(ခေတ္တ-အင်္ဂလန်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်(ခေတ္တ-အင်္ဂလန်)၊ မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဘုန်းအောင်၊ မစိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၄-၂၀၁၄(သောကြာနေ့) ည ၁၀း၅၅ နာရီတွင် မြိတ်မြို့၌ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ စခန်းသစ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိင်္ဂီထွန်း

အသက်(၃၉)နှစ်

ဦးဇော်ထွန်း(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်သိင်္ဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်သီဟ
ခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ
(တောင်ကြီးခရိုင်)
ဦးသူရဇော်
ခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ
(လွိုင်လင်ခရိုင်)

ဝမ်းနည်းကြေကွဲခြင်း

ACA ပညာရိပ်ငြိမ်ကိုယ်ပိုင်အထက်တန်းကျောင်း အကြံပေးအဖွဲ့သဘာပတိ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဆရာကြီးဦးတင်ဖေ ၂၈-၄-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါသည်။

အကြံပေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့်
ဆရာ၊ဆရာမများ၊
ဝန်ထမ်းများ၊ မိဘ/အုပ်ထိန်းသူများနှင့်
ကျောင်းသား၊ကျောင်းသူများ
ACAပညာရိပ်ငြိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊
မြောက်ဥက္ကလာပမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်နု(ခ)ရဟီမာဘီ အသက်(၇၄)နှစ် (ဥတ္တံ)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဒေါ်နီလမ်း၊ အမှတ် (2.I)နေ ဟာဂျီဦးမြင့်သိန်း-ဟာဂျီမဒေါ်ရှုရီဖာ၊ ဟာဂျီမဒေါ်သင်းသင်းရီ(ICE သောက်ရေသန့်၊ Winner ဖျော်ရည်၊ အောင်သပြေအမွေးတိုင်)တို့၏ မိခင်သည် ၂၈-၄-၂၀၁၄ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမိုး(MD)နှင့် ဝန်ထမ်းများ
Mobile King Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိင်္ဂီထွန်း

အသက်(၃၉)နှစ်

ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အင်ဂျင်နီယာမှူး၊ ဦးဇော်ထွန်း၏ ဇနီးဖြစ်သူ ဒေါ်သိင်္ဂီထွန်းသည် ၂၇-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့

---

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးခင်မောင်ဝင်း

(၁-၅-၂၀၁၄)

ယနေ့ပြုလုပ်သော တောင်ပုလုတောရ(လှေလှော်အင်း)တွင် သံဃိက ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေပါသည်။ ဝမ်းမြောက်နုမော် သာဓု ခေါ်ဆိုနိုင်ပါစေ။

မမမြ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ (၆၇)လမ်း၊ အိမ်အမှတ် (ဟ-၈/၅)နေ ဦးဇော်ထွန်း(ဒု-အင်ဂျင်နီယာမှူးကြီး)၏ ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒ တို့၏ မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ဌေးတို့၏ သမီး ဒေါ်သိင်္ဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုကျော်မျိုးထွန်း-မစောနီလာမောင်

ကျေးဇူးအထူးတင်ရှိခြင်း

ဦးသောင်းညွန့်

အသက်(၇၀)

Senior EE ၊ ထူးဘိလပ်မြေစက်ရုံစီမံကိန်း၊ ပြည်ညောင်၊
လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ သရက်ဘိလပ်မြေစက်ရုံ

၁၂-၄-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး၏ နာရေးကိစ္စတွင် စာနာထောက်ထား ဝိုင်းဝန်းကူညီပေးပါသော Htoo Group of Companies မှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ထူးဘိလပ်မြေစက်ရုံစီမံကိန်းဒါရိုက်တာ၊ မန်နေဂျာနှင့် ဇနီး၊ ပါပါကြီးချစ်သော စီမံကိန်း ဝန်ထမ်းမိသားစုတို့အားလည်းကောင်း၊ ဖြူးမြို့နယ်ဆေးရုံ၊ နာရေးကူညီမှုအသင်း၊ ကြက်ခြေနီ၊ အုပ်ချုပ်ရေးမှူးနှင့်တကွ တာဝန်ရှိသူများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ အားပေးစကား ပြောကြားပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ယုံ (၈၃)နှစ်

ပုဇွန်တောင်(တပ်မြေ)ဒေးဒရဲမြို့၊ အင်းဒူးကျေးရွာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဈေးတန်းလမ်း၊ အမှတ်(၁၃)နေ (ဦးကောက်)၏ဇနီး၊ (ဦးလှဇော်)-ဒေါ်ခင်မြင့်ရီ၊ (Dr. ခင်မောင်သိန်း)- (Dr.အေးအေးညွန့် (ဟသ်ာတဆေးရုံကြီး၊ AIDS/STD team)၊ ဦးတင်အောင်-ဒေါ်ခင်မာညို၊ ဦးခင်မောင်ဌေး-ဒေါ်မြင့်မြင့်မော်၊ ဦးခင်ဇော်(ဇော်ပုံမောင်ခင်ဇော် မုန့်ဟင်းခါးဖို၊ တောင်ဒဂုံ)-ဒေါ်ခင်ခင်ရီ၊ Dr.စိန်မြင့်-Dr.စိုးစိုးမော်(U.S.A ကယ်လီ ဖိုးနီးယား)၊ ဦးဇော်လင်း(ဦးကောင်ခေါက်ဆွဲစက်)-ဒေါ်သင်းသင်းမြတ်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ချိုတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၂၀ယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးဒေါ်ကျင်ယုံသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားပါသည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ဖေ (၈၁)နှစ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန

အင်းစိန်မြို့နယ်နေ (ဦးဘကြင်-ဒေါ် ညိမ်းမြ)တို့၏သားငယ်၊ (ဦးတင်ရွှေ-ဒေါ် ခင်ကြည်)တို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ် (၁၉)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြင်ကြင်(အထက်တန်းပြဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင် (M.D. Treasure Villa Gems Co.,Ltd.)-ဒေါ်မိုးသူဇာ(35 Mart)၊ ဦးဇော်အောင် (Dir- ector, Htut Aung Co.,Ltd.)-ဒေါ်မိုမိုတင်(35 Mart)၊ ဒေါက်တာဝေမာတင် (ကလေးအထူးကု ရန်ကုန်ကလေးဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုအောင်ဖြိုးသန့်-မနှင်းဟေမာ၊ ကိုအောင်မိုးသန့်-မရည်မွန်ဦး၊ မယဉ်မိုးသန့်တို့၏အဘိုး၊ မပိုးနှင်းသန့်၊ မောင်ကောင်းပြည့်သန့်တို့၏အဘိုး ဦးတင်ဖေသည် ၂၈-၄-၂၀၁၄(တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်အေး အသက်(၇၀)

(ပင်ပျိုရွက်နုလက်ဖက်နှင့် အကြော်စုံလုပ်ငန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၄-B)၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းနေ (ဦးသိန်းဟန်)၏ဇနီး၊ ဒေါ်ခင်ခင်ဝိုင်း၊ ဦးသန့်ဇင်-ဒေါ်ခင်သီသီအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်မြင့်မိုရ်၏အဘွားသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် အသက်(၉၀)

(အငြိမ်းစားကျောင်းဆရာကြီး)၊ (ဆီမီးကန်ကျေးရွာ)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေး တို့၏ဖခင် ဦးအောင်ကြည်အသက်(၉၀)သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးမြတ်သူ(ငြိမ်း)နှင့်ဇနီး
Myan Shwe Pyi Tractors Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဝင်းမင်းသန်း(ညောင်လေးပင်)

အသက်(၅၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၆၇၈)နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၏ ဇနီး ဒေါ်ဝင်းမင်းသန်း အသက်(၅၉)နှစ် သည် ၂၅-၄-၂၀၁၄ ရက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိင်္ဂီထွန်း

အသက်(၃၉)နှစ်

ဦးဇော်ထွန်း(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်သိင်္ဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုခင်မောင်ချို-မခိုင်မွန်သင်း
မိသားစု(နေပြည်တော်)

အထူးလွမ်းဆွတ်အမျှဝေခြင်း

တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဖခင်ကြီး ဦးစလွယ်(မြို့နယ်မန်နေဂျာ၊ စိုက်ပျိုးရေး-ငြိမ်း)၏ ကွယ်လွန်ခြင်း အနှစ်(၂၀)ပြည့်နှင့် ၁-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သော မိခင်ကြီး ဒေါ်အေး၏ (၆)လပြည့်တို့အား ရည်စူး၍ သံဃာတော်(၁၈၂)ပါးတို့ကို ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လောင်းလှူခြင်း၊ ဆွမ်းပဒေသာပင်စိုက်ထူခြင်း၊ စာဖြေသံဃာများအတွက် စာဖြေခုံ(၅၀)လှူဒါန်းခြင်း၊ တရားစခန်းဝင် ယောဂီများအတွက် တစ်နေ့တာအာဟာရဒါနလှူဒါန်းခြင်း၊ အုတ်တံတိုင်းလှူဒါန်းခြင်းကောင်းမှု အစုစုတို့၏ အဖို့ဘာဂကို ကျေးဇူးရှင် ဖခင်၊ မိခင်တို့အားအမျှပေးဝေပါ၏။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သမီး-ဦးအေးငွေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ဆွေဆွေ

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ (၆၇)လမ်း၊ အိမ်အမှတ် (ဟ-၈/၅)နေ ဦးဇော်ထွန်း(ဒု-အင်ဂျင်နီယာမှူးကြီး)၏ ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒ တို့၏ မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ဌေးတို့၏ သမီး ဒေါ်သိင်္ဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MIT First batch မှ သူငယ်ချင်းများ

အထူးကျေးဇူးတင်ရှိခြင်း

ဘုရားဒါယကာကြီး၊ ကျောင်းဒါယကာကြီး

ဦးအေးမြင့်ထွန်း(ခ)ဦးရဲအေး

ခရိုင်စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)

အသက်(၇၂)နှစ်

၂၆-၄-၂၀၁၄ရက်(စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး မကျန်းမာဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်ထိ အထူးဂရုစိုက်ကုသပေးခဲ့သော ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ Bumrungrad-International ဆေးရုံ၊ မန္တလေးမြို့၊ မန္တလာဆေးရုံမှ ဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စဆောင်ရွက်နေစဉ် အဘက်ဘက်မှ ကူညီ ဆောင်ရွက်ပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီများ၊ သက်န်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခွေများပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးခရီး လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း အဝေးမှ အားပေးနှစ်သိမ့်စကားပြောကြားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူဇနီး- ဒေါ်ခင်ခင်မျိုး
သမီးကြီး - ဦးတင်မျိုးဆွေ-ဒေါ်စိုးမိုးထွန်း
သားကြီး - ဦးသော်တာထွန်း-ဒေါ်မေဇော်မောင်ဝင်း
သမီး- မနွယ်နီထွန်း
သမီး - ဦးသူရကျော်-ဒေါ်သိင်္ဂီထွန်း
သမီး - မနေကြည်ထွန်း
သမီး - ကိုစိုးသူရ-မဖြိုးပြည့်ထွန်း

ဒေါ်ညို

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊အုန်းပင်လမ်း၊ အမှတ်(၃၇)၊ သုံးလွှာနေ (ဦးကောက်ရ-ဒေါ်ဖော့)တို့၏ သမီး၊ (ဦးသောင်း)၏ ဇနီး၊ (ဦးမြင့်အောင်)-ဒေါ်ခင်ရွှေ၊ ဦးစောဟန်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်အေး၊ ဦးလှမြင့်၊ ဒေါ်မြင့်မြင့်သန်း(အလပြ၊ အထက-၁၊ ကြည့်မြင်တိုင်)၊ ဦးခင်ထွဋ်-ဒေါ်ရီရီဌေးတို့၏မိခင်၊ မမိုးမိုးအောင်၊ ကိုအောင်ကျော်ဟန် (MRT ကုမ္ပဏီ)၊ ကိုစိုးမိုးထွန်း-မခင်စိုးနွယ်၊ မဆုရည်ရည်ထွဋ်တို့၏ အဘွား၊ မောင်ဘုန်းမြတ်သော်၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့)နံနက်၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်
အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၈)နေ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဒေါ်သန့်စင်မြင့်-ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)၊ ဦးဆန်းအောင်မြင့်-ဒေါ်ခင်အေးဝင်း၊ ဒေါ်သက်မွန်မြင့်-ဗိုလ်ကြီးအောင်ဆွေဦး(ငြိမ်း)၊ ဗိုလ်ကြီးကျော်နိုင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းသန်းမော်၊ ဒုတိယဗိုလ်မှူးကြီး သံလွင်မြင့်(ငြိမ်း)၊ ဒေါ်မော်မော်အောင်၊ ဒေါ်ဥမ္မာမြင့်-(ဗိုလ်မှူးအောင်ဇော်မိုး)၊ ဦးသွင်အောင်မြင့်-ဒေါ်ညိုညိုသန်းတို့၏မိခင်၊ ဒေါက်တာအေးငြိမ်းမိုးမြင့်၊ ဦးဝင်းမိုးမြင့်၊ ဦးလင်း မိုးမြင့်၊ ဒေါ်ရည်မွန်မြင့်၊ ဗိုလ်ဘဏ်လင်းအောင်မြင့်၊ မောင်ဝေယံမြင့်၊ မောင်ကောင်းချမ်းငြိမ်းမြင့်၊ မောင်ကြည်ခန့်ငြိမ်းမြင့်၊ မက္ကန္ဒာမိုးမြင့်၊ မောင်ထွန်းလင်းအောင်မြင့်၊ မကြည်သာချမ်းမြင့်၊ မစန္ဒာမိုးမြင့်၊ မစိမ်းလဲ့ညိုမြင့်၊ မောင်ခန့်ထူးအောင်မြင့်၊ မသံသာချမ်းမြင့်တို့၏အဘွားသည် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၈)နေ (ဦးဖေရှိန်-ဒေါ်မမကြီး)တို့၏သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်မြင့်၊ ဦးတင်ထွန်းတို့၏အစ်မ၊ သားသမီးခုနစ်ယောက်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစောပါယ်ရီဒွေး
(မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းနှင့် လက်ရွေးစင်နည်းပြဆရာ)

လားရှိုးမြို့နေ ဆရာဦးစောပါယ်ရီဒွေး အသက် (၉၁)နှစ်သည် ၁၅-၄-၂၀၁၄ရက်တွင် လားရှိုးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ပြည်ရတနာဆီစက်၊ပွဲရုံနှင့် စိန်သရဖူရတနာရွှေဆိုင်မိခင်ကြီး
ဒေါ်ဝှမ်တီ(ပြည်) (၈၃)နှစ်

သူငယ်ချင်း ဦးစိန်ဝင်း-ဒေါ်သင်းသင်း(ပြည်ရတနာ ဆီစက်၊ ပွဲရုံနှင့် စိန်သရဖူရွှေဆိုင်)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဝှမ်တီသည် ၃၀-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ဒေသကောလိပ်
ပုသိမ်ကောလိပ်
ရန်ကုန်တက္ကသိုလ်များမှ
ချစ်သောသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
လေ/၁၇၉၆၄-အုပ်ခွဲတပ်ကြပ်ကြီး စံသောင်း(၁/၇၉)
တပ်မတော်လေ
အသက်(၅၉)နှစ်

အုပ်ခွဲတပ်ကြပ်ကြီးစံသောင်း အသက်(၅၉)နှစ်သည် ၂၉-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

တပ်မတော်(လေ) ၁/၇၉ သူငယ်ချင်းများ

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
ကန်တော့ခံသက်ကြီး
ဒေါ်စွမ်တီ(ဖျာပုံ) (၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈-ဘီ)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၁၃၉)နေ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင် ဦးနိုင်နိုင်ဝင်း၏မိခင် အသင်းဝင် ကန်တော့ခံသက်ကြီး ဒေါ်စွမ်တီသည် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်နွယ်အေးကြူ
အသက်(၅၀)

(ဦးရှိန်-ဒေါ်သန်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ (B-10)၊ အခန်း(၅၀၂)နေ ဦးဝင်းမြင့် [ထူးကုမ္ပဏီများအုပ်စုနှင့် သန်လျင်ဖိနပ်စက်ရုံ၊ စက်ရုံမှူး(ငြိမ်း)]၏ဇနီး၊ မလဲ့လဲ့မိုးသွယ် (WAANEIZE WORLDWIDE CORPORATE CO., Ltd.)၊ မောင်ခန့်စိုးကြွယ် (2nd Year History)တို့၏မိခင်သည် ၂၉-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
ဗိုလ်ကြီးနေဝင်း(ငြိမ်း)
အသက်(၇၆)နှစ်
ကြည်း (၁၀၄၂၇)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မာရာဇာ(၂)လမ်း၊ အမှတ်(၃၄/က)နေ ဆရာမကြီး ဒေါ်လှကြည်၏ခင်ပွန်း ဦးနေဝင်းသည် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဦးသိန်းဝင်း(ပုသိမ်) (၆၈)နှစ်
BA မြန်မာစာ-၁၉၆၈-၆၉
ဦးစီးအရာရှိ(တိုင်းသမဦးစီးဌာန၊ ပုသိမ်မြို့)

အမှတ်(၂)တရုတ်ကျောင်းလမ်း၊ (၄) ရပ်ကွက်၊ ပုသိမ်မြို့နေ (ဦးရီ-ဒေါ်ရင်ရင်)တို့၏သားကြီး၊ (ဦးလှမြင့်)၊ ဦးဝင်းထွန်း-ဦးမောင်မောင်သက်၊ ဦးကျင်စိန်-ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်စန်းရီတို့၏အစ်ကိုကြီး ဦးသိန်းဝင်းသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (၈၉)နှစ်
အငြိမ်းစားငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ အမှတ် (၁၃၅-ဘီ)၊ သံလွင်လမ်း၊ ကမာရွတ်နေ (ဦးခွေး-ဒေါ်ရင်ကျွဲ)တို့၏သမီးကြီး၊ (ဦးစင်အိမ်း-ဒေါ်ညား)တို့၏ သမီးချွေးမ၊ (ဒေါ်ကျင်ယို့)၊ (ဒေါ်ကျင်လွမ်)၊ (ဒေါက်တာ ဦးစိုးမြင့်)၊ ဒေါ်သန်းသန်းအေးတို့၏အစ်မကြီး၊ ဦးအောင်တီ၏ ချစ်လှစွာသောဇနီး၊ ဦးစန်းတင်-ဒေါ်ဆွေဆွေသန်း (Singapore)၊ ဒေါက်တာခင်အေးမြင့် (Ruby)-ဦးလှမောင် (Singapore)၊ ဒေါက်တာခင်မြကြည်-ဒေါက်တာဝင်းလွင် (Australia)၊ ဦးကြည်ဝင်း-ဒေါက်တာမာလာသွင်(BGH)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဇင်မြလွင် (B.C.S, USA, BSC Dentistry GU, Goldcoast)၊ ဒေါက်တာနေခြည်လွင် (RCH, Brisbanc)၊ ဒေါက်တာ သာဘဏ်လွင် (PAH Brisbanc)၊ ဒေါက်တာပြည့်ဖြိုးကြွယ်(Monica) (SGH)၊ သက်ဝေလင်း (Project Engineer, Rohde+Shwarg,Singapore)၊ ဘဏ်လင်းမောင် (Wilson) (JC1.Hwa .Chong, Singapore)တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၄-၂၀၁၄ရက် နံနက် ၂ နာရီတွင် Singapore နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄ရက် ညနေ ၅း၁၅နာရီတွင် Singapore နိုင်ငံ၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ ရေစက် ဒါယိကာမကြီး-
ဒေါ်ရီ(ပုသိမ်) (၈၅)နှစ်
ပုသိမ်မြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယကကြီး

ပုသိမ်မြို့နေ (ဦးချမ်းမား-ဒေါ်ဟန်)တို့၏သမီးထွေး၊ (ဦးဟုတ်စိန်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၀၉)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအလင်း)၏ဇနီး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးစိုးဟန်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်၊ ဦးဟန်ဝင်း(မြန်မာ့ဆက်သွယ်ရေး အင်ဂျင်နီယာချုပ်-ငြိမ်း)-ဒေါ်မာလာ(အထပြ-ငြိမ်း)၊ ဦးသန်းလင်း-ဒေါက်တာအေးအေးမူတို့၏ မိခင်၊ ဒေါက်တာသီဟန်မင်းရှိန်-ဒေါ်ယုဇနဝင်း၊ ဦးကျော်ဇောရှိန်(ခေတ္တ-USA)-ဒေါ်မိုးမိုးအောင် (ခေတ္တ-USA)၊ ဦးကျော်သူရ-ဒေါက်တာစုနန္ဒာမြင့် [ဆေး(၁)၊ ရောဂါဗေဒဌာန]၊ ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာ၊ မစောကလျာကြည်၊ ကိုမြတ်ဇော်လင်းရှိန်၊ ဒေါက်တာမြတ်သူဟန်တို့၏အဘွား၊ ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယကကြီး ဒေါ်ရီသည် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်သန်းညွန့် (၆၄)နှစ်
(ပန်းခိုင်)

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ကျေးရွာနေ ဒေါ်ခင်လှ၏တူမ၊ ပန်းခိုင်ကျေးရွာနေ (ဦးပေါ်ဦး-ဒေါ်ကျင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးသောင်းရွှေ-ဒေါ်သန်းမြင့်တို့၏ညီမ၊ ရွှေပြည်သာမြို့နယ်၊ (၁၁/ည)ရပ်ကွက်၊ ထော်ပိုင်လမ်းနေ (ဦးတင်ဝင်း)-ဒေါ်ဝင်းကြည်၊ ဒေါ်ရီသန်းတို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးအောင်ဝင်း)-ဒေါ်ခင်တင့်၊ ဦးတင်မြင့်-ဒေါ်နီနီ၊ ဦးတင်ထွဋ်-ဒေါ်ခင်မေသန်း၊ ဒေါ်မိမိချို၊ နေပြည်တော်၊ ရှမ်းစုစစ်ရေးပြကွင်းနေ ဦးအောင်မင်း-ဒေါ်အေးအေးမော်၊ ဒေါ်သန်းသန်းဌေး(အမက-၈၊ စမ်းချောင်း)တို့၏အစ်မ၊ တူ/တူမ ၁၁ယောက်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပြည်သာနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါက်တာဦးခင်မောင်ကြီးဖေ (၈၉)နှစ်
ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ အင်းယားလမ်းနေ ပါမောက္ခ ဒေါက်တာဒေါ်ဌေးမြင့်(ဓာတ်မှန်ဆရာဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုကိုကြီး-ခိုင်ဇင်လင်း၊ ဗိုလ်ဗိုလ်ကြီး၊ မင်းသူလွင်-ခင်ခင်ကြီး၊ အောင်နိုင်ဦး-ခင်မေကြီး၊ Daniel Heaney-ခင်လေးကြီးတို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မျိုးမင်းဆက်ကိုကို (David)၊ ဇေယံဦး (Jamie)၊ ရဲမင်းဆက်ကိုကို၊ (Ronald) Scott heaney တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၆-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးထွန်းမှိ(ပျဉ်းမနားသကြားစက်) (၈၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ ရွာမလမ်း၊ တိုက်(၁)၊ အခန်း(၂၀၄)နေ (ဦးဘိုးဟန်-ဒေါ်ကြွယ်)တို့၏သား၊ (ဒေါ်မမလေး)၏ခင်ပွန်း၊ ဦးဝင်းကို-ဒေါ်သိန်းသိန်း၊ ဦးကြည်မြင့် (Director Device Services Co., Ltd.)-ဒေါ်ခင်ဆွေဦးတို့၏ဖခင်၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် PSE-II ရဟန်းတော် ဦးဥတ္တမသာရ၏ခမည်းတော်၊ (ဦးဝင်းဌေး)၊ ဦးမျိုးမြင့်ဌေး-ဒေါ်ဌေးဌေးဝင်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၇နာရီတွင် တိုက်(၁)၊ အခန်း(၂၀၄)၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အမ
ဒေါ်နွဲ့နွဲ့ (၈၄)နှစ်

ရွှေဘိုမြို့၊ ပျဉ်ဈေးရပ်နေ (ဦးသာလှိုင်-ဒေါ်သီလှ)တို့၏ သမီးလတ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၃၇)၊ (ပ)ထပ်နေ (ဦးအေးကြိုင်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးအောင်စိုး-ဒေါ်အေးသီ၊ ဦးနေဝင်း-ဒေါ်တင်မို့မို့ဝင်း၊ ဒေါ်နှင်းနှင်း၊ မောင်ထွန်းထွန်းလင်း-မမို့မာလာ၊ ဦးဖိုးတာ-ဒေါ်ပြုံးပြုံးငယ်၊ ဦးထင်အောင်-ဒေါ်မိုင်နာကြည်၊ ဦးမောင်မောင်-ဒေါ်မမလေးတို့၏ မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏ အဘွား ဒေါ်နွဲ့နွဲ့သည် ၂၉-၄-၂၀၁၄ ရက် ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးလှမြင့်(ခ)ဂေါ်ဂီဘင် (၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ လွတ်လပ်ရေးလမ်းနေ (ဦးအုန်းကြည်-ဒေါ်ဖြူ)တို့၏သား၊ (ဦးညွန့်ဝ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ်(၁၉B)နေ ဒေါ်ညွန့်ညွန့်ရီ၏ချစ်လှစွာသော ခင်ပွန်း၊ မနီလာမြင့်-မခင်သီတာမြင့်-ကိုဌေးမောင်၊ ကိုကျော်စွာမြင့်၊ ကိုနေမျိုးမြင့်-မရီရီမြင့်၊ မဥမ္မာမြင့်-ကိုကြည်သိန်း၊ မသန္တာမြင့်-ကိုဗစ်တာ၊ မမာလာမြင့်-ကိုမြင့်စိုး(ခ)ကိုမောင်စိုး၊ မသူဇာမြင့်-ကိုမိုးဆန်းနိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ည၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဇောတိကလမ်း၊ အမှတ်၁၉(B)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄(စနေနေ့) နံနက်၇နာရီမှ ၁၁နာရီထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၉(B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်အေး(ကော့ကရိတ်)
အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး အရှေ့၊ (၉၂)လမ်း၊ အမှတ် (၁၁၅)၊ မြေညီထပ်နေ (ဒေါ်ခင်နု)၏ခင်ပွန်း၊ ဦးဇော်မိုး-ဒေါ်လှလှမြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်လွင်လွင်မော်၊ (ဒေါ်ခင်မိမိ)တို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဦးမောင်အေးသည် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းမာမေ(ခ)ဆရာမတူတူး
အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ တိုက်(၂)၊ အခန်း(၄၀၂)၊ အောင်ဇေယျရိပ်မွန်၊ အလုံမြို့နယ်နေ (ဦးသိန်းမြ-ဒေါ်တင်ရီ)တို့၏ သမီး၊ [ဦးဟန်ရှိန်(ယာဉ်မှူးစစ်၊ ငြိမ်း)]-ဒေါ်တင်သန်းနွယ်၊ ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးဇော်ဝင်းဦး(ခေတ္တ-USA)-ဒေါ်ချိုချိုခိုင်တို့၏အစ်မ၊ ဒေါ်တင်ထားရီ၊ ဦးဇော်ဝင်းထွန်း၊ ဦးကျော်မင်းထွန်း၊ ဦးကျော်ဟန်ထွန်း၊ ဒေါ်ပပဟန် (လထ ကထိက၊ သတ္တဗေဒ၊ မြိတ်တက္ကသိုလ်)၊ တကကြီးအောင်အောင်ဟန်(ရဲရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်)၊ ဦးထွန်းထွန်းဟန်၊ ဦးရန်နိုင်ဦး-ဒေါ်ဆုဝေနှင်းတို့၏ အဒေါ်သည် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်နီနီခင်(ဗေဒါမောင်)
အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကျုံတနီးကျေးရွာနေ (ဦးမှတ်ကြီး-ဒေါ်စန်းကြည်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်ကြာနု)တို့၏သမီးချွေးမ၊ [ဦးလှငွေ (ဗေဒါမောင်)]၏ဇနီး၊ ဦးကိုကိုလေး-ဒေါ်နီနီဝေတို့၏ ညီမ၊ ဒေါ်နီနီရင်၏ အစ်မ၊ ဦးမောင်မောင်-ဒေါ်မေမျိုးဦး၊ (ကိုနေမျိုးလင်း)-ဗေဒါမောင်-မတင်မိုးခိုင်၊ ရဲအုပ်စောကိုကိုလင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့)-မကြည်ပြာလင်း၊ မောင်ထက်အာကာမောင်(ဗေဒါမောင်)တို့၏ မွေးသမိခင်၊ မဖူးပွင့်ဟန်၊ မောင်သားထက်ဇော်၊ မောင်ခန့်မင်းနိုင်တို့၏အဘွားသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄ (တနင်္လာနေ့) နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊ ၅/ရပ်ကွက်၊ ပုလဲ(၁)လမ်း၊ အမှတ်(က/၃၈၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးဝင်းကျော်
အသက်(၅၃)နှစ်
ဒု/အကောက်ခွန်မှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင် အမှတ်(၈၂၅) ဦးဝင်းကျော်သည် ၂၅-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇောဘာသ
သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျောက်ဖူးကုန်း(ခ)ရပ်ကွက်၊ ခေမာရုံသီ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ပဲခူး အရှည်ဝါသီရွှေကျင်နိကာယ၊ ကြခတ်ဝိုင်း ဝိနည်းပြန်ဌာန ဂဏနာယက သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်ရှိ ဘဒ္ဒန္တတေဇောဘာသ(ရတ္တညူမဟာနာယက) မဟာထေရ်မြတ်ကြီးသည် (၁၃၇၆ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၄ရက်) ၂၈-၄-၂၀၁၄ (တနင်္လာနေ့) ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်) ၄-၅-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ
ခေမာရုံသီပရိယတ္တိစာသင်တိုက်၊ ကျောက်ဖူးကုန်း၊ (ခ)ရပ်ကွက်၊ ပဲခူးမြို့

ဒေါက်တာဦးခင်မောင်ကြီးဖေ (၈၉)နှစ်
ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ အင်းယားလမ်းနေ ပါမောက္ခ ဒေါက်တာ ဒေါ်ဌေးမြင့်(ဓာတ်မှန်ဆရာဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကိုကြီး-ခိုင်ဇင်လင်း၊ ဗိုလ်ဗိုလ်ကြီး၊ မင်းသူလွင်-ခင်ခင်ကြီး၊ အောင်နိုင်ဦး-ခင်မေကြီး၊ Daniel Heaney-ခင်လေးကြီးတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မျိုးမင်းဆက်ကိုကို (David)၊ ဇေယံဦး(Jamie)၊ ရဲမင်းဆက်ကိုကို (Ronald Scott heaney)တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၆-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး
ဒေါ်ရီ(ပုသိမ်) (၈၅)နှစ်

ပုသိမ်မြို့နေ (ဦးချမ်းမား-ဒေါ်ဟန်)တို့၏ သမီးထွေး၊ (ဦးဟုတ်စိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၀၉)၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဦးအလင်း)၏ဇနီး၊ ဦးစိုးဟန်လင်း(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်၊ ဦးဟန်ဝင်း မြန်မာ့ဆက်သွယ်ရေးအင်ဂျင်နီယာချုပ်(ငြိမ်း)-ဒေါ်မာလာ(အထပြ-ငြိမ်း)၊ ဦးသန်းလင်း-Dr. အေးအေးမူတို့၏မိခင်၊ Dr. သီဟန်မင်းရှိန်-ဒေါ်ယုဇနဝင်း၊ ဦးကျော်ဇောရှိန်(ခေတ္တ-USA)၊ ဒေါ်မိုးမိုးအောင်(ခေတ္တ-USA)၊ ဦးကျော်သူရ-Dr. စုနန္ဒာမြင့် [ဆေးတက္ကသိုလ်(၁) ရောဂါဗေဒဌာန]၊ ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာ၊ မစောကလျာကြည်၊ ကိုမြတ်ဇော်လင်းရှိန်၊ Dr. မြတ်သူဟန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွား ဒေါ်ရီသည် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့) ည ၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်တထောင်နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစန်းယု(မန္တလေး) (၇၅)နှစ်
(မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး-ငြိမ်း၊ လားရှိုး)
(G.M Showa Auto Enterprise Co., Ltd.)

ကနီမြို့နေ (ဦးတက်-ဒေါ်မြစိန်) တို့၏ သား၊ [ဒုတိယဗိုလ်မှူးကြီး အောင်လင်း(ငြိမ်း)]၏ ညီ၊ မန္တလေးမြို့နေ ဒေါ်သိန်းတင်၏ ခင်ပွန်း၊ ဒေါ်သန္တာယု (အထက-၇၊ မန္တလေး)၊ ဗိုလ်မှူးသက်ခိုင်(ငြိမ်း)(မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်သီဂီယုတို့၏ ဖခင်၊ ဗိုလ်လောင်းဖြိုးသန့်ခိုင် (D.S.M.A)၊ မခင်ပန်းဝတ်ရည်ခိုင်(Grade-10 V.E.C)တို့၏ အဘိုး ဦးစန်းယုသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသန်းမြင့်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၂၂)နေ (ဦးပါ-ဒေါ်စိန်နု)တို့၏သား၊ ဒေါ်စန်းရီ (တကကက/စရ-ငြိမ်း)၏ခင်ပွန်း၊ ဦးစိုးကျော်လွင်-ဒေါ်မြင့်မြင့်လွင်၊ ဦးအောင်ကျော်စိုး-ဒေါ်ခင်မာထွေး၊ ဒေါ်တင်ထွေးထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းအေး(ကျိုက္ခမီ) (၆၃)နှစ်
Ex-RO East Wind

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၈)လမ်း၊ အမှတ်(၄၈)နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သား၊ (၁၀၉)လမ်း၊ အမှတ်(၂၅)နေ ဦးတင်အောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်သီသီအောင်၊ (လက်ထောက်မန်နေဂျာ၊ ဆသရ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း(International Sos)၊ မအေးချမ်းသူ (2^{nd} yr English)တို့၏ဖခင်၊ ဦးအေးမောင်-ဒေါ်ခင်တင့်ရွှေတို့၏မောင်၊ ဦးထွန်းဝင်း(ဦး/ရှိ၊ ရှမ်းပြည်နယ်သမဦးစီးဌာန၊ တောင်ကြီး)-ဒေါ်အေးသက်ရွှေတို့၏အစ်ကို၊ မောင်လွင်ထူးဆွေ၊ မောင်ငြိမ်းချမ်းအေး၊ မောင်ပြုံးမောင်မောင်၊ မောင်ချမ်းမြေ့မောင်မောင်တို့၏ ဦးလေး/ဘကြီးသည် ၃၀-၄-၂၀၁၄ ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သဂြိုဟ်မည့်နေ့ရက်၊ အချိန်တို့ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းအေး(ကျိုက္ခမီ) (၆၃)နှစ်
Ex-RO East Wind

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၈)လမ်း၊ အမှတ်(၄၈)နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သား၊ (၁၀၉)လမ်း၊ အမှတ်(၂၅)နေ ဦးတင်အောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်သီသီအောင်၊ (လက်ထောက်မန်နေဂျာ၊ ဆသရ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း(International SoS)၊ မအေးချမ်းသူ (2^{nd} yr English)တို့၏ဖခင်၊ ဦးသန်းဝင်း-ဒေါ်နီနီအောင်၊ ဦးကိုကိုအောင်-ဒေါ်မေသင်းနွယ်၊ ဦးရဲမြင့်မောင်-ဒေါ်အေးအေးဝင်း၊ (ဗိုလ်မှူးမြင့်ခိုင်)-ဒေါ်တင်ရဝေအောင်တို့၏အစ်ကို၊ ဒေါက်တာအောင်သူရထက်၊ မလွင်စံမှီအောင် (Final Part-1, ဆေး-၁)၊ မောင်ရဲရင့်နိုင် (Grade-11၊ အထက-၁၊ ဒဂုံ)၊ မောင်ကောင်းထွဋ် (Grade-6၊ အလက-၁၊ ဒဂုံ)၊ မောင်သစ်နိုင်အောင်တို့၏ ဘကြီးသည် ၃၀-၄-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သဂြိုဟ်မည့်နေ့ရက်၊ အချိန်တို့ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ပြုပြင်ပြောင်းလဲရေးများအောင်မြင်ဖို့ အစိုးရနဲ့အတူ လက်တွဲဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း
(၁-၅-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော့်အနေဖြင့် မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အစိုးရရဲ့လုပ်ဆောင်ချက်များနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို လစဉ်အသိပေးတင်ပြနေကျအတိုင်း ယခုလမှာလည်း ယခင်လများနည်းတူ အသိပေးတင်ပြသွားမှာဖြစ်ပါတယ်။

ယခုနှစ် ကျွန်တော်တို့ရဲ့ရိုးရာသင်္ကြန်ပွဲတော်ဟာ အေးချမ်းပျော်ရွှင်စွာဖြင့်ပြီးမြောက်သွားခဲ့ပြီဖြစ်ပါတယ်။ သင်္ကြန်ရက်များအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သင်္ကြန်ပွဲကိုဆင်နွှဲနိုင်ဖို့အတွက် ကျွန်တော့်အနေဖြင့် မိဘပြည်သူများထံသို့ နှုတ်ခွန်းဆက်လွှာထုတ်ပြန်ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များနဲ့ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများရဲ့ စည်းကမ်းထိန်းသိမ်းပေးမှု၊ ပျော်ရွှင်စွာရေကစားကြသူများရဲ့ စောင့်ထိန်းလိုက်နာမှုများကြောင့် ယခုနှစ်သင်္ကြန်ပွဲတော်ဟာ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအနည်းဆုံးဖြင့် စည်ကားသိုက်မြိုက်စွာပြီးမြောက်သွားခဲ့ပါတယ်။

> **ပြည်တွင်းငြိမ်းချမ်းရေးရအောင် ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

ထူးခြားချက်တစ်ခုကတော့ ဒီနှစ်သင်္ကြန်ပွဲတော်မှာ မြန်မာနိုင်ငံရှိ သံရုံးအသီးသီးတို့မှ သံတမန်နှင့်မိသားစုများ၊ နိုင်ငံခြားခရီးသွားများပါ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြတဲ့အတွက် လူမျိုးဘာသာမခွဲခြားတဲ့ ကျွန်တော်တို့ရဲ့မွန်မြတ်တဲ့စိတ်ထားကို ပေါ်လွင်စေခဲ့ပါတယ်။ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ခဲ့ပြီးဖြစ်တဲ့အတွက် ယခုနှစ်သစ်မှာ စိတ်သစ်ကိုယ်သစ်ဖြင့် မိမိအကျိုး၊ အများအကျိုးနဲ့တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေကို စည်းလုံးညီညွတ်စွာဖြင့် အားကြိုးမာန်တက် သယ်ပိုးဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေဖြင့်တိုက်တွန်းအပ်ပါတယ်။

ယခုလအတွင်း ကျွန်တော့်အနေဖြင့် နိုင်ငံရေးပါတီ(၆၅)ပါတီအနက် (၆၃)ပါတီမှ ပါတီခေါင်းဆောင်များနဲ့ ရန်ကုန်မြို့မှာတွေ့ဆုံခဲ့ပါတယ်။ ပါတီခေါင်းဆောင်များနဲ့ တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပါတယ်။ ပါတီခေါင်းဆောင်များအနေနဲ့ ရရှိတဲ့အချိန်အတွင်း ၎င်းတို့ရဲ့ သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်။ တိုင်းပြည်အတွက် တူညီတာတွေကို ပူးပေါင်းလုပ်မယ်။ မတူတာတွေကို ညှိနှိုင်းဆွေးနွေးရင်းဖြင့် အဖြေရှာသွားကြမယ်ဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုများဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စမှာ ပါတီအသီးသီးအနေနဲ့ စိတ်အားထက်သန်မှုရှိနေတာကို သိရှိခဲ့ရပြီး ပါတီကြီး၊ ပါတီငယ်မခွဲခြားဘဲ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ နိုင်ငံတော်အစိုးရနဲ့အတူ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ယနေ့ မာတိကာ

ဂုဏ်ပြုထိုက်သည့် အလုပ်သမား
စာမျက်နှာ - ၂

အလုပ်သမားနေ့ကို မထွေး ကြို
စာမျက်နှာ - ၄

ကလေးအလုပ်သမားနှင့် ပြဋ္ဌာန်းချက်အမှတ်-၁၈၂
စာမျက်နှာ - ၆

ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်နောက်ဆုံး ပိုလ်လုပွဲတက်
စာမျက်နှာ - ၁၃

သီရိလင်္ကာမြောက်ပိုင်း၌ ရထားနှစ်စင်းတိုက်မိ လူ ၇၀ ထက်မနည်းဒဏ်ရာရ
စာမျက်နှာ - ၁၄

a';'vlu ef wif ajrmi frsm; w ,azmjc if vkf ef rjlusrl DD ef t ifwlt m;wlf qmifuf e

သပြေထွန်း

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် မိုးတွင်းကာလတွင် ရာသီဥတုဆိုးရွားမှုနှင့် ထူးကဲမိုးရွာသွန်းမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းတွင် နေရာအများအပြား ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်မှုများစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးနှင့် လျော့နည်းသက်သာစေရေးအတွက် တိုင်းဒေသကြီးအတွင်း ချောင်းကော၊ မြောင်းကောများ တူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေး တာတမံများ ပြုပြင်ခြင်း၊ လိုအပ်သော နေရာများတွင် ပန်းတာအသစ် တည်ဆောက်ခြင်း၊ ရေထိန်းတံခါးပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ မိုးမကျမီနှင့်မိုးရာသီအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်

နေပြည်တော် မေ ၁၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံနှင့် တွဲဖက်လုပ်ကိုင်မှုအဖွဲ့ (The Partnership Group on Myanmar) ပထမအကြိမ်အစည်းအဝေးကို မေ ၂၅ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီလည်း တက်ရောက်ခဲ့ပြီး ထိုသို့တက်ရောက်ခြင်းသည် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှု၏ အကောင်းဘက်သို့ ဦးတည်မှုဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကို ထင်ဟပ်နေခြင်းဖြစ်သည်ဟု အဆိုပါအစည်းအဝေး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်မှုကို အဆိုပါအဖွဲ့က လှိုက်လှဲစွာ ကြိုဆိုခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး စသည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများအပေါ် တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကိုလည်း ကြိုဆိုခဲ့ကြပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရန်လိုလားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများက ရခိုင်ပြည်နယ်အတွင်း အမုန်းတရားကို ပွားများစေသည့် ထုတ်ဖော်ရေးသားဟောပြောချက်များအပါအဝင် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော မည်သည့်လှုံ့ဆော်မှုများကိုမဆို နိုင်ငံတော်အစိုးရက ခိုင်မာပြတ်သားစွာ ဖြေရှင်းဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအခြေအနေအရ ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် နိုင်ငံတကာ အဖွဲ့အစည်းများကို တိုးမြှင့်ထားရှိသွားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြပြီး ကုလသမဂ္ဂနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)နှင့်
MPDC [Assumption University(ABAC) Myanmar Offshore Office]
တို့ ပူးပေါင်း၍ဖွင့်လှစ်သော
Certificate in Marketing Management(CMM)
အမှတ်စဉ်(၄)သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့်Myanmar Professional Development Center-MPDC@Assumption University(ABAC) Myanmar Offshore Office တို့ပူးပေါင်း၍Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၄ခုနှစ်၊ မေလ ၅ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ Cretificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်သင်ယူနိုင်ပြီး Assumption University of Thailand နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration (BBA)ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။

၅။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့်မိတ္တူ ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်မိတ္တူ၂စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။

ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၅E)၊ လူနေစက်မြေရပ်ကွက်၊ မြေကွက်အမှတ်(၁၉၆)၊ ထီးတန်းလမ်း၊ အိမ်အမှတ်(၅၇)၊ ဧရိယာ(၀. ၀၂၅)ဧက(၁၀၂၆)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်၌ မြောက်ဘက်အခြမ်းရှိ(၁၂၅×၄၅)ပေအကျယ်အဝန်းရှိ (၃)ထပ်တိုက်၏ မြေညီထပ်အခန်းအား ၂၅-၁-၂၀၁၁ရက်တွင် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် စီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီတာအေး[၁၂/ကမတ(နိုင်)၀၁၅၆၁၄]ထံမှ ကျွန်မ ဒေါ်နီနီ [၁၂/မရက(နိုင်)၁၃၁၃၀၁]သည် တရားဝင်စာချုပ်စာတမ်း(GP)များနှင့်တကွ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ယခုအခါ ကျွန်မ၏ ကျန်းမာရေးအခြေအနေများအရ သားသမီးများထံ၌ ဆေးဝါးကုသမှုများ ခံယူလျက်ရှိပါကြောင်းနှင့် ၎င်းတိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်နီနီ[၁၂/မရက(နိုင်)၁၃၁၃၀၁]
အမှတ်(၃)၊ ဦးအောင်ဘွင့်လမ်း၊ မရမ်းကုန်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၁၊ မြေကွက်အမှတ်-၁၁၈၃၊ မြေဧရိယာ(၀. ၀၇၅)ဧက၊ မြေအကျယ် ပေ(၅၅×၆၀)ရှိ ဦးဆန်သာရမ်း(ခ) အောင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအပါအဝင် သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ်-၁၁၈၃ဟုလိပ်စာတွင်သည့် (၃)ထပ်တိုက် အဆောက်အအုံတို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဆန်သာရမ်း(ခ) ဦးအောင်ဝင်း[၁၂/ဗတထ(နိုင်)၀၂၃၁၂၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေအချို့တစ်ဝက် ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၅၅၈)
အမှတ်-၉/၁၁၊ အခန်း-၃၀၆ (၄-လွှာ)၊ ၃၆-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၉၄၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၂၆၆၊ မြေကွက်တည်နေရာအမှတ်(၂၆၆)၊ သီဟိ(၁)လမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဦးကိုကိုအေး[၁၃/သပန(နိုင်)၀၄၂၇၇၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကိုကိုအေး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းဝင်း[၁/မကတ(နိုင်)၀၀၀၁၂၃]က တရားဝင် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အှတ် ၁၃၇၃(ခ)၊ ရာဇဓိရာဇ်လမ်း၊ (၇၁)ရပ်ကွက်၊ အိမ်နှင့်မြေကို ရောင်းချသူများဖြစ်သော ဦးတင်အောင်ကျော်[၁၂/မရက(နိုင်)၀၄၀၆၃၀]နှင့် ဒေါ်နီလာဝင်း[၁၂/ဥကတ(နိုင်) ၀၄၁၉၄၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရွှေလှိုင်တင်
BA, HGP, DL,(ဂုဏ်ထူး),D.B.L
(စဉ်-၅၉၇၈)
ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများ၊ ဥပဒေအကြံပေး
အမှတ်(၃၁)၊(ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉၅၀၅၈၉၀၇၊ ၀၉-၇၃၀၀၃၀၅၄၊ ၀၉-၄၂၁၁၀၆၈၂၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ တိုက်အမှတ်(၃၁)၊ ၈(B)လွှာဟုခေါ်သော တိုက်ခန်းသုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးဝင်းမင်း[၁၂/ဥကမ(နိုင်)၀၀၆၀၉၅]နှင့် ဒေါ်နီနီအေး[၁၂/ဥကမ(နိုင်)၀၀၆၀၉၆]တို့ထံမှ ကျွန်ုပ်မှ ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်ဟုန်မီဆိုး
[၁၃/တကန(နိုင်)၁၂၉၁၆၁]
(၆၁)ပထမထပ်၊ ဈေးလမ်း၊ စမ်းချောင်းမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၈၁)၊ (၂) ခန်းတွဲ၊ (၈)ထပ်တိုက်၏ ၈-လွှာ (ခြေရင်းခန်း)တိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်ထားရှိသူဖြစ်သည့် ဦးသက်ကိုအောင်[၅/ခဥတ(နိုင်)၀၅၇၃၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

K.Kအိမ်ခြံမြေ အကျိုးဆောင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဖုန်း-၀၉-၄၃၀၈၇၇၄၄
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သားမောင်ထက်အောင်လှိုင်[၁၂/အလန(နိုင်)၀၄၆၈၅၇]သည်မိဘများ၏ပဲ့ပြင်ဆုံးမမှုကို မနာခံဘဲ မိဘများအား အရှက်တကွဲဖြစ်အောင်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ သူ၏ဆန္ဒအတိုင်း နေအိမ်မှ အပြီးတိုင်ဆင်းသွားပါသဖြင့် ၂၇-၄-၂၀၁၄ရက်မှစပြီး ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း သူနှင့်ပတ်သက်သောကိစ္စအဝဝသည် မိဘများနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

အဖ - ဦးဘသန်းတင်[၆/ကသန(နိုင်)၀၂၈၆၁၃]
အမိ - ဒေါ်ယုယုနိုင်[၁၂/ရကန(နိုင်)၀၃၄၅၆၉]

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်စောသန့်[၁၄/သပန(နိုင်)၀၇၉၇၅၁]နှင့် ကျွန်မ မဆုဝေရည်သန့်[၆/ဘပန(နိုင်)၀၂၅၆၉၄]တို့နှစ်ဦးသည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ၅-၃-၂၀၁၄ ရက်တွင် တရားရုံး၌ တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာအပ်ပါသည်။

မောင်စောသန့်-မဆုဝေရည်သန့်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ(၂)လမ်း၊ အမှတ်(၂၅၆/က)ဟုခေါ်တွင်သော အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာတွင် တည်ရှိသည့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၅၆/က)၊ နှစ်(၆၀)မြေငှားဂရန် (အလျားပေ ၂၀× အနံပေ ၆၀) ဧရိယာ (၁၂၀၀)ရှိ ဂရန်အမည်ပေါက် ဦးလှိုင်(ခ)ဦးမောင်လှိုင်[၁၂/သကတ(နိုင်)၀၁၈၉၃၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)
ရှေ့နေနှင့် စာချုပ်စာတမ်းဥပဒေအကြံပေး
ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၂၅၄၀၀၅၀၈၂

Get US Degree, Any Major, University of Your Choice

▶ (၁၀) တန်းအောင်ပြီးတာနဲ့ အမေရိကန်မှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်/ကောလိပ်တွေမှာ တိုက်ရိုက်တက်ခွင့် ရမယ်ဆိုရင် ဘာကြောင့်သင်တန်းတွေ၊ Diploma Courses တွေ၊ Foundation Courses တွေကို အချိန်ကုန်၊ ငွေကုန်ခံပြီး တက်နေမလဲ ?

▶ ကုန်ကျစရိတ် သက်သာစွာဖြင့် မိမိကြိုက်နှစ်သက်ရာ Major ကို ရွေးချယ်ကာ (၄) နှစ်အတွင်း USA ဘွဲ့ကို ရယူနိုင်မည်ဖြစ်သောကြောင့် ကောလိပ်ဝင်ခွင့်အတွက် Counselor နှင့် (အခမဲ့) လာရောက်ဆွေးနွေးလိုက်ပါ ။

www.academictelesis.com

Call Us: 01- 527168 , 09- 255 901 718

No.73, (2nd Fl) Corner of Ma Po & Myaynigone Zay St, Sanchaung Ts.

Academic Telesis

Access Cherry Travels & Tours Co.,Ltd

Ph : 09-4305 3666, 09-2540718 70,01-400547

ရွှေဘုန်းပြည့် Travels & Tours

စင်ကာပူ	650$
ဘန်ကောက်	500$
သီရိလင်္ကာ ရွှေယံတော်	1250$
ကမ္ဘောဒီးယား	750$
ဗီယက်နမ်	750$

01-566101, 09-73060048, 09-2011313, 09-421014616

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်လွင်ကိုင်ဆောင်ထားသော ပတ်စ်ပို့စ်အမှတ် M-093006 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၀၁၅၁၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈)၊ တိုးချဲ့(၄)၊ လူနေရပ်ကွက်အမှတ်(၁၆၈)၊ မြေကွက်အမှတ် (၃)၊(၄)၊(၅)၊ အလျားပေ၄၀×အနံ၆၀ပေ အသီးသီးရှိပါမစ်မြေကွက်(၃)ကွက်ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုင်းယဉ်မောင်[၁၃/မကန(နိုင်)၀၀၀၀၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထား စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ကျော်ဦး(LL.B) (စဉ်-၈၇၅၄) တရားလွှတ်တော်ရှေ့နေ
တိုက်(၉/၁၁)၊ အခန်း -၃၀၆၊ ၃၆-လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၈၂၄၄၊ (လိုင်းခွဲ)၃၀၆၊ ၀၉-၇၃၀၃၃၉၈၁

CALIFORNIA UNITEC

edexcel

BTEC HND Higher National Diploma in Civil Engineering

Civil Engineering

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 558 5558, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec

မီး သတိပြု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံ၊ ၁၀/၅၁၃ အမည်ပေါက် ဒေါ်ခင်ခင်ညို မှလည်းကောင်း ရန်ကုန်မြို့၊ ရွှေပေါက်ကံ၊ ၁၀/၅၁၄ အမည်ပေါက် ဒေါ်ထွေးညိုထံမှ ကျွန်မ ဒေါ်နှောင်းဝဿန်မှ ဝယ်ယူထားပြီးဖြစ်ပါသည်။ ပြန်လည်ရောင်းချရန်အတွက် ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း စာရွက်မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နှောင်းဝဿန်
[၁/ဗမန(နိုင်)၀၄၆၇၂၃]

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တာမွေမြို့နယ် တရားမရုံးတော်၌

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂

ဦးထွန်းလင်း	နှင့်	၁။ ဦးသန်းရွှေ
		၂။ ဦးဘရွှေ(ခ)ဦးတင်ထွန်း
		၃။ ဒေါ်တင်ဦး
ဒီကရီအနိုင်ရသူ		**တရားရှုံး**

(၂-တရားရှုံး) ဦးဘရွှေ(ခ)ဦးတင်ထွန်း တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၄)လမ်း၊ အမှတ်-၁၆ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးထွန်းလင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ ခုနှစ် မေလ ၁၄ ရက်၊ (၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ်၊ ဧပြီလ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းငွေ)
(တ/၂၄၈၃)
တွဲဖက်မြို့နယ် တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

လူပျောက်ကြော်ငြာ

မောင်မောင်လွင် အသက်(၂၁)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်)

အမှတ်(၇၀၆)၊ ဘုရင့်နောင်လမ်း၊ ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၃၁၃၅၅၀၀၁၊ ၀၉-၇၃၀၃၀၃၉၈၊ ၀၉-၂၅၄၃၁၂၂၅၅

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဒု-ခရိုင်(၁)တရားရုံး၏တရားမကြီးမှုအမှတ်-၁/၂၀၁၄အမှုမှ တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်- ဦးစိုးညွှန့် [၁၂/ဥကမ(နိုင်)၀၅၁၈၆၇]၏ ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တရားမကြီးမှုတွင် တရားလိုများက တရားစွဲဆိုထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျောက္ကဒင်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်-၄/၂၊ ကွင်းအမှတ်-၁၀၀၈၊ ငွေးကုန်းကွင်းရှိ ရဲမွန်တပ်မြို့၊ ကြာကန်လမ်းသစ်၊ ဧရိယာ(၁၁. ၃၆)ဧက ပမာဏရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အလုံးစုံတို့နှင့် စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဒု-ခရိုင်(၁)တရားရုံး၏ တရားမကြီးမှုအမှတ်-၁/၂၀၁၄အမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်းဥပဒေ(၁)အရ ယာယီတားဝရမ်း ထုတ်ဆင့်သည့် အမိန့်တစ်ရပ်ကို ၁၇-၃-၂၀၁၄ရက်က ချမှတ်ထားပါသည်။

အဆိုပါယာယီတားဝရမ်းအမိန့်အတည်ဖြစ်နေသရွေ့ အတောအတွင်း မည်သူတစ်ဦးတစ်ယောက်ကမျှ အချင်းဖြစ်မြေကွက်ကိုဖြစ်စေ၊ မြေကွက်၏အစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ထပ်တိုက်အဆောက်အအုံကိုဖြစ်စေ၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ယုတ်လျော့ပျက်စီးအောင်ပြုမူဆောင်ရွက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့်(LL.B)	**ဒေါ်နီနီလွင်(LL.B,D.B.L)**	**ဦးသူရိန်မြင့်(LL.B)**
(စဉ်-၆၀၃၇)	**(စဉ်-၈၉၆၃)**	**(စဉ်-၉၅၂၁)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၉၀၊ (မြေညီထပ်)၊ လမ်း-၄၀(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နေ့စဉ်သတင်းစာများတွင် စာဖောင်များစီစဉ်တကျ ညှပ်သွင်းခြင်းလုပ်ငန်းအတွက်လုပ်ငန်းရှင်များဖိတ်ခေါ်ခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမှ နေ့စဉ်ပုံနှိပ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သတ်မှတ်ချိန်အတွင်း စာဖောင်များ စီစဉ်တကျညှပ်သွင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူ လုပ်ငန်းရှင်များ အောက်ဖော်ပြပါ လိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခအား နှစ်ဖက်ညှိနှိုင်းပေးချေသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသူ (၁)ဦးထက်ပိုပါက ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာတည်းမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမြို့
၂၀×၂၁လမ်းကြား၊ ၈၂×၈၃လမ်းကြား
ဖုန်း-၀၂-၇၃၂၁၉

ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်/ခရိုင်/မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်-

(က)တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၈-၄-၂၀၁၄ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၂၇-၅-၂၀၁၄ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ	-	ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ တောင်ကြီးမြို့။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
တောင်ကြီးမြို့။
ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄

ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်းဒေးရှင်း (၁၁)နှစ်ပြည့်အထိမ်းအမှတ်ဓမ္မပူဇာသဘင်

၁။	သိမ်တော်ကြီးဆရာတော်အရှင်ကုမာရ	၁-၅-၂၀၁၄
၂။	မွန်ကျောင်းဆရာတော်အရှင်ပညာသီရိ	၂-၅-၂၀၁၄
၃။	ညောင်ပင်သာဆရာတော်အရှင်မာလာစာရ	၃-၅-၂၀၁၄
၄။	ဆင်ဖြူတောင်ဆရာတော်အရှင်ဂုဏိန္ဒ	၄-၅-၂၀၁၄
၅။	အောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ	၅-၅-၂၀၁၄
၆။	ဓမ္မဒူတတောရကျောင်းဆရာတော် ဒေါက်တာအရှင်ပညိဿရာဘိဝံသ	၆-၅-၂၀၁၄

အချိန် - ညစဉ် ၇း၃၀ နာရီ

နေရာ - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်

ဆက်သွယ်လှူဒါန်းရန် - ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း၊
သိမ်ကြီးဈေးစီရုံ၊အဆောင်(၄)ပထမထပ်
ဖုန်- ၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၃၆၃၈၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာ(၇)မျိုးနှင့် ရုံးသုံးပရိဘောဂ(၈)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Lap top Computer Accer Core i7	၂ လုံး
(ခ)	Digital Copier, Bizhub 164	၁ လုံး
(ဂ)	Digital Colour printer, Magiclor 1600W	၂ လုံး
(ဃ)	Canon Scanner Model Lide-210	၃ လုံး
(င)	Plastic Binding A4,Combind C75	၃ ခု
(စ)	Hole Punch, Rexel HD 2300	၃ ခု
(ဆ)	Trimmers, Rexel CL 410	၁ ခု
(ဇ)	Officer Table(5'×3'×2.5')(ကြိတ်သား)	၂ လုံး
(ဈ)	Officer Chair (ဆုံလည်လက်တန်းပါ)	၂ လုံး
(ည)	Computer Table (42"×20"×30")(ကြိတ်သား)	၂ လုံး
(ဋ)	Computer Chair (ဆုံလည်လက်တန်းပါ)	၂ လုံး
(ဌ)	Box File(3'×40"×1')(၁၀ကန့်)	၅ လုံး
(ဍ)	Steel Cabinet (Leeco)(၄)ဆင့်	၁ လုံး
(ဎ)	Staff Table(4'×2.5'×2.5')(ကြိတ်သား)	၃ လုံး
(ဏ)	Staff Chair (ဆုံလည်လက်တန်းပါ)	၃ လုံး

၂။ တင်ဒါပိတ်မည့်ရက် - ၈-၅-၂၀၁၄ရက် (ကြာသပတေးနေ့)(၁၆း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဝယ်ယူစိစစ်ရေးအဖွဲ့
ပို့ဆောင်ရေးဦးစီးဌာန
ရုံးအမှတ်(၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၈၊ ၀၆၇-၄၁၁၄၁၇ (နေပြည်တော်)

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SHENG SHI V.58 သင်္ဘောသည် ၃-၅-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇
ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၁၅၁အား ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦးကျော်မျိုးညွန့် [၅/မရန(နိုင်) ၀၀၀၃၉၆] (ဘ)ဦးညွန့်တင်သည် အမှတ်(၂၀)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ဦးစိုးမင်းသူ[၁၄/ငပတ(နိုင်)၁၆၄၄၉၂] (ဘ)ဦးရွှေအင်း အမှတ်(၂၃/အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI ၁၅၁ကို ၂-၁-၂၀၁၃ရက်တွင် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းမှာ အသုံးမလိုအပ်တော့ပါသဖြင့် ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့မှ ဦးစိုးမင်းသူသိရှိရန်နှင့် ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း။

ဦးကျော်မျိုးညွန့် [၅/မရန(နိုင်)၀၀၀၃၉၆]
အမှတ်(၂၀)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
(၁)	စာသင်ဆောင်(၁)ထပ်ဆောင်ဆောက်လုပ်ခြင်း ပေ(၁၂၀×၄၃×၁၄) RC (ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့)	၁

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၅-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက် - ၂-၆-၂၀၁၄ ရက် ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၅၅-၃၀၄၁၃ နှင့် ၀၉-၃၁၁၉၅၅၁၄ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးသိပ္ပံ-သာယာဝတီမြို့

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်(၁၆၇)၊ မြေကွက်အမှတ်(၁၆၈)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ပါမြေကွက်သည် ၂၀၀၄ခုနှစ် မတ်လမှစ၍ (၁)ဦးလှထွန်းအောင်၊ (၂)ဒေါ်မိုးမိုးခိုင်၊ (၃)ဒေါ်မေသက်ခိုင်တို့ သုံးဦးပူးတွဲအမည်ပေါက် ပိုင်ဆိုင်ကြပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိပါ။ ထိုမြေကွက်နှင့်ပတ်သက်၍ အထက်အမည်ပါ သုံးဦး၏ တရားဝင်ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း စသောတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရန် အသိပေးအပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူတို့ကို တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှထွန်းအောင်၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်မေသက်ခိုင်
အမှတ်(၉၆)၊ မြို့မလမ်း၊ ပခုက္ကူမြို့
ဖုန်း - ၀၉-၈၆၀၁၈၇၆၊ ၀၉-၂၃၀၀၉၇၀၊
၀၆၂-၂၁၂၇၇၊ ၂၂၄၈၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၈/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-001(14-15)	Skid Mounted Water Transfer Pump with Motor Driven (700gpm, 700 ft head)	US$
(၂)	IFB-002(14-15)	API Class 'G' Cemeny (1,000)Ton	US$
(၃)	IFB-003(14-15)	Spare for HDD Rig	US$
(၄)	IFB-004(14-15)	Spares for Rig Engine/Rig Pump Ex HDD Rig	US$
(၅)	IFB-005(14-15)	Assorted Sizes of Drilling Rock Bits	US$
(၆)	DMP/L-001(14-15)	B-40, B-60 & B-80 Shale Shaker Screens	KS
(၇)	DMP/L-002(14-15)	CCTV Camera and Accessories	KS
(၈)	DMP/L-003(14-15)	18R 22.5-20 PR Radial Tyre Complete Set and 20.5×25-24 Ply Tyre	KS
(၉)	DMP/L-004(14-15)	6.0 Sqmm Wire Cable and Heat Shrink Tube	KS
(၁၀)	DMP/L-005(14-15)	9 5/8" Float Shoes and Collars (P-110,53.5 lb/ft)	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/င၊ မြေကွက်အမှတ် ၂၀/က၊ မြေကွက်တည်နေရာအမှတ်-၃၂၄/ခ၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်၊ (ဦးလှဝင်း)အမည်ပေါက် B.မြေပိုင် လ/န ၃၉ ရပြီးမြေအား အမည်ပေါက် ဦးလှဝင်းကွယ်လွန်သဖြင့် ဒေါ်စန်းရီ [၁၂/အစန(နိုင်) ၁၂၀၆၁၀]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၇၇၆)၊ ပိုလ်အောင်ကျော်လမ်း၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိသော ဂရန်မြေကွက်အား ဝယ်ယူပြီးဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ မြေကွက်အား ဒေါ်စောဝင်း[၁၂/သဃက(နိုင်) ၀၅၄၁၇၈]ထံမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ပြောဆိုသဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်သည်။ ဒေါ်စောဝင်းမှလည်း ကျွန်ုပ်မိတ်ဆွေအား ၉-၁၀-၂၀၁၃ရက်စွဲဖြင့် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၃၄၃/၂၀၁၃ဖြင့် လွှဲထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်မှုရသည်အထိ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လဲ့လဲ့ဝင်းဟန်(LL.B)	**ဒေါ်ခင်နှင်းအေး(LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၆၃)	**အထက်တန်းရှေ့နေ(စဉ်-၃၅၂၆၇)**

ဖုန်း-၀၉-၅၀၀၆၈၄၃
တိုက်၉/၁၁၊ အခန်း(၁၀၁-A)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ လူနေရပ်ကွက် အမှတ် (-)၊ နွယ်နီ(၄)လမ်း၊ မြေကွက်အမှတ်(၃၈၆ဂ)၊ အလျားပေ ၂၀ × အနံပေ ၆၀ ရှိ ဦးအုံးဟန်(AD- 000366)နှင့် ဒေါ်လှညွန့်(MUN- ၁၂၂၈၃၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပိုင်ရှင်ဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းငွေ [၁၂/မရက(နိုင်)၀၆၂၅၈၈] (TPN-048697)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထွေးကြည် [၁၂/ဥကမ(နိုင်)၀၁၃၄၃၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသိမ်း B.A (Law); LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၄)
အမှတ်(၄၅၂)၊ ဗိုလ်မင်းရောင်လမ်း၊
(၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁၈၆၉၅၇

စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်း
တိုးချဲ့ကွန်ကရစ် လမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ၊ (၁၁)ပါးမြောက် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ကုန္ဒပါလနှင့် တိပိဋကရေဆရာတော် အရှင်ကုန္ဒာ စရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက် လမ်းဖောက်စသည့် သာသနာပြုပရဟိတကိစ္စများကို ဆရာတော်ကြီး ဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ တိုးချဲ့ကွန်ကရစ် လမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၁)	ကတ္တရာတစ်ပေပါလျှင်	ကျပ် ၇၀၀၀၀/-
(၂)	ကျောက်ကြီးတစ်ကျင်းလျှင်	ကျပ် ၈၀၀၀/-
(၃)	ကျောက်လတ်တစ်ကျင်းလျှင်	ကျပ် ၈၀၀၀/-
(၄)	ကျောက်သေးတစ်ကျင်းလျှင်	ကျပ် ၁၀၀၀၀/-
(၅)	မြေတစ်ကျင်းလျှင်	ကျပ် ၄၀၀၀/-
(၆)	ဘိလပ်မြေတစ်အိတ်	ကျပ် ၆၀၀၀/-

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁) တိ-နိမန္တလေးဌာန၊ ၁၉/၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၁၉၀
(၂) တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ဖုန်း-၀၂-၆၀၄၉၅
(၃) တိ-နိရန်ကုန်ဌာန၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၂၂၂၂၇၇/၇၈/၇၉၊ ၂၁၀၉၈၈၊ ၂၁၁၁၉၂

အမှုဆောင်အဖွဲ့
တိ-နိ

အနှစ် (၂၀)မြောက် မင်္ဂလာဆုတောင်း

Capt. ဗညားစိုး-သက်နှင်းလှိုင် ချစ်ခင်ရသော ဗညားနှင့်သက်ကြီးတို့၏ ၁-၅-၂၀၁၄ရက်(မေဒေးနေ့)တွင် ကျရောက်သည့် အနှစ်(၂၀)မြောက် လက်ထပ်မင်္ဂလာမှသည် မင်္ဂလာနှစ်ပေါင်းများစွာကို သားကြီး မင်းခန့်ဗညား၊ သမီးငယ် အင်ကြင်းပွင့်သက်နှင်းတို့နှင့်အတူ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနိုင်ပါစေ---

မြန်မာစာဌာနမှ သူငယ်ချင်းများ
နွယ်နွယ်လတ်၊ သန်းသန်းလှိုင်
ဇင်မာသန်း(ရာသက်ပန်-တောင်ငူဆောင်)
ထွေးထွေးအောင်သိန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၃၄၆/က)၊ မြေကွက်တည်နေရာအမှတ်(၃၄၆/က)၊ သီတာလမ်း (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးအုံးစိန်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးအုံးစိန်)ကွယ်လွန်သဖြင့် ဒေါ်တင်ညွန့်[၁၂/ဥကတ(နိုင်)၀၄၀၁၃၅]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ-၂၇၀၄၈(၂၇-၁၂-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်နှင်းဝတ်ရည်အေး [၁၀/သဖရ(နိုင်)၀၈၆၂၇၆]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၆၀(၉-၁-၂၀၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန် ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ၁)၊ မြေကွက်အမှတ်(၄/၂၀၆)၊ မြေကွက်တည်နေရာအမှတ်(၄/၂၀၆)၊ ကာယ (၁၁)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်မေပြုံးထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်စန်းစန်းအောင် [၁၂/လမန(နိုင်)၀၂၆၉၀၁]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၇၆-က၊ မြေကွက်တည်နေရာအမှတ်(၇၆/က)၊ ရောဝဏ်လမ်း(၇)၊ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ ဦးစောလွင်၊ ၂။ ဒေါ်လှသိန်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်(၁)ဦးဖြစ်သူ ဒေါ်လှသိန်း (ဇနီး)ကွယ်လွန်ဖြင့်ကျန်အမည်ပေါက်ဦးစောလွင် (ခင်ပွန်း) [၁၂/သကတ(နိုင်)၀၈၁၁၇၂] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၃၅၄/၁၄ရသူ ဦးဂျိုးဇက်[၁၂/မဂတ(နိုင်)၀၇၃၃၉၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉၇)၊ ကျောက်တန်းကွင်း၊ မြေကွက်အမှတ်(၁၇၄)၊မြေကွက်တည်နေရာအမှတ်(၁၇၄)၊ ရွှေနံ့သာ ကျေးရွာအုပ်စု၊ ဘားလား၊ ရွှေနံ့သာသစ်ခွရွာအတွင်းရှိမြေကွက်အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချထားပေးသောသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ရရှိထားသူ ဗိုလ်မှူးချုပ်ထွန်းထွန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဗိုလ်မှူးဝင်းထင်အောင်(ငြိမ်း)[၉/ မရတ(နိုင်)၀၀၃၂၆၃]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးကျေးရွာအုပ်စု၊ အုပ်စုရေးမှူး ထောက်ခံချက်လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်တို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၄)၊ မြေကွက်တည်နေရာအမှတ်(၄)၊ နဝရတ်(၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးတင်စိုး)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်စိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်မြင့်[၁၂/သကတ(နိုင်)၀၈၆၆၁၄]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၃၃၈/၁၄(၁၃-၂-၂၀၁၄)ရရှိသူ ဦးနိုရ်မာမောက်[၁၂/တမန(နိုင်)၀၉၉၃၃၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄/မြို့သစ်)၊ မြေကွက်အမှတ်(၃၂၁)၊ မြေကွက်တည်နေရာအမှတ်(၃၂၁)၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးပါ)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပါ (ဖခင်) ဒေါ်မြတင်(မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးကျော်ရွှေတို့ ကွယ်လွန်သဖြင့် သား၊ သမီး၊ ချွေးမများဖြစ်ကြသော ဦးကျော်ငွေ[၁၂/ဒပန(နိုင်)၀၀၂၂၆၉]၊ ဒေါ်သန်းသန်းဌေး[၁၂/ပဇတ(နိုင်)၀၁၈၇၄၈]၊ ဦးကျော်ကျော်[၁၂/ပဇတ(နိုင်)၀၁၈၄၉၄]နှင့် ဒေါ်ခင်အေးမြင့်[၁၂/ဒပန(နိုင်)၀၀၂၁၆၁]တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မြေကွက်ကျယ်ငှားရန်ရှိသည်

လှိုင်၊ ဗဟိုလမ်းမကြီးဘေးတွင် တည်ရှိသော မျက်နှာစာ ပေ ၂၄၀ ခန့် မြေကွက်ကို နှစ်ရှည်ငှားမည်၊ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများသာ ဆက်သွယ်ပါရန်။ ပွဲစားမလိုပါ။

ဖုန်း-၅၁၂၈၂၂၊ ၀၉ ၅၁၅၁၁၄၄

အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၁၇၅၅၁အား ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဒေါ်ခင်မျိုးဦး [၉/မလန(နိုင်)၀၉၅၁၉၇] (ဘ)ဦးကိုဦးသည် အမှတ်(၂၆/အေ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးမင်းသူ[၁၄/ငပတ(နိုင်)၁၆၄၄၉၂] (ဘ)ဦးရွှေအင်း အမှတ်(၂၃/အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI ၁၇၅၅၁ ကို ၁-၁၁-၂၀၁၂ရက်တွင် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းမှာ အသုံးမလိုအပ်တော့ပါသဖြင့် ၎င်းအထွေထွေ ကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့မှ ဦးစိုးမင်းသူသိရှိရန်နှင့် ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း။

ဒေါ်ခင်မျိုးဦး[၉/မလန(နိုင်)၀၉၅၁၉၇]
အမှတ်(၂၆/အေ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဂေါ်သကလမ်းနှင့် ဒါနလမ်းထောင့်၊ အမှတ်(၁၄)၊ (ပထမထပ်)လမ်းဘက်ခြမ်း၊ အကျယ်အဝန်း ပေ(၁၄×၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်သန်းသန်းဝင်း[၆/မအရ(နိုင်)၀၄၁၃၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းပိုင်ဆိုင်မှုကို တရားဝင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးချစ်(LL.B) ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊ လမ်းမတော်၊ ဖုန်း-၀၁-၂၂၇၅၀၀၊ ၀၉၅၁၀၇၅၄၇

အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်VI-၆၀၈၉အား ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဒေါ်သူသူအိဟန်[၅/မရန(နိုင်)၀၀၃၈၁၅] (ဘ)ဦးညွန့်တင်သည် အမှတ်(၂၄)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးမင်းသူ[၁၄/ ငပတ(နိုင်)၁၆၄၄၉၂] (ဘ)ဦးရွှေအင်းအမှတ်(၂၃/အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI ၆၀၈၉ကို ၁၀-၄-၂၀၁၃ရက်တွင် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းမှာ အသုံးမလိုအပ်တော့ပါသဖြင့် ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့မှ ဦးစိုးမင်းသူသိရှိရန်နှင့် ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း။

ဒေါ်သူသူအိဟန် [၅/မရန(နိုင်)၀၀၃၈၁၅]
အမှတ်(၂၄)၊ အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈/ပုဗ္ဗသီရိရပ်)၊ ဝဏ္ဏဒီပရပ်ကွက်၊ ပေါင်းလောင်းလမ်း၊ မြေကွက်အမှတ်(ပ/၃၁၆၅၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိမြေကွက်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာတွင် တည်ရှိသည့်ဖော်ပြပါမြေကွက်ကို အဆက်အစပ်စာချုပ်အရ လက်ရှိပိုင်ဆိုင်သူ ဦးရွှေမင်းမောင်[၁၀/သထန(နိုင်)၁၃၀၄၉၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဦးတင့်ဇော်ညွန့်[၁၂/လမတ(နိုင်)၀၁၈၇၀၈]ကစရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင့်ဇော်ညွန့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သန္တာညွန့်(LL.B)	**စစ်ကိုင်း-ဦးငွေသန်း(LLB)**
အထက်တန်းရှေ့နေ(စဉ်-၃၅၂၇၂)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၇၄/၈၄)**
ဖုန်း-၀၉-၄၅၀၀၃၆၂၇၂	**ဖုန်း-၀၉-၄၂၁၁၇၆၅၉၂**

အမှတ်(၉/၁၁)၊ ၄-လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျွန်းကြီး ကျေးရွာတွင် နေထိုင်သော အဖ ဦးအောင်ကြည်သောင်း အမိ (ဒေါ်ဝင်း)တို့၏သား မောင်ရဲနိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/မမက(နိုင်) ၁၆၀၉၉၇]ကိုင်ဆောင်သူသည် မိဘတို့သဘောမတူ ခွင့်မလွှတ်နိုင်သောကိစ္စအား ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှ ကျွန်ုပ်တို့မိသားစုနှင့် မသက်ဆိုင်တော့ကြောင်း ကြော်ငြာအပ်ပါသည်။

အုပ်ထိန်းသူ
ဦးအောင်ကြည်သောင်း

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဦးကြည်ဖြိုးလွင်(ဘ)ဦးမြင့်စိန်[၁၂/ပဇတ(နိုင်)၀၃၅၅၉၅]၏ဇနီး ဒေါ်ပြည့်ဖြိုးသူ (ဘ)ဦးကျော်မြတ်စိုး[၁၂/ဒဂမ(နိုင်)၀၃၀၅၈၄]သည် မိမိ၏သဘောဆန္ဒအလျောက်နေအိမ်မှ (၂၀၁၂ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်း)အကြိမ်ပေါင်းများစွာ ဆင်းသွားခဲ့ရာ(၃)နှစ်အရွယ်သမီးကလေးကိုလည်း မိခင်မေတ္တာမဲ့စွာဖြင့် ရက်စက်စွာစွန့်ထားပစ်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပြီး ခင်ပွန်းနှင့်လည်း လုံးဝဆက်သွယ်မှု မပြုလုပ်ခြင်းများကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်ဖြိုးလွင်(ဘ)ဦးမြင့်စိန်
[၁၂/ပဇတ(နိုင်)၀၃၅၅၉၅]



လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

(ကျောက်တော်ကြီးဘုရား)

(၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်မင်္ဂလာ

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အောင်လှရိပ်သာလမ်းနေ
ဦးတင်မောင်ဦး-ဒေါ်ခင်မိုးသူတို့၏ တစ်ဦးတည်းသောသား

မောင်သဒ္ဒါဝင့်လှိုင်

B.Sc (Physics), B.Tech(E.P), B.E(E.P)

နှင့်

မြစ်ကြီးနားမြို့၊ သီတာရပ်နေ
